BB Media

# Bullet

## News Journal

Bullet Media

အတွဲ (၁)၊ အမှတ် (၂၂) ဘုလက်ကျည်ဆန်ကင်းဝေးဖို့ ငြိမ်းချမ်းရေးကိုရှေးရှုစို့ ၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း (၂)ရက် (၁ - ၁၂ - ၂၀၁၆) ကြာသပတေးနေ့တိုင်းထုတ်ဝေသည်

# ဟောဒီဘက်က ယူကြဦးမလား လူ့အခွင့်အရေး

အနောက်အုပ်စု၏အသံဖြစ်သည့် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုသည့် ဝါဒဖြန့်စကားတို့မှာ စာ - ၃ သို့

# သူရကျော်ကျော်ချိုတအုပ်ကိုဗတ်ရင်း အလွမ်းတွေဝေမိတယ်

ရန်သူ့အမြောက်ကျည်တွေ တဝုန်းဝုန်းကျ၊ လက်နက်ငယ် ကျည်ထိပ်ဖူး တရွှီးရွှီးကြားမှာပဲ စာ - ၂၂ သို့

# သက်ငယ်မုဒိမ်း ဘယ်လိုရှင်းမလဲ

ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် သေဒဏ်အပြစ်ပေးရန် ဥပဒေကို ပြင်ဆင်ရလျှင်ဖြင့် စာ - ၈ သို့

# မူမမှန်သည့်အယူခံကိစ္စ တိုက်ကြီးမြို့နယ် USDP ရုံးတွင် ရှင်းလင်းပွဲကျင်းပ

လဝကဝန်ကြီးဌာနရဲ့ မှတ်ချက်တစ်ခုတည်းအပေါ် အထောက်အထားပြုပြီး စာ - ၆ သို့

# အင်းသားကြီးများ၏ ဥပဒေမဲ့လုပ်ရပ် ဝါးခယ်မဒေသခံလူမှုဘဝများအပေါ် ရိုက်ခတ်

အင်းသားကြီးများ၏ စည်းကမ်းမဲ့ လုပ်ဆောင်မှုကြောင့် စာ - ၁၀ သို့

# တိုင်းပြည်ပျက်ရင် ဒုက္ခ

လူမျိုးရေး မခွဲခြားပါဘူး။ ဒါပေမဲ့ အစွန်းရောက် မျိုးနွယ်တွေ ထုထပ်လာရင် စာ - ၁၁ သို့

# အောက်ခြေပါတီယန္တရား အသိဆင့်ပွားသတိထား

ပါတီစုံဖြစ်၍ လူစုံတက်စုံနဲ့ ပြည်သူ့ထံမှတ်ကျောက်တင် အရွေးခံကြရမှာဖြစ်တာမို့ စာ - ၁၂ သို့

# နိုင်ငံ့ဝန်ထမ်းများသို့ မှာတမ်း

ဝန်ထမ်းဘဝမှာ မိမိအပါအဝင် ဇနီး၊ သား သမီးတွေဟာ မိဘိုင်းဖုန်းကိုယ်စီ ကိုင်ဆောင်အသုံးပြုကြတာဖြစ်သင့်ပေမယ့် စာ - ၂၁ သို့

www.free4reader.com

# ဥပဒေမဲ့ပြုမူလုပ်ဆောင်သူ အင်းသားကြီးကို ဥပဒေအတိုင်း လုပ်ဆောင်နိုင်ရေး ဝန်ကြီးချုပ်အပါအဝင် ပြည်ထောင်စုဝန်ကြီးများထံ တင်ပြအကူအညီတောင်းခံ



ဝင်းဦး

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ငါးခယ်မမြို့နယ် ဘွတ်တန်းကျေးရွာနေ အခြေခံဆင်းရဲသား တောင်သူလယ်သမားများက အင်းသားကြီးတစ်ဦး၏ ဥပဒေမဲ့လုပ်ရပ်ကြောင့် နှစ်ပေါင်း ၂၀ ကျော်ခံစားလာရသော ၄င်းတို့၏ ဒုက္ခများကို ကူညီဖြေရှင်းပေးရန် နိုဝင်ဘာ ၂၈ ရက်တွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများထံတင်ပြ အကူအညီတောင်းခံလိုက်ပြီဖြစ်ကြောင်းသိရသည်။

ငါးခယ်မမြို့နယ် စပါးရိ-မက်-အိုင်ကညင်အထက်မက်-အိုင်က ညင်အောက်မက်-မိုးပွါးကြီးအင်း-မိုးပွားလေးအင်း-ကျုံကနူးအင်း-စပါးရိ ကျုံ ရစ်အင်းများတွင် လေလံအောင် အင်းသားကြီး၏ဥပဒေမဲ့လုပ်ရပ်များကြောင့် ဒေသခံများမှာ အခက်အခဲကြုံ တွေ့လာရသည့်အတွက် ယခုလိုတင်ပြ အကူအညီတောင်းခံ ရခြင်းဖြစ်သည်ဟု ဒေသခံများက ဆိုသည်။

''အင်းသားကြီးရဲ့ ဥပဒေမဲ့လုပ်ရပ်တွေကတော့တရားဝင်ခွင့်ပြုချက်မရှိဘဲ လျှော့ချငါးဖမ်းယူတာ၊ ဆည်များနှစ်ထပ်ပိတ်ဆို့ထားတာ၊ လျှောချပိုက်ခံ ငါးဖမ်းတာ၊ အများပြည်သူသွားလာရခက်ခဲအောင် ချောင်းဧရိယာ အကျယ်ရဲ့ သုံးချိုးနှစ်ချိုးကျော်လောက်အထိ ဗေဒါပင်တွေ မွေးထားတာနဲ့ ဒေသခံတွေအကျိုးကို မကြည့်ဘဲ သူ့ကိုယ်ကျိုးအတွက်တစ်ခုတည်းကြည့်ပြီးလုပ်နေတဲ့ ဥပဒေမဲ့လုပ်ရပ်တွေကို နိုင်ငံ့အကြီးအကဲတွေသိအောင် ကူညီဖြေရှင်းပေးနိုင်အောင် တင်ပြတိုင်ကြားရတာဖြစ်တယ်''ဟု ဘွတ်တန်းကျေးရွာ ရေသယံဇာတနှင့် ငါးရစ်ငါးသန့်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင် ဦးမောင်မောင်ညွန့်က ပြောသည်။

ဆည်များနှစ်ထပ်ပိတ်ဆို့ခြင်း၊ လျှောချ ငါးဖမ်းခြင်းတို့သည် ငါးသားပေါက်လေးများကို ပိတ်ဆို့ဖမ်းဆီးနိုင်သည့်အတွက်ရေသယံဇာတနှင့် ငါးမျိုးသုဉ်းပြုန်းတီးခြင်းများ ဖြစ်ပေါ်နိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနမှ ချမှတ်ထားသော မူလအင်းစည်းကမ်းများနှင့်မညီညွတ်သော ဥပဒေမဲ့လုပ်ရပ်ဖြစ်သည်ဟု ၄င်းကဖော်ပြသည်။

''ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၅ ရက်က တိုင်းဒေသကြီး စိုက်ပျိုးရေး မွေးမြူရေး၊ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးနဲ့ သက်ဆိုင်ရာဌာနတွေကို တင်ပြတိုင်ကြားခဲ့လို့ လမ္ပတ္တာခရိုင်၊ ငါးလုပ်ငန်းဦးစီးမှူးဦးဆောင်တဲ့ အဖွဲ့လာရောက်လေ့လာသွားခဲ့တယ်။ မျက်မြင်တွေ့သွားတယ်။ နောက်ထပ်တိုင်ကြားသူတွေကို ခေါ်ယူပြီးစစ်ချက်ယူတယ်။ အထက်ကိုတင်ပြပေးမယ်လို့ပြောသွားတယ်။ ဘာမှထူးခြားမလာလို့ အခုလိုထပ်မံတိုင်ကြားရတာဖြစ်တယ်''ဟု ဘွတ်တန်းကျေးရွာဒေသခံတို့ကပြောသည်။

အဆိုပါ အင်းသားကြီး၏ ချောင်းအတွင်း ဗေဒါများမွေးမြူထားခြင်းကြောင့် ယခုအခါ တချို့နေရာများတွင် လှေနှစ်စင်းပင်လွတ်လွတ်ကင်းကင်း သွားလာနိုင်သည့် အခြေအနေမရှိတော့ကြောင်း၊ ဒေသခံများက ထည့်သွင်းပြောကြားသည်။

**''ဗေဒါပင်တွေကို မဖယ်ရှားရဲဘူးဗျ။ သွားဖယ်တဲ့သူဆိုရင် သူတို့က ပုဒ်မတစ်ခုခုတပ်လိုက်တယ်။ ပြီးတော့ စက်တပ်သမ္ဗန်နှစ်စင်းရှောင်တိမ်းလို့မရတဲ့ နေရာတွေတောင် ရှိနေပြီ''** ဟု ယင်းကိစ္စ တင်ပြတိုင်ကြားထားသူတို့ကပြောသည်။

အင်းသားကြီး၏ ယခုလိုလုပ်ဆောင်မှုကြောင့်ဒေသခံရေလုပ်သားများမှာ စားဝတ်နေရေး အခက်အခဲများဖြစ်ပေါ်နေကြောင်းစုံစမ်းသိရှိရသည်။

''ရွာသားတွေ တောင်းဆိုချင်တာကငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ထားတဲ့ အင်းစည်းမျဉ်းစည်းကမ်း ဥပဒေအတိုင်း အင်းသားကြီးတွေ ဘက်က လိုက်ပါဆောင်ရွက်ပေးကြဖို့နဲ့ တာဝန်ရှိသူတွေဖက်ကလည်း ဥပဒေမဲ့လုပ်ရပ်ကျူးလွန်နေတာတွေကို ဥပဒေအတိုင်း တိတိကျကျ အရေးယူပေးဖို့ တောင်းဆိုချင်ပါတယ်''ဟု ၄င်းရွာသားများက ထုတ်ဖော်ပြောကြားသွားသည်။ ■

# သဘာဝအခြေခံ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာကွယ်တော ၂၁ ခု ရွေးချယ်သတ်မှတ်

ဟိန်းသူရ

ရန်ကုန် နိုဝင်ဘာ ၂၄

မြန်မာနိုင်ငံတွင် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ကာကွယ်တော(Protected Area) ၂၁ ခုကို Ecotourism ဒေသများအဖြစ် သတ်မှတ်ထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဦးအုန်းမောင်က ပြောကြားသည်။

Protected Area ၂၁ ခုအနက် ရှမ်းပြည်နယ်ရှိ အင်းလေးကန်ဒေသ၊ ချင်းပြည်နယ် နတ်မတောင်အမျိုးသားဥယျာဉ်၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးဒေသ၊ ခါကာဘိုရာဇီနှင့် ဖုန်ကန်ရာဇီဘေးမဲ့တော၊ ပဲခူးတိုင်း ဝေါမြို့နယ်ရှိ မိုးယွန်းကြီးအင်း၊ စစ်ကိုင်းတိုင်း မုံရွာခရိုင်ရှိ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ မန္တလေးတိုင်းရှိ ပုပ္ပားတောင်၊ မွန်ပြည်နယ်ရှိ ဘေးမဲ့တောတို့ကို ဦးစားပေး Ecotourism ခရီးစဉ်ဒေသများအဖြစ် သတ်မှတ်ထားကြောင်း ၄င်းက ဆက်လက်ပြောကြားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဦးအုန်းမောင်က ''ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် သတင်းအချက်အလက်ထုတ်ပြန်ပေးဖို့ website နှစ်ခုလွှင့်ပြီး မြန်မာခရီးသွားလုပ်ငန်းက ဝန်ဆောင်မှုပေးတဲ့ခရီးစဉ်၊ မြန်မာနိုင်ငံရဲ့ခရီးစဉ်ဒေသ၊ ရိုးရာပွဲတော်၊ တိုင်းရင်းသားလူမျိုးတွေရဲ့ ယဉ်ကျေးမှုတွေကို အမြဲဖော်ပြနေပါတယ်။ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ကာကွယ်တော ၂၁ ခုကို Ecotourism အဖြစ် သတ်မှတ်ထားပါတယ်''ဟု ပြောသည်။

နိုဝင်ဘာ ၂၃ ရက်က ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မာအောင်က မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အစီအစဉ်ရှိမရှိနှင့် သဘာဝအခြေပြုခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်း၍ အထက်ပါအတိုင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်ဒေသအသစ်များဖော်ထုတ်မြှင့်တင်ခြင်း၊ ဒေသတွင်းအပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲများတွင် သွားရောက်ပြသခြင်း၊ အာဆီယံနှင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်များ၊ ချစ်ကြည်ရင်းနှီးမှုခရီးစဉ်များ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး ခရီးစဉ်ဒေသများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။


Bullet News Journal

သတင်းအဖွဲ့

ဥပဒေအကြံပေး
ဦးဝင်းမြင့်
ညွှန်ကြားရေးမှူး(ငြိမ်း)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တာဝန်ခံအယ်ဒီတာ
ရဲရင့်အောင် (ကျောက်ပန်းတောင်း)
Ph : 09 4538 58381
အုပ်ချုပ်မှုအယ်ဒီတာ
ဦးသောင်းဘေး

အယ်ဒီတာ
နိုင်မင်း (နေပြည်တော်)
ဘာသာပြန်အယ်ဒီတာ
ဓလ္လ
အကြီးတန်းသတင်းထောက်(ရန်ကုန်)
မင်းရန်နောင်
ဝင်းဦး
အောင်သူရိန်
အောင်သက်ခိုင်

နိုင်ဦးဖော်
သတင်းထောက်(ရန်ကုန်)
အောင်သူရိန်ကျော်
အောင်သူ
ဖြိုးအောင်
ဒိဒိုင်း
ဖော်ကြီး
လှိုင်မျိုး
တာဗီ
ချစ်ချစ်ဦး

တာမြင်
ဇော်ဝင်းနိုင်
ရုံးအဖွဲ့
ခေါ်သီတာ
သန်းထွန်းအောင်
ကြော်ငြာတာဝန်ခံ
မမြ
ဖုန်း - ၀၉၄၄၂၉၈၀၈၊
၀၉၇၃၁၉၄၅၅၅

ဖြန့်ချိရေးတာဝန်ခံ
နိုင်ဝင်းထွန်း
ထုတ်ဝေသူ
ဦးလှဆွေ
ထုတ်ဝေခွင့်လိုင်စင်အမှတ်
မြ-၁၁၇၇၇
ပုံနှိပ်တိုက်
ရွှေပြည်ဟိန်း(၀၀၄၁၁)

ရုံးနယ်တိုက်လိပ်စာ
အမှတ်(၁၀/၁၂)၊ ၄ လွှာ၊ ဘယ်ဘက်အခန်း၊ (ရေကျော်ဈေးနှင့်ရွှေဘုန်းပွင့်စေတီအနီး)သဇင်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၄၅၇၁၉၄၇၉၃ ၊ Hot Line Phone : 01 8610763 bulletnews.journal@gmail.com


www.free4reader.com

# NLD ပါတီဝင် ဦးဇော်ဝင်းမြင့် အမ်းမြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရွှေနိုင်ညွှန့်**

၂၀၁၅ ရွေးကောက်ပွဲတွင် အမ်းမြို့နယ် ပြည်နယ်လွှတ်တော်အမှတ် (၁) နေရာမှ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အနိုင်မရရှိခဲ့သူ ဦးဇော်ဝင်းမြင့်သည် လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်နေသော အမ်းမြို့နယ် ပြည်သူ့လွှတ်တော်နေရာကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားပြုပြီး ပါဝင်ယှဉ်ပြိုင်မည်ဟု သိရှိရသည်။

၂၀၁၅ ရွေးကောက်ပွဲတွင် အမ်းမြို့နယ် အမှတ် (၁)ပြည်နယ် လွှတ်တော်နေရာတွင် ပြည်နိုင်ဖြိုးပါတီမှ ယခင်ဝန်ကြီးချုပ်ဟောင်း ဦးမောင်မောင်အုန်း ရခိုင်အမျိုးသားပါတီမှ ဒေါ်ခင်လှရီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဇော်ဝင်းမြင့်တို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဦးမောင်မောင်အုန်းက အနိုင်ရရှိသွားခဲ့သည်။

"သူရဲ့ အခြေအနေက ဘယ်လိုရှိသလဲဆိုတော့ သူက အမ်းမြို့နယ်ကို ဘယ်လောက်ထိအလုပ်အကျွေးပြုထားပြီလဲ၊ အဲဒီအပေါ်မှာ တည်ပါတယ်။ အမ်းလူထုက ဒီကနေ့အထိ ANP ကိုပေးမလား၊ NLD နဲ့ကြံ့ခိုင်ရေးတစ်ဦးဦးကို ပေးမလားဆိုတာတော့ မဆုံးဖြတ်သေးကြဘူး။ ပါတီတွေနဲ့ လုပ်ဆောင်မှုနဲ့ ကိုယ်စားလှယ် ရွေးချယ်မှုအပေါ်မှာ တည်မှာဖြစ်ပါတယ်" ဟု အမ်းဒေသခံက ပြောဆိုသည်။

လက်ရှိ ရရှိသော သတင်းအရ ပြည်နိုင်ဖြိုးပါတီမှ ဦးသောင်းအေးအား အမ်းမြို့နယ် ပြည်သူ့လွှတ်တော်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရွေးချယ်ထားပြီး ရခိုင်အမျိုးသားပါတီအတွက်မှ အမ်းမြို့နယ် ဒေသခံများက ကြိုက်နှစ်သက်သူကို ဇူဟိုသို့ အဆိုပြုတင်ပြထားပြီဖြစ်ကြောင်းသိရသည်။

၂၀၁၇ ဧပြီ ၁ ရက်နေ့တွင် ကျင်းပ ပြုလုပ်မည့်ကြားဖြတ် ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်မှ အမ်းမြို့နယ်တစ်နေရာပါဝင်ပြီး မြန်မာတစ်နိုင်ငံလုံးတွင် အမ်းအပါအဝင် လွှတ်တော်သုံးရပ်တွင် ၁၈ နေရာလစ်လပ်နေကြောင်း သိရှိရသည်။

# ကွမ်းခြံကုန်း စားကျက်မြေကေ မြေစာရင်းထဲမှ ပြန်လည်ရလို



**သူရိန်**

**ရန်ကုန်၊ နိုဝင်ဘာ ၂၇**

ယခင်အစိုးရလက်ထက်က နိုင်ငံတော်မှ ပြန်လည်စွန့်လွှတ်ထားသောစားကျက်မြေများအား ကွမ်းခြံကုန်း မြို့နယ် မြေစာရင်းဦးစီးဌာနမှ ယခုအချိန်အထိ ပြန်မပေးသေးကြောင်း ကွမ်းခြံကုန်းမြို့နယ် ဝါးကောက်တောကျေးရွာမှ ဒေသခံ လယ်သမား ဦးခင်မောင်ကြည်က ပြောသည်။

အဆိုပါ စားကျက်မြေများမှာ ၂၀၀၆ ခုနှစ် နိုင်ငံတော်စီမံကိန်းအဖြစ်ကြက်ဆူပင်စိုက်ရန် စားကျက်မြေဧက ၂၈၄ ဧကဖြစ်ပြီး စီမံကိန်းမအောင်မြင်ပါက မြေပြန်ပေးမည်ဆိုသည့် အချက်ပါဝင်ကြောင်း ၎င်းကပြောသည်။

"ဒီနိုင်ငံတော်စီမံကိန်း ဆောင်ရွက်လို့မအောင်မြင်ရင် ပြန်ပေးမယ်ဆို တဲ့အချက်က စာထဲမှာပါတယ်။ ဒီစီမံကိန်းမအောင်မြင်ပေမယ့် စားကျက်မြေကိုပြန်မပေးတော့ဘဲ ကွမ်းခြံကုန်းမြို့ပေါ်က ဦးခင်မောင် အေးဆိုတဲ့လူက စီးပွားဖြစ်ရာဘပင် တွေစိုက်လိုက်တဲ့အတွက် ရှိတဲ့စားကျက် မြေဧက ၂၀၀ ကျော်ကနည်းနည်းပဲ ကျန်တော့ ကျွဲ၊ နွားတွေ ဘယ်လိုမှ တက်ကျောင်းလို့မရတော့ဘူး။ ကျွဲ၊ နွားကျောင်းဖို့ စားကျက်မြေက ကုန်သလောက်နီးနီးဖြစ်သွားတာပေါ့" ဟု ဦးခင်မောင်ကြည်ကပြောသည်။

အဆိုပါ စားကျက်မြေများ ပြန်လည်ရရှိရန် ယခင်အစိုးရလက်ထက် ၂၀၀၆ ခုနှစ်၌ သက်ဆိုင်ရာ ဌာနသီးသီးသို့ တိုင်ကြားစာများ ပေးပို့ တိုင်ကြားခဲ့ရာ ၂၀၁၂ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန်လက်ထက်တွင် စားကျက်မြေများ မူလအတိုင်းထားရှိရန် ကွမ်းခြံကုန်းမြို့နယ် မြေစာရင်းသို့ တာဝန်ပေးစာပို့ထားကြောင်းသိရသော်လည်း လယ်သမားများလက်ထဲသို့ ယခုထိ ပြန်မပေးသေးကြောင်း မြို့နယ်မြေစာရင်းသို့ အကြိမ်ကြိမ်သွားရောက်ခဲ့သော်လည်း မည်သို့မှအကြောင်းမထူးခဲ့ကြောင်း သိရသည်။ ရာဘာပင်များ စိုက်ထားသူ ဦးခင်မောင်အေးအား လယ်သမားများမှ သွားရောက်တွေ့ဆုံညှိနှိုင်းရာ၌ ရာဘာပင်များကို ခုတ်မပေးဘဲ အကာအရံများကိုသာ ဖြတ်ပေးသဖြင့် ကျွဲ၊ နွားကျောင်းခွင့်မရသည်မှာ လေးနှစ်ရှိပြီဖြစ်၍ စားကျက်မြေ များအမြန်ပြန်လည်ရရှိရေး ဒေသခံများမှ လိုလားနေကြကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အမျိုးသား ဒီမိုကရေစီအင်အားစုပါတီ NDF ၏ ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နေရာများ သတင်းထုတ်ပြန်ချက်**

ရက်စွဲ၊ ၂၈-၁၁-၂၀၁၆

၂၀၁၇၊ ဧပြီလ ကြားဖြတ်ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီအနေဖြင့် အောက်ဖော်ပြပါ လစ်လပ်မဲဆန္ဒနယ်မြေများတွင် ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ် လောင်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | လစ်လပ်မဲဆန္ဒနယ်မြေ | တိုင်းဒေသကြီး | ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်း | |
|---|---|---|---|---|
| ၁ | အုံဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်း | ဦးအောင်ဇင် | |
| ၂ | အုံအရှေ့မြို့နယ် ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်း | ဦးကြီးမြင့် | |
| ၃ | လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော် | ရန်ကုန်တိုင်း | ဦးသက်ထွန်းအောင် | |

# နာ/ကူ (ရန်ကုန်) (၁၆) နှစ်ပြည့် နှစ်ပတ်လည် ကျင်းပမည်



**ရွှေနိုင်ညွှန့်**

**ရန်ကုန်၊နိုဝင်ဘာ ၂၆**

နာရေးကူညီမှုအသင်း (ရန်ကုန်) တည်ထောင်ခြင်း (၁၆) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင်ကျင်းပမည်ဖြစ်ကြောင်း နာရေးကူညီမှုအသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဦးကျော်သူက BNJ သို့ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ ပရဟိတသမားများ၊ စာပေ၊ ရုပ်ရှင်၊ ဂီတနယ်ပယ်မှ အနုပညာရှင်များ တက်ရောက်ကြမည်ဖြစ်ပြီး ရန်ပုံငွေဈေးရောင်းပွဲကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရှိရသည်။

"အမှန်တကယ်တော့ နှစ်ပတ်လည်နေ့ ဇန်နဝါရီ ၁ ရက်ပါ။ ဒါပေမဲ့ အဲဒီနေ့မှာ ဟက်ပီးဝေါလ်က သရုပ်ပြအဖွဲ့တွေကလည်း အဆင်မပြေဘူး။ ၃၁ ရက်က နှစ်သစ်ကူးဆိုတော့ နောက်တစ်ရက်မနက်သူတို့ အဆင်မပြေဘူး။ ဒါကြောင့်ဇန်နဝါရီ ၁ ရက်မှာတော့ ဂျပန်-မြန်မာ ချစ်ကြည်ရေး ပွဲပဲလုပ်ဖြစ်တယ်။ ဇန်နဝါရီ ၈ ရက်မှာတော့ ပတ်လည်ပွဲလုပ်ဖြစ်မယ်" ဟု ဦးကျော်သူက ပြောကြားသည်။

နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားကို ဒဂုံမြို့သစ် (မြောက်ပိုင်း) ဗိုလ်မှူးဗထူးလမ်းရှိ နာရေးကူညီမှုအသင်း (ရန်ကုန်) ရုံးချုပ်တွင် ကျင်းပမည်ဖြစ်ပြီး ဟက်ပီးဝေါလ် အဖွဲ့မှ သရုပ်ပြအဖွဲ့များဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းနှင့် ရန်ပုံငွေဈေးရောင်းပွဲတော်များအပြင် ၂၀၁၇ ခုနှစ်တွင်ကျရောက်သည့် (၁၆) နှစ်ပြည့် အခမ်းအနား၌ထူးခြားသော အစီအစဉ်အနေဖြင့် နှစ်ပတ်လည်မဂ္ဂဇင်းကိုလည်း ထုတ်ဝေမည်ဟု သိရှိရသည်။

■



Bullet News Journal ကာတွန်း



သောင်းလွင်ဟိန်း

# သော့တွဲနှင့်နတ်ရုပ် ဘကြီးအောင် ညာတယ်

"အတိုက်အခံဘဝက NCA လက်မှတ် အလျင်စလိုမထိုးကြဖို့ သတိပေးခဲ့ပြီး အခုကျမှ NCA မထိုးရသေးတဲ့သူတွေ မြန်မြန်ထိုးကြပါလို့ ပြောရတာကလည်း အစိုးရဘက်က အကျပ်အတည်းတစ်ခုလို ဖြစ်နေပုံရပြီး NCA မထိုးတဲ့ဘက်ကလည်း အရင်က မထိုးနဲ့ပြောခဲ့ပြီး အခုကော NCA မှာ ဘာတွေထူးခြားလာလို့ အတင်းထိုးခိုင်းနေတာလဲ မေးစရာဖြစ်နေပါတယ်

## ၁။ သတ္တပဥ္စတ်သုတ်

ဘုရားနဲ့သိကြားအမေးအဖြေ(၁၄)ချက် လုပ်ကြတဲ့ သတ္တပဥ္စသုတ်မှာ ပထမဆုံးမေးတဲ့မေးခွန်းက "လူတွေသတ္တဝါတွေ အားလုံးဟာတစ်ယောက်နဲ့တစ်ယောက်ရန်ငြိုးအာဃာတမရှိဘဲနဲ့ ချမ်းချမ်းသာသာနေချင်ကြပါတယ်။ ဒီလိုတောင့်တစိတ်တွေရှိနေကြပေမယ့် နေ့စဉ်နဲ့အမျှတွေမြင်နေရတာကတော့ တစ်ယောက်နဲ့တစ်ယောက်ရန်ငြိုးအာဃာတတွေဖွဲ့၊ အမျက်ဒေါသတွေနဲ့သတ်ဖြတ်နေကြတာပဲ တွေ့နေရပါတယ်။ အဲဒါဘာကြောင့်ပါလဲဘုရား"တဲ့။

ဘုရားရှင်ရဲ့ အဖြေကတော့ "**ဘယ်လောက်ပဲ ဒီလောကကြီးချမ်းသာချင်ပါတယ်။ ဘေးရန်ကင်းကွာနေချင်ပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်နှိပ်စက်ခြင်းမရှိဘဲနဲ့ နေချင်ပါတယ်။ တိုင်းပြည်ကြီး ငြိမ်းချမ်းချင်ပါတယ်။ ကမ္ဘာကြီးငြိမ်းချမ်းချင်ပါတယ်။ ရပ်ကွက်ထဲအေးချမ်းချင်ပါတယ်။ ဘယ်လောက်ပဲပြောနေပြောနေ ဣဿာမစ္ဆရိယဆိုတဲ့ တရားနှစ်ပါးမကင်းသမျှ ဘယ်တော့မှ ချမ်းသာမှုမရနိုင်ပါဘူး**"တဲ့။

ဣဿာမစ္ဆရိယဆိုတဲ့ မနာလိုဝန်တို စိတ်မရှိဖို့ကလည်း သောတပန်အဆင့်ရောက်မှမရှိတော့မှာ။ (မနာလိုဝန်တိုစိတ်မရှိဘူးကွလို့ ကြွေးကြော်နေသူဟာ ငါသောတပန်ကွလို့ ပြောနေသလိုပါပဲ) ပုထုဇဉ်လူသားမှန်သမျှ အနည်းနဲ့အများတော့ ဣဿာမစ္ဆရိယစိတ်တွေရှိနေကြတယ်။ ဒီတော့ ဘုရားဟောအရ ကမ္ဘာကြီးတိုင်းပြည်ကြီး အေးအေးချမ်းချမ်းနေရဖို့မမြင်ဘူး။မနာလိုဝန်တိုစိတ်နည်းရင်နည်းသလောက် အေးချမ်းပြီး များရင်များသလောက် ဆူဆူပူပူဖြစ်ဖို့ပဲရှိတယ်။

## ၂။ ထာဝရငြိမ်းချမ်းရေး

"သတ္တရာစ်နှစ်ထောင်မှာအားလုံးကျန်းမာ" ဆိုတဲ့ဆောင်ပုဒ်လိုပဲ လူပြိန်းကြိုက်စည်းရုံးလို့ကောင်းတဲ့စကားလုံးဖြစ်ပေမယ့် လက်တွေ့ဘဝမှာ ထာဝရငြိမ်းချမ်းရေးဆိုတာဘယ်လိုမှ မရနိုင်ပါဘူး။ သမိုင်းဦးဘုံမြေခေတ်ကနေဒီကနေ့အထိ တိုက်ခိုက်သတ်ဖြတ်နေကြတာဖြစ်ပြီး ကမ္ဘာကြီးတည်ရှိနေသရွေ့လည်း တိုက်နေသတ်နေကြမှာဖြစ်ပါတယ်။ မနာလိုဝန်တိုစိတ်တွေနည်းတဲ့အသိုင်းအဝန်းမှာ နည်းနည်းတိုက်ခိုက်ကြပြီး များတဲ့အသိုင်းအဝန်းကြားမှာ များများတိုက်ခိုက်နေကြရမှာဖြစ်ပါတယ်။ လူသားအားလုံးသောတပန်ဖြစ်မှပဲ ထာဝရငြိမ်းချမ်းရေးရနိုင်ပါလိမ့်မယ်။ ဒါဖြင့်ဘာလို့ထာဝရငြိမ်းချမ်းရေးဆိုတဲ့စကားကခေတ်စားနေရတာလဲဆိုရင်တော့ လူပြိန်းများလို့ပဲလို့ ဖြေရမှာဖြစ်ပါတယ်။ အားလုံးပါဝင်တဲ့ထာဝရငြိမ်းချမ်းရေးလို့ ထပ်ကွန့်အမွှန်းတင်လိုက်တော့ အလွန်လှပတဲ့နားဆောင်ရကောင်းလှတဲ့စကားလုံးဖြစ်သွားပေမယ့် နတ်အိုးကွဲလိုပဲ လက်တွေ့မှာတော့ ဘာမှသုံးလို့မရနိုင်ပါ။

## ၃။ ပဋိပက္ခဖြေရှင်းနည်း

တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းသည်သာ ငြိမ်းချမ်းရေးအတွက် တစ်ကြောင်းတည်းသောလမ်းလို့အသေစွဲကိုင်ထားခြင်းဟာ မမှန်ပါဘူး။လက်တွေ့ကမ္ဘာ့သမိုင်းဖြစ်ရပ်တွေ၊ မြန်မာ့သမိုင်းဖြစ်ရပ်တွေကို ပြန်လေ့လာကြည့်ကြပါ။ စစ်ပွဲပဋိပက္ခတွေကို တွေ့ဆုံဆွေးနွေးလို့ ဖြေရှင်းခဲ့နိုင်တာနဲ့ အရှုံးအနိုင်အဆုံးအဖြတ်ရသည်အထိတိုက်ပြီးမှ ငြိမ်းချမ်းရေးရခဲ့တာ ဘယ်ဟာကပိုများခဲ့သလဲဆိုရင် ၅% လောက်သာ တွေ့ဆုံဆွေးနွေးမှုနဲ့ဖြေရှင်းနိုင်ခဲ့ပြီး ကျန် ၉၅% လောက်ဟာစစ်ရေးနည်းလမ်းနဲ့သာ ငြိမ်းချမ်းအောင်လုပ်ခဲ့ရတာတွေ့ကြရပါတယ်။ မြန်မာ့ပြည်တွင်းငြိမ်းချမ်းရေးဟာ ၅% ထဲမှာပါမယ့် ပြည်တွင်းငြိမ်းချမ်းရေးလို့ အသေစွဲကိုင်ထားလို့မရပါဘူး။ ပေါ်ပေါက်လာပုံမတူ၊ ရည်ရွယ်ချက်မတူ၊ လာရာလားရာတွေမတူတဲ့ လက်နက်ကိုင် အဖွဲ့ပေါင်းစုံကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဆိုတဲ့ ဆေးတစ်မျိုးတည်းနဲ့ အားလုံးကုလို့မရနိုင်ပါ။ ဆွေးနွေးလို့ရမယ့်အဖွဲ့တွေကို ဆွေးနွေး၊ ဆွေးနွေးလို့မရတဲ့အဖွဲ့တွေကို စစ်ရေးနဲ့ရှင်းဆိုတဲ့နှစ်လမ်းသွားစနစ်နဲ့သာ သွားသင့်ပါတယ်။

## ၄။အရင်အစိုးရတွေဘာလုပ်ခဲ့ကြသလဲ

ဒီနေရာမှာပြောစရာရှိလာတာကလွတ်လပ်ရေးရကတည်းကပေါ်လာတဲ့ ပြည်တွင်းစစ်ကြီးဟာ ဘာကြောင့်ခုထိတိုက်ခိုက်လို့ မပြီးဆုံးနိုင်ရတာလဲ ဆိုတာပါပဲ။ ဖဆပလအစိုးရဟာလွတ်လပ်ရေးနဲ့ အတူပေါက်ဖွားလာတဲ့ ဝါဒရေးရာ၊ လူမျိုးရေးရာ လက်နက်ကိုင်မျိုးစုံကို စေ့စပ်ဆွေးနွေးရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ကြိုးစားခဲ့သလို လက်နက်ချင်းရင်ဆိုင်ဖြေရှင်းခြင်းနည်းလမ်းမျိုးစုံနဲ့ဖြေရှင်းခဲ့တယ်။ ရန်ကုန်အစိုးရလို့ လှောင်ပြောင် အခေါ်ခံခဲ့ရတဲ့ဘဝအထိ အခြေအနေဆိုးကနေပြန် လွတ်မြောက်အောင် ရက်ရက်စက်စက်ပြန်တိုက်ခဲ့ရတယ်။ စေ့စပ်ဆွေးနွေးလို့ ရန်ကုန်အစိုးရအခေါ်ခံဘဝက လွတ်ခဲ့တာ မဟုတ်ဘူး။ တရုတ်ဖြူပြည်ပကျူးကျော်စစ်ကိုလည်း စေ့စပ်ဆွေးနွေးဖြေရှင်းနည်းနဲ့ အပြီးမသတ်နိုင်ခဲ့ဘဲ တိုက်ခိုက်မောင်းထုတ်တဲ့နည်းနဲ့သာဖြေရှင်းခဲ့ရတယ်။ တော်လှန်ရေးကောင်စီ၊ လမ်းစဉ်ပါတီအစိုးရလက်ထက်မှာလည်း ဝါဒရေးရာ၊ လူမျိုးရေးရာလက်နက်ကိုင်တွေကို အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြပေမယ့် မအောင်မြင်ဘဲ စစ်ရေးနည်းလမ်းနဲ့သာ နယ်စပ်အစွန်အဖျားတွေအထိ မောင်းထုတ်ခဲ့ရတာဖြစ်ပါတယ်။ နဝတ၊ နယကအစိုးရလက်ထက်မှာတော့ အပစ်ရပ်သဘောတူညီချက်တွေနဲ့ ယာယီငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီး ကရင်ပြည်နယ်ကလွဲလို့ တစ်နိုင်ငံလုံးသေနတ်သံတွေ တိတ်သွားအောင် လုပ်နိုင်ခဲ့တယ်။ ဒီမိုကရေစီအကူးအပြောင်း ပြည်ခိုင်ဖြိုးအစိုးရလက်ထက်မှာ အပစ်ရပ်သဘောတူ အဖွဲ့အချို့နဲ့ သဘောထားကွဲလွဲမှုတွေကြောင့် သေနတ်သံတွေပြန်ထွက်လာခဲ့ပေမယ့် **တစ်ခါမှအပစ်ရပ်သဘောတူချက်မရခဲ့ဖူးသေးတဲ့ အင်အားအတောင့်တင်းဆုံး၊ သက်တမ်းအရှည်ကြာဆုံး၊ လူမျိုးရေးရာလက်နက်ကိုင်အဖွဲ့ကြီးဖြစ်တဲ့ ကေအင်ယူအဖွဲ့ကြီးနဲ့ သဘောတူညီချက်ရခဲ့တယ်။** ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံလမ်းစကို ဖော်ပေးခဲ့တယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးနိုဗယ်ဆုရှင်ရဲ့လက်ရှိဒီမိုကရေစီအစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးရတော့မယ်လို့ မျှော်လင့်အားထားနေကြပေမယ့် လက်ရှိမြင်တွေ့နေရတဲ့အခြေအနေတွေအရတော့ငြိမ်းချမ်းရေးအသာထား၊ အရင်အစိုးရအဆက်ဆက်ကာလတွေလောက်မှ လုံခြုံရေးစိတ်ချရပါတော့မလား ဆိုတဲ့ အတွေးတွေဝင်လာစရာဖြစ်နေပါတယ်။ ဒီမိုကရေစီတိုင်းပြည်တွေမှာ ပြည်တွင်းစစ်မရှိဘူးလို့ဆိုခဲ့ပေမယ့် အခုနိုဝင်ဘာ ၂၀ ရက်ကစတင်ခဲ့တဲ့ မူဆယ် မုန်းကိုးဒေသတိုက်ပွဲတွေဟာ ငြိမ်းချမ်းရေးရှေ့ခရီးအတွက် ကောင်းတဲ့အလားအလာမဟုတ်ကြောင်းအထင်အရှား အချက်ပြလိုက်သလိုဖြစ်နေပါတော့တယ်။

## ၅။NCA အကျပ်အတည်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် NCA ဟာပြည်တွင်းစစ်ချုပ်ငြိမ်းရေးအတွက် စတင်ရမယ့်ပထမဆုံးခြေလှမ်းတစ်လှမ်းသာဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပြီး ဆက်လက်ဖြတ်ကျော်ရမယ့်နိုင်ငံရေးဆွေးနွေးပွဲတွေ အဆင့်တိုင်းမှာအခက်အခဲတွေ အများကြီးရှိနေပါသေးတယ်။ ဘာနိုင်ငံရေးဆွေးနွေးပွဲမှမစသေးဘဲ NCA အပစ်ရပ်ကိုလက်မှတ်ရေးထိုးဖို့တောင် ဒီလောက်ငြင်းဆန်နေသူတွေအတွက် ဘယ်လိုတွေ့ဆုံညှိနှိုင်းငြိမ်းချမ်းရေးယူကြမှာလဲ။ နိုင်ငံရေးဆွေးနွေးပွဲအဆင့်တွေမှာကြုံတွေ့ကြရမယ် NCA ထက်ပိုခက်တဲ့ ကိစ္စတွေဘယ်လိုဖြေရှင်းကြမှာလဲ။ ခက်တာကအတိုက်အခံဘဝက NCA လက်မှတ်အလျင်စလိုမထိုးကြဖို့သတိပေးခဲ့ပြီး အခုကျမှ NCA မထိုးရသေးတဲ့သူတွေမြန်မြန်ထိုးကြပါလို့ ပြောရတာကလည်း အစိုးရဘက်က အကျပ်အတည်းတစ်ခုလိုဖြစ်နေပုံရပြီး NCA မထိုးတဲ့ဘက်ကလည်း အရင်က မထိုးနဲ့ပြောခဲ့ပြီး အခုကော NCA မှာဘာတွေထူးခြားလာလို့ အတင်းထိုးခိုင်းနေတာလဲ မေးစရာဖြစ်နေပါတယ်။ (ယခင်အစိုးရလက်ထက်က အသစ်ပေါ်လာတဲ့ MNDAA, TNLA,AA လက်နက်ကိုင်အဖွဲ့သုံးဖွဲ့မပါလို့ NCA လက်မှတ်မထိုးနိုင်ဘူးဆိုရာကနေ အခုအစိုးရသစ် လက်ထက်ကျမှ NCA လက်မှတ်ထိုးစေချင်ရင် ဘာအချက်တွေပါရမယ်ဆိုတဲ့ အသစ်ထပ်မံတောင်းဆိုချက်တွေဟာ KIA ဦးဆောင်တဲ့ UNFC ရဲ့မရိုးသားမှုကို ပေါ်လွင်စေပါတယ်။)တစ်ခါ NCA လက်မှတ်ထိုးပြီးသူတွေဘက်ကလည်း ငါတို့ NCA ထိုးပြီးလည်း မထိုးတဲ့သူတွေနဲ့ ဘာမှမထူးသလိုတန်းတူဆက်ဆံခံနေရတော့ (တကယ်တော့ NCA မထိုးသူတွေလောက်တောင် တန်းတူ ဆက်ဆံမခံဘူးလို့ ထင်ချင်ထင်နေနိုင်ပါတယ်) NCA လက် မှတ်ထိုးခဲ့တာ ဘာထူးသလဲအတွေးဝင်လာနိုင်ပါတယ်။ NCA မထိုးတဲ့ အဖွဲ့တွေကို စိတ်ရှည်လက်ရှည်ဆက်စောင့်ခေါ် နေရင်း NCA ထိုးပြီးအဖွဲ့တွေပါ စိတ်ပျက်သွားအောင်လုပ်မှာလား။ အတိုက်အခံဘဝက အလျင်စလိုမထိုးဖို့ ဘက်တူရပ်တည်ခဲ့သူတွေကို ချန်ထားခဲ့ပြီး ရပ်တည်ဘက်မတူခဲ့တဲ့ NCA ထိုးပြီးသူတွေနဲ့ဆက်သွားရမှာလားဆိုတဲ့ အကျပ်အတည်းကြားက ဖောက်ထွက်နိုင်ဖို့လိုနေပါတယ်။

စာမျက်နှာ(၉)သို့



# သက်ငယ်မုဒိမ်း ဘယ်လိုရှင်းမလဲ

■ ရွှေနေဦးဝင်းကြည်(စဥ့်ကိုင်)

နေ့စဉ်ထုတ်သတင်းစာများနှင့် အပတ်စဉ်ဂျာနယ်တို့တွင်လည်းကောင်း၊ facebook လူမှုကွန်ရက်စာမျက်နှာတွင်လည်းကောင်း၊ ဝမ်းနည်းဖွယ်ရာအမြဲမြင်တွေ့ဖတ်ရှုနေရသည့် သတင်းကားသက်ငယ်မုဒိမ်းမှုဖြစ်သည်။ သက်ငယ်မုဒိမ်းမှုကျူးလွန်ခြင်းအမျိုးမျိုးသည် အသက်ငယ်ရွယ်သည့်မိန်းကလေးများအား အသက်ငယ်ရွယ်သည့်ယောကျ်ားလေးများက ကျူးလွန်သောပြစ်မှုများ၊ အသက်အရွယ်အပိုင်းအခြားမရှိသော ယောကျ်ားများက ကျူးလွန်သောအပြစ်များနှင့် အသက်ငယ်ရွယ်သောယောကျ်ားလေးများက အသက်အရွယ်အပိုင်းအခြားမရှိ အမျိုးသမီးများကို ကျူးလွန်သောပြစ်မှုများဖြစ်သည်။ မုဒိမ်းမှုကျူးလွန်ခြင်းကို လူမှုအသိုင်းအဝိုင်းတွင် လက်ခံခွင့်လွှတ်နိုင်သောပြစ်မှုများမဟုတ်ချေ။ အထူးအားဖြင့် အသက်ငယ်ရွယ်သော မိန်းကလေးများအား မုဒိမ်းမှုကျူးလွန်သူများကို စံနမူနာပြအဖြစ် နောင်ကြဉ်အောင်ဟန့်တားစေရန် ကြီးလေးသောအပြစ်ဒဏ်ချမှတ်သင့်ပေသည်။

အမြို့မြို့အနယ်နယ်အရပ်ရပ်တွင် အသက်ငါးနှစ်၊ ခြောက်နှစ်အရွယ် မိန်းကလေးများအားမုဒိမ်းပြုကျင့်ကျူးလွန်နေသောသူများကို သေဒဏ်အပြစ်ပေးရန်အတွက် ဆန္ဒပြတောင်းဆိုမှုများရှိနေသည်။ အသက်ငယ်ရွယ်သူ မိန်းကလေးများကိုဖြစ်စေ၊ အသက်အရွယ်အပိုင်းအခြားမရှိသောအမျိုးသမီးများကိုဖြစ်စေ မုဒိမ်းပြုကျင့်ကျူးလွန်သော အသက်ငယ်ငယ်၊ ကြီးကြီးမည်သည့်ယောကျ်ားကိုမဆို သေဒဏ်အပြစ်ပေးထိုက်သည်မှာ ဧဝကံအမှန်ဖြစ်ပေသည်။

ရာဇသတ်ဥပဒေပုဒ်မ ၃၇၅။ ယောကျ်ားသည် မိန်းမနှင့် ကာမစပ်ယှက်ရာတွင် (၁)မိန်းမကအလိုမတူငြင်းဆန်ခြင်း၊ (၂)မိန်းမက ခွင့်မပြုခြင်း၊ (၃)မိန်းမခွင့်ပြုသော်လည်း ထိုသို့ခွင့်ပြုရခြင်းမှာ ထိုမိန်းမအား သေစေမည်ဟုလည်းကောင်း၊ နာကျင်စေမည်ဟုလည်းကောင်း၊ ကြောက်ရွံ့အောင်ပြုသဖြင့် ခွင့်ပြုခြင်း၊ (၄)မိန်းမကခွင့်ပြုသော်လည်း ယောကျ်ားက မိမိသည် ထိုမိန်းမ၏ ခင်ပွန်းမဟုတ်ကြောင်း သိသည့်အပြင် ထိုမိန်းမက ခွင့်ပြုခြင်းမှာလည်း မိမိကို ဥပဒေနှင့်အညီ လက်ထပ်ထားသော သို့တည်းမဟုတ် ထိုသို့လက်ထပ်ထားသည်ဟု ယုံကြည်သောအခြားယောကျ်ားဖြစ်သည်ဟု ယုံကြည်၍သာ ခွင့်ပြုကြောင်းကို ထိုယောကျ်ားက သိခြင်း၊ (၅)မိန်းမကခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ ထိုမိန်းမသည် အသက်ဆယ့်လေးနှစ်အောက်အရွယ်ရှိသူဖြစ်ခြင်း စသည့်အချက်ငါးချက်တွင် တစ်ချက်ချက်အကျုံးဝင်ပါက မုဒိမ်းမှုမြောက်ပါသည်။

ရာဇသတ်ဥပဒေပုဒ်မ ၃၇၆။ မုဒိမ်းမှုကျူးလွန်သူကို တစ်သက်တစ်ကျွန်းဖြစ်စေ၊ ဆယ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ မုဒိမ်းကျင့်ခံရသောမိန်းမသည် မိမိ၏မယားဖြစ်၍ အသက်တစ်ဆယ့်နှစ်နှစ်အောက်မဟုတ်လျှင်မူကား မုဒိမ်းကျင့်သောထိုခင်ပွန်းကို နှစ်နှစ်ထိထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ရာဇသတ်ဥပဒေပုဒ်မ ၃၇၆ အရ မုဒိမ်းမှုကျူးလွန်သူအား အများဆုံးတစ်သက်တစ်ကျွန်းထောင်ဒဏ်သာလျှင် ချမှတ်နိုင်ပေမည်။ မုဒိမ်းမှုကျူးလွန်သူအား စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော်လည်း ပြဋ္ဌာန်းဥပဒေအရ သေဒဏ်အပြစ်ပေး၍ မရချေ။

ပြစ်မှုကျူးလွန်သူများကို အပြစ်ပေးရန်အတွက် ရာဇသတ်ဥပဒေပုဒ်မ ၅၃ တွင် ဤပြစ်မှုဆိုင်ရာ(ရာဇဝတ်)ဥပဒေပါပြဋ္ဌာန်းချက်များအရ ပြစ်မှုကျူးလွန်သူတို့ ထိုက်သင့်သည့်ပြစ်ဒဏ်များမှာ သေဒဏ်၊ တစ်ကျွန်းပို့ဒဏ်၊ ထောင်ဒဏ်၊ (ထောင်ဒဏ်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်၊ အလုပ်မဲ့ထောင်ဒဏ်ဟု နှစ်မျိုးခွဲခြားထားသည်။) နှင့် ငွေဒဏ်ဟူ၍ လေးမျိုးခွဲခြားထားပါသည်။

ရာဇသတ်ဥပဒေပုဒ်မ ၅၇ တွင် **"ပြစ်ဒဏ်ကာလအပိုင်းခြားကိုရေတွက်ရာတွင် တစ်သက်တစ်ကျွန်းဒဏ်ကို နှစ်ပေါင်းနှစ်ဆယ်တစ်ကျွန်းပို့နှင့် အညီထား၍ ရေတွက်ရမည်"** ဟု ပြဋ္ဌာန်းထားပါသည်။

တစ်သက်တစ်ကျွန်းဆိုသည်မှာ တရားခံသေသည်အထိ ကျွန်းပို့ခံရသည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ သို့ရာတွင် တစ်သက်တစ်ကျွန်းဒဏ်ကို ကျခံရသူသည် ထောင်အနှစ် ၂၀ ကျခံသူအဖြစ်မှတ်ယူရမည်ဟု ရာဇသတ်ဥပဒေပုဒ်မ ၅၇ တွင် ပြဋ္ဌာန်းသောကြောင့် ထိုအတိုင်းပင် အကျဉ်းဦးစီးဌာန(ထောင်)တာဝန်ခံများက ကျင့်သုံးလျက်ရှိသည်။ ထို့ကြောင့် မုဒိမ်းမှုကျူးလွန်သူအား ဥပဒေပြဋ္ဌာန်းချက်ပါ အပြစ်ဒဏ်ထက်ကျော်လွန်၍ သေဒဏ်အဖြစ် ပိုမိုအပြစ်မပေးနိုင်ချေ။ အကယ်၍ မုဒိမ်းမှုကျူးလွန်သူအား သေဒဏ်အပြစ်ပေးပါက ဥပဒေကိုလိုက်နာအပြစ်ပေးခြင်းမဟုတ်သဖြင့် တရားစီရင်ရေးတိမ်းစောင်းပေလိမ့်မည်။

သက်ငယ်မုဒိမ်းမှုများ၊ အသက်အရွယ်အပိုင်းအခြားမရှိ အမျိုးသမီးများအား မည်သည့်အတွက်ကြောင့် မုဒိမ်းပြုကျင့်ခြင်းခံရသနည်း။ အသက်ငယ်ရွယ်သူယောကျ်ားလေးများနှင့် အသက်အရွယ်အပိုင်းအခြားမရှိ ယောကျ်ားများက မည်သည့်အတွက် မုဒိမ်းမှုများကျူးလွန်ရသနည်း။ မုဒိမ်းမှုကျူးလွန်ရခြင်းအကြောင်းရင်းအားသိရှိပါက မုဒိမ်းမှုကျူးလွန်ခြင်းကို ကာကွယ်နိုင်ပေမည်။ **"ကုသခြင်းထက် ကာကွယ်ခြင်းက ပိုမိုကောင်းမွန်သည်"** ဟူသော စကားနှင့်အညီ မုဒိမ်းမှုများမကျူးလွန်နိုင်ရန် ကြိုတင်ကာကွယ်သည့်နည်းလမ်းများကို ရှာဖွေသင့်သည်။ နည်းလမ်းကောင်းများ ရှာကြံသင့်သည်။

မုဒိမ်းမှုများဖြစ်ပွားရခြင်းအကြောင်းရင်းများမှာ အသက်အရွယ်အပိုင်းအခြားမရှိယောကျ်ားများသည် ဘာသာတရားရှိသေလေးစားလိုက်နာကိုင်းရှိုင်းမှုနည်းပါးခြင်း၊ လူတို့လိုက်နာကျင့်သုံးအပ်သည့် ကိုယ်ကျင့်တရားများလည်း ပျက်ယွင်းနေခြင်း၊ အရှေ့တိုင်းယဉ်ကျေးမှုကို အနောက်တိုင်းယဉ်ကျေးမှုက တစ်စတစ်စလွှမ်းမိုးနေခြင်း၊ လိင်ပိုင်းဆိုင်ရာဆေးဝါးများကို အရက်အကြောက်ကင်းမဲ့စွာ facebook လူမှုကွန်ရက်တွင် ကြော်ငြာနေကြခြင်း၊ facebook တွင် လိင်ဆက်ဆံနေထိုင်ပုံများကို ထင်ထင်ပေါ်ပေါ်တင်ကြခြင်းများကိုကြည့်ရှု၍ အတုမြင်အတတ်သင်ခြင်းသည် မုဒိမ်းမှုကျူးလွန်ရန် တွန်းအားပေးခြင်းဖြစ်သည်။

အရက်နှင့် စိတ်ကြွဆေးများ၊ မူးယစ်ဆေးများ နေရာအနှံ့အလွယ်အကူ ဝယ်ယူရရှိကာ သုံးစွဲမှုများနေကြခြင်းသည် လိင်ပိုင်းဆိုင်ရာစိတ်ကို နှိုးဆွစေသဖြင့် မုဒိမ်းမှုများကျူးလွန်ခြင်းအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အသက်ငယ်ရွယ်သော ကလေးသူငယ်ယောကျ်ားလေးများသည် facebook တွင်မြင်တွေ့ရသည်များကို အတုမြင်အတတ်သင် လက်တည့်စမ်းခြင်းဖြင့် မုဒိမ်းမှုကိုကျူးလွန်ကြခြင်းသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပေသည်။

ယနေ့လူငယ်များသည် မိဘ၏သွန်သင်ဆုံးမမှုကို နာခံမှုနည်းပါးသည်။ အချို့ကလည်း တစ်လွဲဆံပင်ကောင်းကာ သားသမီးများကို အခွင့်အရေးအပြည့်အဝပေးပြီး သွန်သင်ဆုံးမမှုနည်းပါးသည်။ အချို့သောမိဘများကား သားသမီးများကို သွန်သင်ဆုံးမရန် မဆိုထားနှင့် မိမိကိုယ်တိုင်ပင် ကိုယ်ကျင့်တရားကင်းမဲ့နေကြသည်။ ထို့အတူ ဆွေမျိုးသားချင်းများကလည်း သွန်သင်ဆုံးမမှုကို မနာခံသဖြင့် ဆုံးမမှုမရှိတော့ချေ။ အချို့ကား မိမိသားသမီးများအား သွန်သင်ဆုံးမသည်ကို မကြိုက်သဖြင့် ဆွေမျိုးသားချင်း၊ ဆရာသမားများနှင့် ပတ်ဝန်းကျင်က လျစ်လျူရှုထားသည်။ ထိုကဲ့သို့ သွန်သင်ဆုံးမနာခံခြင်းကင်းသောသူတို့သည် ရာဇဝတ်မှုနှင့် မုဒိမ်းမှုများကျူးလွန်တတ်ကြသည်။ စာပေအသိပညာနည်းပါးခြင်းသည်လည်း မုဒိမ်းမှုကျူးလွန်ရန်အကြောင်းရင်းတစ်ရပ်ဖြစ်ပေသည်။ အခြားသောအကြောင်းရင်းများကြောင့်လည်း မုဒိမ်းမှုနှင့် ရာဇဝတ်မှုများ ကျူးလွန်နိုင်ပေသည်။

အသက်အရွယ်အပိုင်းအခြားမရှိ အမျိုးသမီးများ မုဒိမ်းပြုကျင့်ခံရခြင်းမှာလည်း မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုကင်းမဲ့ကာ မလုံတစ်လုံ၊ မပေါ်တပေါ် ဝတ်စားဆင်ယင်ခြင်း၊ အချိန်အခါမဲ့သွားလာခြင်း၊ အဖော်မပါဘဲသွားလာခြင်း၊ အနေအထိုင်မပိရိခြင်း၊ အရက်သေစာသောက်စားခြင်း၊ စိတ်ကြွဆေးဝါးများစားသုံးခြင်း facebook များမှ မဖွယ်မရာများကြည့်ရှုခြင်း၊ ခေတ်လွန်သည့်အနေအထိုင် အပေါင်းအသင်းများ ဆက်ဆံပေါင်းသင်းခြင်း၊ ခေတ်မီလွန်ခြင်း၊ ယောကျ်ားလေးပြောသမျှကို ယုံလွယ်ခြင်း၊ ယောကျ်ားလေးအပေါင်းအသင်းများကျွေးသည့်အစားအစာများကို မစူးစမ်းမဆင်ခြင်စားသောက်ခြင်းနှင့် အခြားသောအကြောင်းရင်းများကြောင့် မုဒိမ်းပြုကျင့်ခံရကြောင်း ကိုယ်တိုင်လိုက်ပါဆောင်ရွက်ပေးဖူးသည့် မုဒိမ်းမှုခင်းဖြစ်စဉ်များအရ တွေ့ရှိရသည်။

အသက်ငယ်ရွယ်သော ကလေးသူငယ်မိန်းကလေးများ မုဒိမ်းပြုကျင့်ခံရခြင်းအကြောင်းရင်းမှာ မိဘဆွေမျိုးအသိုင်းအဝိုင်းများ၏ အုပ်ထိန်းမှုအားနည်းချက်လည်းပါဝင်သည်။ ပတ်ဝန်းကျင်ကောင်းလည်း လိုအပ်လှပေသည်။ လူသွားလူလာပြတ်သောနေရာဒေသများသို့ အသက်ငယ်ရွယ်သောမိန်းကလေးများကို အစောင့်အရှောက်မပါဘဲ တစ်ဦးတည်းစေလွှတ်ခြင်း၊ အခြားတစ်ပါးသော ယောကျ်ားလေးများက ခေါ်လျှင်မလိုက်ကြရန်နှင့် ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသော ဒုစရိုက်မှုများကို နားလည်သဘောပေါက်သည်အထိ ရှင်းလင်းပြသမှုနည်းပါးခြင်း၊ အရွယ်နှင့်မလိုက်အောင် ဝတ်စားဆင်ယင်မှုများဖြင့် ခြယ်သပေးခြင်းနှင့် အခြားသောအကြောင်းရင်းများတို့ကြောင့် ဖြစ်ပေသည်။

မုဒိမ်းမှုများကျူးလွန်ရာတွင် ယခင်ခေတ်အဆက်ဆက်၌ အရွယ်ရောက်ပြီးသော ယောကျ်ားလေးများက အရွယ်ရောက်ပြီးသော အမျိုးသမီးများကိုသာ ပြုကျင့်ခြင်းဖြစ်သည်။ ယနေ့ကာလတွင် အသက်ငယ်ရွယ်သည့် ကလေးသူငယ်များကို အပြုကျင့်ခံနေရသည်မှာ စဉ်းစားဖွယ်ဖြစ်ပေသည်။ အရွယ်ရောက်ပြီးသူများ၏ ဝတ်စားဆင်ယင်မှု၊ အနေအထိုင်၊ အပြုအမူအပြောအဆိုနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးတည်ဆောက်ပုံတို့သည် ကာမရာဂစိတ်နှိုးဆွရာရောက်သဖြင့် ကျူးလွန်ခြင်းဖြစ်ကြသည်။

ကလေးသူငယ်မိန်းကလေးများသည် ကာမရာဂစိတ်နှိုးဆွစေနိုင်သော ခန္ဓာကိုယ်ဖွံ့ဖြိုးပုံမရှိ။ အပြောအဆို၊ အပြုအမူအားဖြင့် မြူဆွယ်နိုင်စွမ်းမရှိသေးသည့် ကလေးသူငယ်များ မုဒိမ်းပြုကျင့်ခံရခြင်းသည် အံ့သြဖွယ်ဖြစ်ပေသည်။ သားသမီးချင်းကိုယ်ချင်းစာနာမှုကင်းမဲ့သည်။ ငါ့ညီမ၊ ငါ့သမီး၊ ငါ့မြေးအရွယ်လေးဟု စာနာစိတ်ရှိလျှင် မုဒိမ်းမှုများကျူးလွန်နိုင်ဖွယ်မရှိပေ။ မသိနားမလည်သည့်ကလေးအရွယ်များကို မတော်မတရားစော်ကားယုတ်မာမုဒိမ်းပြုကျင့်ကြသည့် မြန်မာပြည်ဖွား၊ မြန်မာတိုင်းရင်းသားစစ်စစ်မှ ဟုတ်ပါလေစ။ ရိုင်းစိုင်းယုတ်မာလေစွ။

မုဒိမ်းမှုကျူးလွန်ခြင်းသည် လူမှုအသိုင်းအဝိုင်းတွက် စက်ဆုပ်ရွံရှာဖွယ်ဖြစ်ပေသည်။ ယနေ့ အနယ်နယ်အရပ်ရပ်မှ တောင်းဆိုနေသကဲ့သို့ မုဒိမ်းမှုကျူးလွန်သူအား သေဒဏ်ပေးသင့်သည်ကား အမှန်ဖြစ်ပေသည်။

စာမျက်နှာ (၁၀) သို့

www.free4reader.com



မိုက်ကယ်ကဗ္ဗိုယ

# တိုင်းပြည်ပျက်ရင် ဒုက္ခ

၂၀၁၆ နိုဝင်ဘာ ၂၄ ရက်နေ့က အိန္ဒိယနိုင်ငံမှာ အသေခံဗုံးခွဲတဲ့ အကျိုးကျေးဇူး အကုသိုလ်ကံ စေတနာအားကြောင့် လူပေါင်း ရှစ်ဆယ်ကျော် သေဆုံးသတဲ့ဗျ။ ဆီးရီးယားမှာလည်း ၂၀၁၄ ကနေ ၂၀၁၆ အထိ သုံးနှစ်အတွင်း အရပ်ဘက်၊ တပ်ဘက်၊ သူပုန်ဘက် လူပေါင်းသိန်းနီးပါး အသက်ဆုံးရှုံးရသတဲ့။ ဒါကြောင့် ကျုပ်တို့နိုင်ငံထဲအစွန်းရောက်တွေ မခိုကပ်စေဖို့ ပြည်ထောင်စု တိုင်းရင်းသားအားလုံး သတိရှိကြပါဗျ။

တကယ်တော့ ကမ္ဘာပေါ်မှာ သဘောအကောင်းဆုံးလူသားမျိုးနွယ်က မြန်မာဗျ။ တိုင်းတစ်ပါးသား လူမျိုးခြားတွေကို သူတို့ စိတ်တိုင်းကျ ခိုးဝင်ခွင့်ပေးထားတယ်။ အခုဆို လူနည်းစုဆိုပြီး ကမ္ဘာကို အသံကောင်းဟစ်နေသူတွေက တိုင်းဒေသကြီး တစ်ခုမကျန်ရောက်ရှိပျံ့နှံ့နေပြီလေ။ တချို့ဆို မြေပဲစိုက်တောင်သူယောင်ဆောင်ပြီး ဘင်္ဂါလီစစ် အခြေစိုက်စခန်းဖွင့်ဖို့ အားယူနေသတဲ့။ မြန်မာတွေက ၂၄ နာရီငွေလိုတဲ့လူမျိုးဆိုတော့ ဘိုးဘွားပိုင်မြေတွေ၊ ရှင်ဘုရင့်နန်းတော်တွေ ဟွက်ချက်စဉ်းစားချိန်မရဘူး။ ရောင်းတယ်ဗျ။ ဒါကြောင့် ရန်ကုန်ဟာ ဘင်္ဂါလီမြို့တော်နဲ့တူလာပြီး၊ မန္တလေးက တရုတ်ပြည်မကြီးနဲ့ ရင်ချင်းဆက်အမြွှာလိုဖြစ်နေတာပေါ့။ ဟဲဟဲ မြန်မာတွေက မြို့စွန်နဲ့သချိုင်းကုန်းနားမှာတဲ့။ သေရင်သင်္ဂြိုဟ်လို့လွယ်အောင် ပြောင်းရွှေ့သွားတာလားတော့မသိ။ မြန်မာက မြေတွေရောင်းသူခိုးတွေကဝယ်ယူကောင်းပေါ့။

ဩော်--- တိုင်းပြည်ရှေ့ရေး ရင်လေးမိပေစွ။ အခုလည်း ရခိုင်ပြည်နယ်ကို အပိုင်ရည်ရွယ်လိုတဲ့ ဘင်္ဂါလီတွေရဲ့ ခံစခန်းနဲ့ဒေသအခြေစိုက်၊ ရဲအရာရှိ ကိုးယောက်လည်း လိုးခံအသက်ဆုံးရှုံးရပြီဗျ။ အနောက်တံခါးမှာ လာဘ်စားလာတဲ့ မြန်မာပြည်ရဲ့ ယခင်လ၀က အမှုထမ်းတွေ အခုလောက်ဆို ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ချင်စိတ်ပေါက်နေလောက်ပြီနော်။

ဘယ်နိုင်ငံမှာဖြစ်ဖြစ် လူမျိုးရေး ပြဿနာတွေရှိတာပဲ။ ဒါပေမဲ့ ကျုပ်တို့ ဆီကျတော့ မြန်မာတွေဟာ အားနာတတ်၊ သနားတတ်၊ စာနာတတ်သူက များတယ်ဗျ။ ခိုးဝင်တဲ့ကောင်ကလည်း လဝကကို မျက်နှာချိုသွေး၊ ပေးသင့်သလောက်ပေး (ဟိုအရင်ကနော်) အခုတော့ လာဘ်စားရင်ထောင်ဆယ်နှစ်လို့ ဥပဒေပြင်မှရတော့မယ်နဲ့တူတယ်။ ဘင်္ဂါလီက ဘတ်စ်ကားလိုင်း၊ စက်လှေတိုင်း၊ လေယာဉ်ခရီးစဉ်တိုင်း၊ မြင်းလှည်းတိုင်း၊ ရုပ်ရှင်ရုံ၊ ဘုရားပွဲမကျန်အကုန်လုံးနေရာစုံရှိနေပြီဗျ။ မယုံရင် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ သာကေတ၊ မြောက်ဒဂုံ၊ ရွှေပြည်သာ၊ အင်းစိန်၊ လှိုင်သာယာ စတဲ့မြို့နယ်ပေါင်းစုံကို လှေ့လာတော်မူကြပါ။ ဘင်္ဂါလီမြို့နယ် မရှိရင်ကျုပ်ဒီတစ်သက် မိုက်ကယ်ကဗ္ဗိုယဆိုတဲ့ ကမ္ဘာကျော်ကလောင်အမည်ကို စွန့်ပစ်မယ်ဗျ။

ကျုပ်ဟာ လူမျိုးရေးမခွဲခြားပါဘူး။ ဒါပေမဲ့ အစွန်းရောက် မျိုးနွယ်တွေ ထူထပ်လာရင် ပြည်ထောင်စုမှာ တိုင်းရင်းသားအားလုံး အန္တရာယ်ကြီးသလို မြန်မာနိုင်ငံရဲ့ ဆယ်အိမ်မှူးတွေလည်း အာဏာသက်ရောက်မှာ မဟုတ်တော့ဘူး။ တချို့က လူမျိုးရေး အဓိကရုဏ်းတွေရဲ့ ရက်စက်ကြမ်းကြုတ်မှုကိုမသိတော့ ဘင်္ဂါလီကိစ္စကို နိုင်ငံတကာဖိအားဝင်လာအောင် မာယာမျိုးစုံနဲ့ သတင်းဖြန့်ပေနေသဗျ။

ဘင်္ဂါလီကို ရိုဟင်ဂျာ၊ ရိုဟင်ဂျာနဲ့ ဖြင့်ခြင့်စရာတွေအော်ပြီး ဘာသာရေး ပဋိပက္ခဖြစ်အောင် အနောက်တံခါးက စိန်ခေါ်နေချိန်မှာ "အရှေ့မြောက်ဒေသကလည်း လက်နက်ကိုင်သူပုန် အဖွဲ့ကလည်း သေနတ်တွေ တကားကားနဲ့ စစ်ရေးလေ့ကျင့်မှာလား၊ ငှက်ပစ်ထွက်ချင်နေတာလား၊ မပြောတတ်ပါဘူး။ မြန်မာပြည်သူအပေါင်းတို့ရေကျုပ်တို့လည်း ဗိုဒိုအာဏာရအောင် နျူကလီးယားနည်းပညာ ကျွမ်းကျင်တတ်မြောက်ဖို့လိုပြီဗျ။ အမေရိကန်၊ ရုရှားနဲ့ အစ္စရေးတို့ကို အားကျပေစွ။

ခေတ်က မြတ်ဗုဒ္ဓရဲ့-ဝါဒတွေနဲ့ ကျောခိုင်းချင်သူကများလာတော့၊ ဟိုနေရာမှာ သက်ငယ်မုဒိမ်းဖြစ်၊ ဒီနေရာမှာ အုပ်စုဖွဲ့လု၊ ဟိုနယ်စပ်မှာ ဂိုဏ်းကြီးတောင်းဖို့ လက်နက်ကိုင် အဖွဲ့ဖွဲ့၊ ဒီနယ်စပ်မှာ မူးယစ်ဆေးလုပ်ငန်းအတွက် လူအင်အားစုပုန်ကန်ဆိုတော့ ကျုပ်တို့ဟာ ရိုးသားမှုနဲ့နေထိုင်ခွင့်မရှိတော့ဘူး။ သူများ RPJ (လောင်ချာ) ကိုင်ခွင့်ရှိရင် ကျုပ်တို့လည်း ကိုင်ခွင့်ရှိရမယ်လေ။ ဒါမှ လူ့အခွင့်အရေးညီမျှမှာပေါ့။ ပျော်စရာကြီးအခုကြည့် ဘင်္ဂါလီတွေ ကိုယ့်အိမ်ကိုယ် မီးရှို့ရင်းထွက်ပြေးတဲ့အခါ အဆိုးဘက်ကကြည့်တော့ ရင်တုန်ချောက်ခြားစရာကောင်းသလို၊ အကောင်းဘက်ကကြည့်ရင် တပ်မတော်သားတွေ အနေနဲ့ အခြေခံမီးသတ်နည်းပညာ ရလိုက်တယ်ဗျ။ ကျုပ်က အကောင်းမြင်သမားဆိုတော့ ဒီလိုပဲခံယူမိသဗျ။ ရခိုင်မှာ သတိတော့ရှိစေနော်။

သူတို့က မီးရှို့လည်း ပြဿနာမရှိ၊ ဆုံးရှုံးမှုတန်ဖိုးကို သုံးဆလောက် စာရင်းပိုတင်လိုက်ရင် O/C ဆိုတဲ့ အစ္စလာမ်မစ်လူမှုအဖွဲ့အစည်းကြီး ကမဆိုင်းမတွ ငွေကြေးထုတ်ပေးမှာဗျ။ ကျုပ် တို့မြန်မာတွေကတော့ ဘုန်းကြီးနဲ့ရဟန်းပဲ လှူကောင်းတယ်ထင်နေတာ စေတီပုထိုးတွေမှာပဲ လှူကောင်းတယ်ထင်နေတာ။ အမျိုးသားရေး အမြင်ဆိုရင် တလွဲတွေကများနေတာ။ အခုလိုတစ်မျိုးသားလုံး အငတ်ဘေးသင့်တာပေါ့။

မြန်မာ့အရေးကို လေ့လာမိတော့ အစိုးရအသစ်ကလည်း ဝိနည်းကို လိမ္မာပါးနပ်စွာ ရှောင်တတ်ပေစွ။ ဘယ်အရာမဆို လူထုအားနဲ့မှ လုပ်လို့ရမှာတဲ့။ ကဲ…အဲဒီထက်ရှင်းတာ ဘာရှိသေးလဲ။ ဥပမာ ကုန်ဈေးနှုန်း၊ မတရားတက်လာတာ လူထုတာဝန်ပေါ့၊ အလုပ်လက်မဲ့များတာ လူထုတာဝန်ပေါ့ဗျ။ လူထုအားနဲ့မှ လုပ်လို့ရမှာကိုး။ လက်ရှိတိုက်ပွဲတွေဖြစ်နေတယ်။ လူထုကိုတော့ ပုံမချပါနဲ့၊ လူထုက လေးခွတောင်ဖြောင့်အောင် မချိန်တတ်ဘူးလေ။ တိုက်ပွဲကိစ္စတော့ လူထုအပေါ်ကင်းလွတ်ခွင့်ပြုနော်။

မိုက်ကယ်ကဗ္ဗိုယကြီးလည်း ရင်လေးတယ်ကွယ်၊ မြန်မာ့အရေးက တော်တော်ဆိုးလာပြီနော်။ တချို့တိုင်းပြည်တွေက ကျုပ်တို့ မြန်မာတွေအပေါ် အယုံအကြည်မရှိတော့ဘူး။ သက်ငယ်မုဒိမ်းမှုကတစ်မျိုး၊ လက်နက်ကိုင် အဖွဲ့အစည်းကနှစ်ဆယ့်တစ်မျိုး၊ အဲဒီထက်ပိုဆိုးတာက အလုပ်သမား၊ အလုပ်ရှင်၊ ဝန်ထမ်း၊ အရာရှိနဲ့တခြားအတတ်ပညာရှင် တော်တော်များများက နည်းမျိုးစုံနဲ့ ရသလို ခိုးယူနေပြီဗျ။ အတတ်ပညာရှင်ကလည်းမာန်မာနနဲ့ မတရားပိုတောင်းဖို့အသင့်ပဲဗျ။ အလုပ်သမားက ပုတ်ဖြတ်ကန်ထရိုက်ရရင် ပစ္စည်းခိုးတယ်။ ခိုးတယ်ဆိုတာ သူ့ဖို့ကျန်အောင် ခိုးတာပဲ။ စီးပွားရေးလုပ်ငန်းရှင်ကလည်း ဆန်းဆီနဲ့တခြားစားသောက်ကုန်တွေကို အလေးချိန်ခွင်ခိုးပြီး ရောင်းချလာတယ်။ ဝန်ထမ်းက အချိန်ခိုးတယ်။ လုပ်အားခိုးတယ်။ အရာရှိတွေက လုပ်ပိုင်ခွင့်ရတဲ့ ပရောဂျက်တွေမှာ စာရင်းဇယားတွေ ပိုမိုထွက်ချက်ငွေတောင်းယူတယ်။ ဒါကြောင့်လည်း လမ်း၊ တံတားတွေ၊ ဆေးရုံနဲ့ စာသင်ကျောင်းဆောက်လုပ်ရေးတွေမှာ ပြဿနာပေါင်းမြောက်များစွာ ဖြစ်ပေါ်နေတာပေါ့။ လေ့လာနော်။

လာဘ်စားတဲ့ကိစ္စ၊ လက်နက်ကိုင်ပြဿနာ၊ လူမှောင်ခိုဘင်္ဂါလီကန်ကူးတဲ့ အရေး ဒါတွေတွေးမိရင် တိုင်းပြည်ပျက်မှာစိုးသဗျ။ ကျုပ်ကို အမျိုးသားရေး လှုံ့ဆော်နေတယ် မထင်နဲ့နော်။ တိုင်းပြည်ပျက်ရင် လှည်းတန်းက ချစ်သူဆီသွားဖို့ လိုင်းကား မရှိမှာစိုးတယ်လေ။

> တကယ်တော့ ကမ္ဘာပေါ်မှာ သဘောအကောင်းဆုံး လူသားမျိုးနွယ်က မြန်မာဗျ။ တိုင်းတစ်ပါးသား လူမျိုးခြားတွေကို သူတို့ စိတ်တိုင်းကျ ခိုးဝင်ခွင့်ပေးထားတယ်။ အခုဆို လူနည်းစုဆိုပြီး ကမ္ဘာကို အသံကောင်းဟစ်နေသူတွေက တိုင်းဒေသကြီးတစ်ခုမကျန် ရောက်ရှိပျံ့နှံ့နေပြီလေ…

www.free4reader.com

# အောက်ခြေပါတီယန္တရား အသိဆင့်ပွားသတိထား

မောင်သာအိ(မအူပင်)



ရွာမှာဆွမ်းကျွေးရှိသည်။ ရပ်ဝေး၊ ရွာဝေးထုံးစံအတိုင်း မီးနိုးတိတ်ပဲ။ အိမ်ရှိလူကုန်ဘုစုခရုပါမကျန်အားလုံးလာကြသည်။ ရွာဝေးအရ။ သာရေးနာရေးရှိက လုပ်စရာရှိလည်း မခိုမကပ် ဝိုင်းဝန်းလုပ်ကြသည်။ (ခေါ်စရာမလို) စားစရာရှိလည်း အိမ်ရှိလူကုန်ပဲ။ (ခေါ်စရာမလို) ကူညီစရာရှိလည်း တတ်နိုင်သလောက်မတွန့်မတို၊ ပြောစရာမလို အလွန်ချစ်စရာကောင်းသော မြန်မာ့ဓလေ့ဖြစ်သည်။

ရွာထဲမှာလည်း ဟိုပါတီ၊ ဒီပါတီအဖွဲ့ဝင်တွေ၊ စည်းရုံးရေးမှူးတွေရှိပေသကိုး။ ရှိပင်ရှိသော်လည်း ရွာကိစ္စ၊ လူမှုရေးကိစ္စ၊ အလှူ၊ နာရေး၊ မင်္ဂလာဆောင်၊ ဘာကိစ္စပဲရှိရှိ ညီညီညွတ် ညွတ်၊ စည်းစည်းလုံးလုံးပင်။

ဘကြီးကျော်ဟိုး ပြောလေ့ရှိသည်။ **"မင်းတို့ဘာသာ ဘယ်ပါတီဝင်ဝင်၊ ကိုယ့်စိတ်ကြိုက်လုပ်ကြ။ တစ်သက်လုံး တောင်ယာလယ်လုပ်၊ ငါးရှာ၊ ဖားရှာလုပ်ပြီး ချစ်ချင်ခင်ခင်နဲ့ နေလာခဲ့ကြတဲ့ 'ရွာသား'ဆိုတဲ့ စိတ်မကွဲနဲ့။ သူသေငါပို့ ငါသေသူပို့ပဲ"** ဟု ပြောဖူးပါသည်။

ဒါကြောင့်လည်း ရွာမှာပြဿနာမရှိ။ ငြင်းကြခုံကြ လူစုံလျှင် ရေနွေးကြမ်းနဲ့ လက်ဖက်ပွဲက အကုန်မြန်လှသည်။ ခေါင်းရင်းက အဖိုးလေးစံမြတို့ဝိုင်းက "ပါရာစီကတ်အဋ္ဌကထာမှာ အရိယာတွေကို မပြစ်မှားရဘူးတဲ့။ အယုတ်ဆုံးလူသောတပန်ကိုတောင် မပြစ်မှားရဘူးတဲ့" ဟု အာဘောင်အာရင်းသန်သန်နှင့် ပြောနေရာ တခြားဝိုင်းက အသံကြောင့် တိတ်သွားရ၏။ အိမ်ရှေ့ဘက် ကွပ်ပျစ်ပေါ်က နိုင်ငံရေးသမားအုပ်စုက အသံကျယ်ကျယ်ထွက်လာသည့်အသံဖြစ်သည်။ အသံက မောင်ပါလေရာ့အသံ **"ခင်ဗျားတို့အောက်ခြေပါတီက ယန္တရားတွေ သတိထားတော့"** ဟု ဆို၏။

ထိုအခါ ကိုကျောက်ခိုးက **"ဘာလဲကွ ယန္တရား"** မောင်ပါလေရာကလည်း မြို့ပေါ်မှာ သူ့ဆရာနဲ့ သူငယ်ချင်းတွေပြောစကားအရ ဟိတ်ဟန်လုပ်ပြီးရှင်း၏။ **"လူထုနဲ့ထိစပ်နေတဲ့ လူထုအကျိုးကိုသယ်ပိုးပါတယ်ဆိုတဲ့ ပါတီတာဝန်ရှိသူတွေကို ပြောတာပေါ့ဗျ"**

"မင်းတို့အဆင့်က သတိထားလို့ပြောရအောင် အဲဒီပါတီတာဝန်ရှိသူတွေက ဘာတွေလုပ်နေလို့လဲ"

**"ကျုပ်ပြောတာမဟုတ်ဘူး"**

"ဘယ်သူပြောတာတုန်း"

**"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယကကြီး ဦးတင်ဦးက ပြောတာ"**

"ငါတို့နာယကကြီးက အဲသလို ဒုံကြီးသတိထားလို့ ပြောသလား"

**"ဟာ အဘကတော့ ဒီလိုဒုံဘယ်ပြောမလဲဗျ။ ကျုပ်တို့က သတင်းစာမှာပါတာ ဖတ်ပြီးဆက်စပ်တွေးပြီးပြောရတာပေါ့"**

"ဘယ်နေရာမှာ ဘယ်လိုပြောတာတုန်း ရှင်းပါဦး။ မင်းအတွေးနဲ့ ထင်သလို ချဲ့မပြောနဲ့လေ"

**"နိုဝင်ဘာ ၂၄ ရက်နေ့က ဒီချုပ်ရုံးမှာလုပ်တဲ့ ၉၆ နှစ်မြောက်အမျိုးသားအောင်ပွဲနေ့ အခမ်းအနားမှာ ပြောတာ"**

"အစအဆုံးရှင်းပြပါဦးကွာ"

တကယ်စေတနာထားပြီးဆောင်ရွက်တဲ့ လူထုနိုင်ငံရေးသမားကိုပဲ ရွေးချယ်ကြသင့်တယ်လို့ဆိုရင် ဒီလောက်ဝက်ဝက်ကွဲနိုင်ပါ့မလားလို့ စဉ်းစားကြည့်မိတယ်...

"ကျွန်တော်တို့ကိုမဲပေးတဲ့အခါမှာ နောက်ခံအနီနဲ့ ခွပ်ဒေါင်းကြယ်ဖြူ ရှေ့ကခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ကြည့်ပြီးပေးလိုက်ပါတဲ့။

အခုလာမယ့် ၂၀၂၀ မှာတော့ ဒီလိုမဟုတ်တော့ဘူး။ ကျွန်တော်တို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထုထဲမှာ ဘယ်လောက်လုပ်ပေးနိုင်မလဲဆိုတဲ့အပေါ်မှာ မူတည်ပြီးဆုံးဖြတ်လိမ့်မယ်။ အဲဒီအခါကျတော့ ဒေါ်အောင်ဆန်းစုကြည်ကို ကြည့်ပါဆိုတာထက် ကျွန်တော်တို့အဖွဲ့ဝင်တွေ အောက်ခြေမှာ ဘယ်လောက်အလုပ်လုပ်နိုင်သလဲ၊ ဘယ်လောက်ထဲထဲဝင်ဝင်ဖြစ်နိုင်သလဲ၊ ဘယ်လောက်သန့်ရှင်းကြသလဲ၊ ဘယ်လောက်စေတနာကောင်းနဲ့ လုပ်ကြသလဲ၊ ဘယ်လောက်အနစ်နာခံသလဲ။ အဲဒါတွေအပေါ်မှာ မူတည်ပြီးဆုံးဖြတ်မှာဖြစ်တယ်လို့ အဘကပြောတယ်" ဟု မောင်ပါလေရာက ဒီမိုကရေစီတူဒေးသတင်းစာကိုပါ ထုတ်ဖတ်ပြလိုက်၏။

နောက်ဒေးလီးအလဲဗင်းဂျာနယ်မှာ ပြောတာကျန်သေးတယ်။ ဘာလဲ (ယနေ့ကာလကို ကမ္ဘာလွှမ်းခြုံဖြန့်ကြက်မှု Globalization ခေတ် (ကျုပ်အင်္ဂလိပ်လိုတော့ မပြောတတ်ဘူး) အဲ လူသားအရင်းအမြစ်ကို မှန်ကန်စွာအသုံးချနိုင်ရေးဟာ အဓိကကျသည့်လိုအပ်မှုဖြစ်တယ်တဲ့" မောင်ပါလေရာက အင်္ဂလိပ်စာလုံးကိုကျော်ပြီး မြန်မာလိုဖတ်ပြလိုက်၏။

ထိုအခါ ကိုကျောက်ခိုးက မေးစေ့လေးပွတ်ပြီး "အင်း ဟိုတစ်နေ့က အဘထိန်ပြောတာနဲ့လည်း သဘောထားတူနေတာပါပဲ။ ဒီတစ်ခါ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲမှာရော၊ ၂၀၂၀ ရွေးကောက်ပွဲ မှာရော လူကောင်း၊ လူတော်တွေ လူထုကို အမှန်အကျိုးပြုမယ့် နိုင်ငံရေးသမားတွေကို ရွေးချယ်မယ်ထင်တယ်"

"ဒါပေါ့ဗျ။ ဒါကြောင့် ဒီနေ့ပြည်သူလူထုနဲ့ အောက်ခြေမှာထိစပ်ပြီး နဖူးတွေ့ဒူးတွေ့ တွေ့နေရတဲ့ အောက်ခြေပါတီဝင်တွေဟာ အလွန်သတိထားကြိုးစားဖို့လိုတယ်လို့ ပြောတာပေါ့" ဟု မောင်ပါလေရာက ပြန်ပြောလိုက်၏။

ထိုအခါ ဆံသဆရာကိုဘန်ဒါက **"အရင်တစ်ခါတော့ လူမကြည့်နဲ့ ပါတီပဲကြည့်ဆိုတဲ့ စည်းရုံးမှုက လူထုကြားမှာ အတော်စိမ့်ဝင်အောင်မြင်သွားတာပဲနော်"**

"အေးပေါ့။ ပြည်သူတွေကလည်း အပြောင်းအလဲဖြစ်ချင်တဲ့ ဆန္ဒလည်းရှိ၊ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ယုံကြည်မှုရော၊ ချစ်ခင်မှုပါနှယ်ပြီးပြောတဲ့စကား နားထောင်လိုက်ကြလို့"

"ဟုတ်တယ်နော်။ အခုလိုသာ လူထုအကျိုးဒေသဖွံ့ဖြိုးတိုးတက်ရေးအကျိုးကို တကယ်စေတနာထားပြီးဆောင်ရွက်တဲ့ လူထုနိုင်ငံရေးသမားကိုပဲ ရွေးချယ်ကြသင့်တယ်လို့ဆိုရင် ဒီလောက်ဝက်ဝက်ကွဲနိုင်ပါ့မလားလို့ စဉ်းစားကြည့်မိတယ်ကွာ"

**"ဟ အဲဒီတုန်းက ပြိုင်ဘက်ပါတီတွေမှာလည်း လူကောင်း၊ လူတော်တွေ၊ နာမည်ကြီးနိုင်ငံရေးသမားတွေ၊ လူကြိုက်သူကြိုက်များတဲ့လူတွေ ရှိမှာပဲလေ"**

"ဟုတ်တယ်ကွ။ ငါမြို့တက်တဲ့အခါ လက်ဖက်ရည်ဆိုင်စကားဝိုင်းမှာ ကြားနေရတာလည်း ဒီသဘောပဲ"

"ဘယ်လိုကြားလို့လဲ"

"ဒီမိုကရေစီချစ်မြတ်နိုးသူတွေ၊ ဝန်းရံပြည်သူဆိုသူတွေ၊ အမေစုချစ်သူထောက်ခံသူတွေ ပြောလေ့ရှိတယ်"

"ခေါင်းဆောင်ကောင်းကို ထောက်ခံလို့၊ အားပေးချင်လို့၊ အပြောင်းအလဲကို လက်ခံမျှော်လင့်လို့၊ အောင်နိုင်ရေးမှာ ကြိုးစားပေးခဲ့တာ။ အောင်မြင်လို့ စင်ပေါ်ရောက်၊ တာဝန်တွေရလာတော့ အချင်းချင်းမညီမညွတ်ဖြစ်တာတွေ၊ အထက်အောက်အပြန်အလှန်လေးစားမှု နည်းတာတွေမြင်ရတော့ ပြည်သူရဲ့ထောက်ခံမှုကို စော်ကားတယ်လို့မြင်ကြတယ်တဲ့။ ပြည်သူကရွေးချယ်ပေးတဲ့ ကိုယ်စားလှယ်၊ ပြည်သူ့ကိုယ်စားလှယ်တွေဟာ ပြည်သူတွေစိတ်ပျက်အောင်၊ အထင်သေးအောင်၊ ယုံကြည်မှုနည်းအောင်မလုပ်သင့်ဘူးလို့ ပြောကြတယ်ဗျ"

"မှန်တာပေါ့ဗျာ။ အခု အဘထိန်တို့၊ အဘဦးတင်ဦးတို့ပြောစကားတွေဟာ နိုင်ငံရေးဘဝင်မြင့်၊ နှံနဲ့တဲ့သူတွေအတွက် ဆုံးမစကားတွေပဲ"

"မှန်တာပေါ့ မောင်ပါလေရာရယ်။ အခုအချိန်မှာ ၂၀၂၀ မတိုင်မီ ပါတီအသီးသီးမှာရှိတဲ့ ပါတီကေဒါတွေဟာ ပြည်သူ့အကျိုးသယ်ပိုးထမ်းဆောင်ရင်းနဲ့ အမှတ်ယူရမယ့်အချိန်ပေါ့"

**"ပြည်သူကြိုက်အောင်လုပ်တယ်ဆိုတာ အမှန်တရားဆိုတဲ့ ပေတံနဲ့တိုင်းပြီး လုပ်ကြရမှာ။ ပြည်သူအများစုက အမှန်တရားကိုကြိုက်ကြတယ်။**

အချို့အနည်းစုကသာ ကိုယ်ကျိုးအတ္တနဲ့ ယှဉ်ပြီး အလျှော့အတင်းလုပ်ကြိုက်ကြတာ။ လူထုအကျိုး၊ နိုင်ငံ့အကျိုးတကယ်ပြုမယ့် နိုင်ငံရေးသမားတွေ အဲဒါ သတိထားကြသင့်တယ်"

"မောင်ပါလေရာရေ မင်းပြောတာ အခုမှသဘောပေါက်တယ်ကွာ။ အောက်ခြေပါတီတာဝန်ယူထမ်းဆောင်သူတွေ၊ ပြည်သူ့အရေးတာဝန်ပေးလို့ တာဝန်ထမ်းဆောင်သူတွေ အသိပွားလို့ သတိထားရမှာကတော့ ကိုယ့်ပါတီတစ်ခုတည်း လူတော်လူကောင်းတွေရှိသည်မထင်လေနဲ့။ ပါတီစုံဖြစ်၍ လူစုံတက်စုံနဲ့ ပြည်သူ့ထံမှတ်ကျောက်တင် အရွေးခံကြရမှာဖြစ်တာမို့ ဒီတစ်ခါလူကိုကြည့်ပြီး ရွေးကြလိမ့်မယ်ဗျို့"

မောင်သာအိ(မအူပင်)

www.free4reader.com

# ဖဒိုမြို့ဈေးသစ်စီမံကိန်းဟုဆိုကာ ဒေသခံအချို့အား နှင်ထုတ်နေမှုနှင့်ပတ်သက်၍

# သတင်းစာရှင်းလင်းပွဲ ကျင်းပ

မင်းမနိုင် (စစ်တောင်း)

ကျောက်တံခါး၊ နိုဝင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့တွင်ဈေးသစ်ကြီး တည်ဆောက်မည်ဟုဆိုကာ နှစ်ပေါင်း ၂၀ ကျော်အခြေချနေထိုင်လာသော အိမ်ထောင်စု ၄၀ ကျော် လူဦးရေ ၁၅၀ ကျော်အား အတင်းအဓမ္မဖိအားပေးရုတ်တရက်နှင်ထုတ်နေမှုများကြောင့် ဒေသခံပြည်သူအချို့မှ မီဒီယာများအား ဖိတ်ကြားကာနိုဝင်ဘာလ ၂၅ ရက်နေ့ နံနက် ၁၀ နာရီက သတင်းစာရှင်းလင်းပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ဖိတ်ကြားထားသော သတင်းစာဆရာများ၊ ဂျာနယ်လစ်များ၊ ရုပ်သံသတင်းထောက်များ၊ နိုင်ငံရေးပါတီများ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြပြီးနောက်ဒေသခံများမှ မိမိတို့၏ လက်ရှိ ရင်ဆိုင်နေရသောအခက်အခဲများအား ရှင်းလင်းခဲ့ရာတွင် "ယခု ကျွန်တော်တို့ ယခုနေတဲ့ တိုက်ခန်းတွေက ၁၉၉၆ ခုနှစ်က ကျေးရွာပိုင်မြေပေါ်မှာ ကန်ထရိုက်တစ်ဦးက ဈေးတည်ဆောက်မယ်ဆိုပြီး မအောင်မြင်လို့ လစာနှစ်နဲ့ တစ်လ ငါးထောင်ပေးနေရတာပါ။ ယခင်ကတော့ တစ်ထောင်စသဖြင့်ပေါ့လေ။ အခုဟာက လည်း တအားဖိုဆိုးလာလို့ ပါလှမနေတဲ့ အခန်းတွေဖျက်တာက လက်ခံပါတယ်။ ဒီလောက်များတဲ့ အိမ်ထောင်စုတွေကို ချက်ချင်းဖယ်ပေးရမယ်ဆိုတော့ အဆင်မပြေဘူး။ လောလောဆယ် ဒီမှာနေတဲ့ လူတွေက လက်လုပ်လက်စားတွေပါ။ ပုဖောင်းရောင်း၊ အမှိုက်ကောက်၊ ကန်စွန်းရွက်ရောင်း၊ နေ့စားလိုက်ပြီး မိသားစုဝင်တွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးကိစ္စရပ်တွေကို ဖြေရှင်းနေရတာပါ။ ကျောင်းသားကျောင်းသူတွေလည်း ရှိနေသေးတယ်လေ" ဟု ဒေသခံ ဦးထိန်လင်းမှ ပြောကြားခဲ့သည်။

"ကျွန်တော့် အမျိုးသမီး အမျိုးသားနေ့က မီးဖွားခါနီး ဗိုက်နာလို့ မွေးခါနီးမှာ အခန်းကို လာဖျက်တယ်ဗျာ။ ကျွန်တော်တို့က ကျူးကျော်နေထိုင်တာ မဟုတ်ဘူး။ နှစ်ပေါင်းများစွာ လစာပေးပြီး နေခဲ့ရတာပါ။ ယခုတော့ ခွေးမောင်းသလို မောင်းထုတ်ခံနေရတယ်" ဟုလည်း ဒေသခံတစ်ဦးမှ ပြောကြားခဲ့သည်။

အဆိုပါ ဈေးဆိုင်ခန်းဟောင်းများအား ကန်ထရိုက်ဆိုသူမှ ငှားရမ်းပြီး



လစာများအားလည်း စည်ပင်ဌာနသို့ ပေးသွင်းထားခြင်း မရှိသကဲ့သို့ မြေနေရာ အဆောက်အဦအတွက်လည်း အခွန်အခများ ပေးသွင်းထားခြင်းလည်း မရှိကြောင်းနှင့် မြေနေရာသည် စည်ပင်သာယာ၏ အုပ်ချုပ်မှုအောက်တွင်သာရှိပြီး အဆောက်အဦများအား အန္တရာယ်ရှိလာသည်ဟု ကန်ထရိုက်မှတင်ပြလာသဖြင့် ဖျက်သိမ်းခွင့်ပြုခဲ့ကြောင်း မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းမှ ပြောကြားခဲ့သည်။

"မဖယ်ချင်လို့ ကပ်နေတာ မဟုတ်ပါဘူး။ နေစရာမရှိလို့ နေနေရတာပါ။ နှစ်ဦးနှစ်ဖက် အဆင်ပြေမယ့်နည်းလမ်းလေးကို ညှိနှိုင်းဆောင်ရွက်သင့်တာပေါ့ဗျာ။ အခုဟာက နို့တစ်စာထုတ်ပြီး တရားစွဲမယ်ဆိုတော့ ကျွန်တော်တို့က ထောင်ကျခံရုံပဲ ရှိတော့တယ်။ နိုင်ငံတော်သမ္မတကြီး၊ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တိုင်းဝန်ကြီးချုပ် ဌာနဆိုင်ရာများကိုလည်း အသနားခံစာ တင်ပြထားပါတယ်။ ကျွန်တော်တို့ ရွေးချယ်တင်မြှောက်ခဲ့တဲ့ အစိုးရက ကျွန်တော်တို့ အခက်အခဲကို လက်ပိုက်ပြီး ကြည့်မနေဘူးလို့ ယုံကြည်ပါတယ်" ဟု နေထိုင်သူ ပြည်သူတစ်ဦးမှ ပြောကြားခဲ့သည်။

အဆိုပါဈေးနေရာဟု သတ်မှတ်ထားသော မြေနေရာသည် ၃.၆၃ ဧကကျယ်ဝန်းပြီး ဈေးသစ်ကြီး မဖြစ်မနေတည်ဆောက်ရမည် ဆိုပါကလည်း လူနေအိမ်များအား အထူးတလည် ဖျက်သိမ်းရန် မလိုအပ်ကြောင်း လေ့လာသုံးသပ်သူတစ်ဦးမှ ပြောကြားခဲ့သည်။

# ပရိဘောဂအဖြစ်အသုံးပြုရန် ထန်းသားခြမ်း ဝယ်ယူမှုမြင့်တက်

သန်းညွန့်

ချောက်၊ နိုဝင်ဘာ ၂၆

ထန်းလျက်ဈေး ဈေးမကောင်း၍ ထန်းတက် ထန်းလျက် လုပ်ကိုင်ခြင်း မရှိတော့ဘဲ ထန်းသားခြမ်းများအား အိမ်ဆောက်ရာတွင် ပရိဘောဂသစ်အဖြစ် ဝယ်ယူနေကြရာ ထန်းသားခြမ်းဈေးကောင်းရနေကြောင်း မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်နှင့် ရေနံချောင်းမြို့နယ်မှ ထန်းစိုက်တောင်သူအချို့ထံမှ သိရသည်။



"ကျွန်တော်ဆိုရင် ထန်းတက်ရာသီဇန်နဝါရီမှ ဧပြီလအထိထန်းတက်ပြီး မိသားစု စားဝတ်နေရေးအပြင် ကျောင်းသားတွေအတွက် ပညာရေးစရိတ်အတွက်ပါ ဖူလုံတယ်။ ယခင်နှစ်ကစပြီး ထန်းမတက်ရတော့ဘူး။ ထန်းလျက်ဈေးက တစ်ပိဿာ ကျပ် ၄၀၀ ပဲရှိတဲ့အပြင် အသစ်ချိန်မှာ ဈေးအမြဲကျနေတာ" ဟု ချောက်မြို့နယ်ခွယ်ပေါက္ကံကျေးရွာဒေသခံ ထန်းသမားတစ်ဦးမှ ရှင်းပြသည်။

အထက်ပါ မြို့နယ်များတွင် ဒေသခံများသည် ထန်းပင်မှထွက်သော ထန်းလျက်ခဲနှင့် သကာရည်ကို ရောင်းချခြင်းအပြင် ထန်းရည်ခါးအဖြစ်လည်း ရောင်းချ စီးပွားရှာကြကြောင်း သိရသည်။

၂၀၁၅ ခုနှစ်စ၍ ထန်းသားခြမ်းအား အိမ်ဆောက်သစ်အဖြစ် ခုတ်လှဲရောင်းချနေရာ ထန်းသားခြမ်းတစ်တန်လျှင် ခုနစ်သိန်းဝန်းကျင် ပေါက်ဈေးရှိခဲ့ပြီး ယခုနှစ်တွင် ထန်းသားတစ်တန် ကိုးသိန်းအထိရှိကြောင်း ချောက်မြို့နယ် ဒေသခံ ကိုဝင်းမြင့်က ပြောသည်။

ယခုနှစ်တွင် ရန်ကုန်-မန္တလေး-နေပြည်တော်မှ အိမ်ထောင်ပရိဘောဂအဖြစ်လည်းကောင်း၊ လက်မှုပစ္စည်းအဖြစ်လည်းကောင်း ထန်းသားခြမ်းကို အသုံးပြုမှုများ ရှိနေခြင်းကြောင့် ဈေးကောင်းရနေခြင်းဖြစ်ကြောင်း ချောက်မြို့နယ်မှ ဒေသခံက ရှင်းပြသည်။

သစ်မာတစ်တန်ကို ၁၄ သိန်း ဝယ်သုံးရတယ်။ ဈေးကြီးတော့ ဝယ်မသုံးနိုင်လို့ ဈေးသက်သာတဲ့ ထန်းသားခြမ်းကိုပဲ ကိုးသိန်းဈေးနဲ့ ဝယ်သုံးရတာက ပိုအဆင်ပြေတယ်။ထန်းလျက်ကုန်ချောအဖြစ် ထုတ်နိုင်အောင်နဲ့ ဈေးကွက်ဝင်အောင် ဖော်ဆောင်နိုင်ရင်တော့ ထန်းပင်တွေ အခုလို ပြုန်းတီးမှာ မဟုတ်ဘူး" ဟု ဒေသခံများမှ ရှင်းပြသည်။

■



# နဂါးမောက်ခြံလုပ်ငန်းအတွက် ကွန်ကရစ်ကျောက်တိုင်အဝယ်လိုက်နေ

သန်းညွန့်

ကျောက်ပန်းတောင်း၊ နိုဝင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နဂါးမောက်ခြံများက ဝယ်ယူခြင်းကြောင့် ကွန်ကရစ်ကျောက်တိုင်များ အဝယ်လိုက်နေကြောင်း ကွန်ကရစ်ကျောက်တိုင်လုပ်ငန်းအချို့ထံမှ သိရသည်။

"ဒီလုပ်ငန်းကို ၂၀၁၅ ခုနှစ်က စလုပ်ပါတယ်။ ဩဂုတ်လကနေ အောက်တိုဘာလအထိ နဂါးမောက်ခြံတွေကို ရောင်းရတယ်။ လုပ်ငန်းကလည်း တစ်လမှာ တစ်ပတ်ထဲလုပ်ရတယ်။ ရောင်းအားမရှိခဲ့ဘူး။ ဖေဖော်ဝါရီလ ဆောက်လုပ်ရေးကာလမှာတော့ ရောင်းအားက ပြန်ကောင်းလာတယ်။ ဒီနှစ်ဝါကျွတ်ကာလမှာ တစ်ပတ်လုံး သုံးသိန်းဖိုးရောင်းရတယ်" ဟု ကွန်ကရစ်ကျောက်တိုင်လုပ်ငန်းရှင်တစ်ဦးမှ ပြောသည်။

ယခင်က နဂါးမောက်ခြံများတွင် သစ်သားကိုသာ အသုံးပြုနေရာမှ ယခုအခါ ကွန်ကရစ်ကျောက်တိုင်များ အစားထိုးလုပ်ကိုင်လာကြကြောင်း နဂါးမောက်ခြံတစ်ခြံကို သစ်သားတိုင်ဖြင့် ခုနစ်သိန်းခန့်ကုန်ကျပြီး ကျောက်တိုင်မှာ ၁၂ သိန်းအထိ ကုန်ကျသော်လည်း နှစ်ရှည် အသုံးပြုနိုင်ကြောင်း ပုပ္ပားဒေသခံ နဂါးမောက်စိုက်သူထံမှ သိရသည်။

ယခုနှစ်ဩဂုတ်လအထိ နဂါးမောက်ခြံ လေးဆယ်နီးပါးရှိကြောင်း ယခုရက်မိုးရွာသွန်းနေတဲ့အတွက် အစိုဓာတ်ရနေ၍ စိုက်နေကြကြောင်း ခြံပေါင်း ဆယ်ခြံခန့်တိုးလာကြောင်း နဂါးမောက်ပျိုးရောင်းဝယ်သူက ပြောသည်။

www.free4reader.com



# မြန်မာ့နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဒီမိုကရေစီ

ဘဂျမ်း

> “ ဒီမိုကရေစီဆိုတာ ဝါဒမဟုတ်ပါဘူး။ ကျင့်သုံးပုံ နည်းစနစ်သာဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီဟာ ဘက်လိုက်တတ်တဲ့ ကိရိယာတစ်ခုလည်းဖြစ်ပါတယ်

မြန်မာနိုင်ငံရေးသမိုင်းကတော့ ကမ္ဘာ့အဆင့်မီနိုင်ငံရေးသမိုင်းပဲ ဖြစ်ပါတယ်။ ပါတီစုံပါလီမန်ဒီမိုကရေစီကိုလည်း ကျင့်သုံးခဲ့ဖူးပြီးဖြစ်သလို တစ်ပါတီစနစ်ကိုလည်း ကျင့်သုံးခဲ့ဖူးပြီးဖြစ်ပါတယ်။ တပ်မတော်အစိုးရလည်း အုပ်ချုပ်ခဲ့ဖူးပြီးဖြစ်ပါတယ်။ အခုလည်း ပါတီစုံဒီမိုကရေစီတစ်ကြော့ပြန်အုပ်ချုပ်နေပြီဖြစ်ပါတယ်။ ကမ္ဘာမှာကျင့်သုံးနေတဲ့ နိုင်ငံရေးပုံစံများကို မြန်မာနိုင်ငံမှာလည်း ကျင့်သုံးနေသည်ဖြစ်လို့ ကမ္ဘာ့အဆင့်မီနိုင်ငံရေးလို့ပြောဆိုလိုက်ခြင်းဖြစ်ပါတယ်။

အဘယ်ကဲ့သို့သော စနစ်ဖြင့်အုပ်ချုပ်ခဲ့ကြသည်ဖြစ်စေ အောင်မြင်သည်လည်းရှိမည်၊ မအောင်မြင်သည်လည်းရှိမည်။ မည်သည့်စနစ်ကိုမှတော့ အပြစ်မပြောလိုပါ။ တာဝန်ရှိသူတိုင်းကတော့ နိုင်ငံအတွက်၊ ပြည်သူအတွက် ဦးတည်ဆောင်ရွက်ခဲ့ကြသည်သာဖြစ်ပါတယ်။ ကမ္ဘာ့သမိုင်းမှာ တစ်ပါတီစနစ်ဖြင့် ထိပ်ဆုံးရောက်နေသည့် တရုတ်နိုင်ငံရှိသလို၊ ပါတီစုံစနစ်ဖြင့် ထိပ်ဆုံးရောက်နေသည့် အမေရိကန်နိုင်ငံဆိုတာလည်း ရှိပါသည်။ မြန်မာနိုင်ငံကတော့ ပါတီစုံလည်းလုပ်ခဲ့ဖူးပြီ။ တစ်ပါတီစနစ်လည်း ဖြီးခဲ့ပါပြီ။ အခုလည်း ပါတီစုံစနစ်ပြန်လည်ကျင့်သုံးနေပြီဖြစ်ပါသည်။ တရုတ်ပြည်တို့၊ အမေရိကန်တို့နှင့် မတူကွဲပြားထူးခြားနေမှုကတော့ မြန်မာပြည်မှာ လက်နက်ကိုင်အဖွဲ့အစည်းတွေ များပြားနေခြင်းပဲဖြစ်ပါတယ်။ တချို့ကတော့ တစ်ပါတီအာဏာရှင်စနစ်ကြောင့်၊ တပ်မတော်အာဏာရှင်များကြောင့်ဟု ပုံဖြီးချတတ်ကြပါသည်။ တစ်ပါတီဖြစ်စေ၊ တပ်မတော်ဖြစ်စေ၊ ပါတီစုံဖြစ်စေ အာဏာမရှိဘဲနှင့်တော့ အုပ်ချုပ်လို့မရနိုင်တဲ့အတွက် အာဏာကတော့ ရှိရမှာပင်ဖြစ်ပါတယ်။

မြန်မာ့သမိုင်းမှာ ပဒေသရာဇ်ခေတ်တုန်းကလည်း ဧကရာဇ်တွေကို သက်ဦးဆံပိုင်ဘုရင်များဟု ခေါ်ခဲ့ကြပါတယ်။ ဒါအာဏာပိုင်ဆိုင်မှုပဲဖြစ်ပါတယ်။ အသက်တောင်မှ ပိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးကိုလည်း **“ဘဝရှင်မင်းတရားကြီး”** လို့ခေါ်ခဲ့ကြပါတယ်။ ဒီလိုပါပဲ ပါတီမန်ပါတီစုံဒီမိုကရေစီခေတ်တုန်းကလည်း ခေါင်းဆောင်ကို **“ဘဝရှင်မင်းတရားကြီး”** လို့ အတိုက်အခံများက သမုတ်ခဲ့ကြဖူးပါတယ်။ ဒီမိုကရေစီဆိုတာကလည်း အမျိုးမျိုးရှိပါတယ်။ ဒီမိုကရေစီဆိုတာ ဝါဒမဟုတ်ပါဘူး။ ကျင့်သုံးပုံနည်းစနစ်သာဖြစ်ပါတယ်။ ဒါ့အပြင် ဒီမိုကရေစီဟာ ဘက်လိုက်တတ်တဲ့ကိရိယာတစ်ခုလည်း ဖြစ်ပါတယ်။ ဒီမိုကရေစီကိုကျင့်သုံးတဲ့အခါ **“ဘယ်သူ့အတွက်လဲ၊ ဘာလုပ်ဖို့လဲ”** ဆိုတဲ့ ရွေးချယ်မှုလေးဟာ တကယ်တော့ **“နိုင်ငံအတွက်ပဲ”** ဆိုတာ ထင်ရှားပေါ်လွင်စေဖို့သာ အဓိကပါခင်ဗျာ။ ပါတီစုံပါလီမန်ဒီမိုကရေစီခေတ်ဦးတုန်းက “ဘဝရှင်မင်းတရားကြီး” ဆိုတာဖြစ်ပေါ်ခဲ့ဖူးပြီဖြစ်လို့ သတိကြီးစွာထားပြီး စီမံဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒီမိုကရေစီမှာလည်း အာဏာရှင်ရှိတတ်တာပါပဲ။

၂၀၁၀ ရွေးကောက်ပွဲမတိုင်မီက ရွေးကောက်ပွဲရွေးကောက်ပုံနည်းစနစ်ဆွေးနွေးကြတဲ့အချိန် မှာ **“နိုင်သူအကုန်ယူစနစ်လား”**၊ **“အချိုးကျစေပုံချ”** စနစ်နဲ့သွားမှာလား ဆွေးနွေးပွဲကိုလည်း သတိရနေဆဲပါ။ နောက်ဆုံးအဖြေကတော့ **“နိုင်သူအကုန်ယူ”** စနစ်ဖြင့် ရွေးကောက်ခဲ့ခြင်းသာဖြစ်ပါတယ်။ **“နိုင်သူအကုန်ယူ”** စနစ်မှာ အထူးသတိထားဖို့လိုတာကတော့ **“လူအုပ်စုဝါဒ”** ဖြင့် အနိုင်မယူမိဖို့ အထူးအရေးကြီးပါတယ်။ “လူအုပ်စုဆိုတာ” ဒီမိုကရေစီမဟုတ်ပါ။ မြန်မာ့ဒီမိုကရေစီက နုနုနယ်နယ်အရွယ်သာဖြစ်ပါတယ်။ ကမ္ဘာ့မည်သည့်နိုင်ငံနှင့်မှလည်း ဒီမိုကရေစီခြင်း တိုင်းကြည့်လို့ရမည်မဟုတ်သလို၊ သူတို့နိုင်ငံမျိုးနှင့်လည်း တူလာအောင်လုပ်ယူလို့လည်း မရနိုင်သေးပါ။

ဆက်ပြီးပြောချင်တာလေး ရှိပါသေးတယ်။ ဒါကတော့ ငြိမ်းချမ်းရေးကိစ္စရပ်ပါခင်ဗျာ။ ငြိမ်းချမ်းရေးကိုတော့ တစ်နိုင်ငံလုံးတိုင်းရင်းသား လူမျိုးအားလုံးက လိုချင်ကြတာပါ။ တိုင်းရင်းသားလူမျိုးတွေအားလုံးစုပြီးပါဝင်တဲ့ မြန်မာလူမျိုးတွေဟာ တစ်မိသားစုဖြစ်တဲ့အတွက် မိသားစုစိတ်ဓာတ်ဖြင့် ညှိနှိုင်းတိုင်ပင်အဖြေရှာကြမယ်ဆိုရင် ငြိမ်းချမ်းရေးဟာ ရနိုင်ပါတယ်။ ဝေါနှင့်မောနှင့်၊ တုတ်တစ်ပျက်၊ ဓားတစ်ပျက်နှင့် ခပ်ကြမ်းကြမ်းခပ်ရမ်းရမ်းတွေနဲ့ကတော့ ငြိမ်းချမ်းရေးအလှမ်းဝေးသွားမှာ စိုးရိမ်မိပါတယ်။

ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ လမ်းစဉ်ပါတီခေတ်ကလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ လုပ်ခဲ့ဖူးပါတယ်။ ဗကပအပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းတချို့လာပြီး ဆွေးနွေးခဲ့ကြဖူးပါတယ်။ နောက်ဆုံးတော့လည်း သူတို့ပြည်သူကို ကျောခိုင်းပြီး တောထဲပြန်သွားကြတာပါပဲ။ မအောင်မြင်ခဲ့ပါဘူး။ ငြိမ်းချမ်းရေးဆိုတာကတော့ လက်နက်ကိုင်အဖွဲ့ဆိုတာမရှိတော့ဘဲနှင့် အားလုံးတစ်ပြေးညီ ဥပဒေဘောင်ထဲမှာ နေထိုင်နိုင်ဖို့လိုတာပါပဲ။ ကိုယ့်ရဲ့အဖွဲ့တိုင်းက အဖွဲ့ဝင်တွေခေါင်းဆောင်မှ အောက်ခြေအဆုံး အားလုံးကငြိမ်းချမ်းရေးယူမယ်ဆိုတဲ့ စိတ်ဓာတ်ဖြင့် ဆောင်ရွက်မှဖြစ်မှာပါ။ တစ်ယောက်တစ်ပေါက်ဆိုလျှင် ဒီအဖွဲ့က ငြိမ်းချမ်းရေးရသော်လည်း ကျန်တစ်ဖွဲ့က ခွဲထွက်အဖွဲ့အနေဖြင့် အသစ်ပေါ်လာပါကလည်း ငြိမ်းချမ်းရေးမျှော်လင့်ချက်နှင့် ဝေးနေဦးမှာပဲဟု မြင်မိပါတယ်။

တပ်မတော်အစိုးရလက်ထက်ကတော့ ၁၉၈၉ ခုနှစ်ကစပြီး လက်နက်ကိုင်အဖွဲ့အစည်းအတော်များများ(၁၇)ဖွဲ့နှင့် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးမဟုတ်သေးသည့်တိုင် အေးချမ်းခဲ့တာကတော့ အမှန်ပဲ။

ဒီမိုကရေစီခေတ်ရောက်မှ လက်နက်ကိုင်တိုက်ပွဲတွေပြန်စတာဟာ ဒီမိုကရေစီနှင့် လက်နက်အံဝင်ခွင်ကျမဖြစ်နိုင်လို့လားဟုလည်း တွေးမိပါတယ်။ သမ္မတကြီးဦးသိန်းစိန်အစိုးရခေတ်က ရေးဆွဲခဲ့တဲ့ NCA အပစ်အခတ်ရပ်စဲရေးစာချုပ်ကြီးရေးဆွဲစဉ်ကလည်း လက်နက်ကိုင်အဖွဲ့အစည်းအကုန်လုံးနီးပါး ပါဝင်ရေးဆွဲပြီး သဘောတူခဲ့ကြတာပါပဲ။ လက်မှတ်ထိုးတဲ့အချိန်ရောက်မှ အချို့က မထိုးဘဲနေခဲ့ကြတာဟာလည်း စဉ်းစားစရာကြီးပါ။ ၂၁ ရာစုပင်လုံပထမအစည်းအဝေးတုန်းက လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ တင်ပြချက်တွေကို ကြားရသလောက်ကတော့ အားရစရာမပါတာတော့ အမှန်ပါပဲ။ ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ဖက်ဒရယ်ခွဲထွက်ခွင့်တောင်းခဲ့လို့ တိုင်းပြည်ပြိုကွဲမှာစိုးရိမ်လို့ တပ်မတော်ကကာကွယ်ခဲ့ရသည်ကိုလည်း သတိရနေဆဲပါ။ အခု ဖက်ဒရယ်ကတော့ ခွဲထွက်ခွင့်ထက်တောင် ပိုဆိုးနေသလားလည်း မပြောတတ်တော့ပါဘူး။ ငြိမ်းချမ်းရေးအကြောင်းပြောနေကြစဉ်မှာပဲ တိုက်ပွဲတွေက အဆက်မပြတ်ကြားနေရတာ ဟုတ်မှဟုတ်ပါ့မလားပေါ့။

ဘယ်လိုပဲဖြစ်စေ တပ်မတော်အနေနဲ့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသော တာဝန်များအတိုင်းဆောင်ရွက်မယ်လို့ ယုံကြည်ထားပါတယ်။ ဒါကလည်း တပ်မတော်ရဲ့အစဉ်အလာတစ်ရပ်ပါပဲ။

ကျွန်တော်တို့ကတော့ လက်ရှိရရှိပြီးသားတည်ငြိမ်အေးချမ်းမှုကို ထိခိုက်မှာတော့ စိုးရိမ်တာအမှန်ပါပဲ။ ထာဝရငြိမ်းချမ်းရေးကြီးကိုတော့ ပိုပြီးလိုချင်တာပေါ့ခင်ဗျာ။

ဘဂျမ်း

www.free4reader.com





# မသိလို့ မေးပါရစေဦး

| ဓမ္မဘက်တော်သား(အင်ကြင်းမြေ) |

**အခုတိုင်းပြည်အတွင်းမှာ ဖြစ်ပျက်နေတာတွေ တော်တော်များများက အသည်းထိတ်စရာတွေ များတယ်ဗျာ။ ဒါကြီးသာ "ဒီမိုကရေစီ" ဆိုရင်တော့. . . .**

ကျုပ်ကတောသားပါ။ တောသားတစ်ယောက် မြို့ပေါ်ရောက်လာတော့ အထူးအဆန်းတွေကို တွေ့ရတဲ့အခါ အံ့လည်းအံ့သြမိသလို သိချင်တဲ့စိတ်တွေကလည်း တားမရပါဘူး။ ဒါကြောင့်မို့ ကျုပ်သိချင်တာလေးတွေကို မေးခွင့်ပြုကြပါဗျာ။ ဖြေတာကတော့ ပညာရှင်တွေ ဖြေကြမယ်ထင်ပါရဲ့။ ဘယ်သူမှမဖြေလည်း ကိစ္စမရှိပါဘူး။ ဘာလို့လဲဆိုတော့ ကျုပ်ကတောသားဆိုပေမယ့် သိသင့်၊ သိထိုက်တာလေးတွေကိုတော့ တီးမိခေါက်မိရှိအောင် လေ့လာထားပါတယ်ဗျ။

အခုမေးမယ်ဆိုတာကလည်း တကယ်တော့ ကျုပ်သိပြီးသားကိစ္စပါ။ ဒါပေမဲ့ ကျုပ်သိထားတာနဲ့ မြင်တွေ့နေရတာတွေက အရမ်းကိုကွာခြားနေလေတော့ ဘယ်ဟာက အမှန်၊ ဘယ်ဟာကအမှားဆိုတာ ဝေခွဲရခက်နေလို့ပါ။ ကျုပ်က အမှန်တရားကို လိုလားသူဆိုတော့ အမှန်ကိုသိချင်တယ်ဗျ။ ဒါကြောင့် မေးကြည့်ချင်တာပါ။

ဒီလိုဗျ။ ၈၈ အရေးအခင်းဆိုတာကြီးဖြစ်တုန်းက ကျုပ်က တတိယတန်းကျောင်းသားအရွယ်ပဲရှိသေးတယ်။ ဒါပေမဲ့ အဲဒီအချိန်တုန်းက မြင်ကွင်းတွေကိုတော့ အခုအထိမှတ်မိနေတုန်းပဲ။ ကျုပ်တို့ရွာထိပ်က ရန်ကုန်၊ မန္တလေးကားလမ်းမကြီးပေါ်မှာ ရွာတကာရွာက လူတွေဟာ အုပ်စုလိုက် စီတန်းလမ်းလျှောက်ပြီး **"ဒီမိုကရေစီရရှိရေး တို့အရေး၊ တို့အရေး"** ဆိုပြီး အော်နေကြတာ ကျုပ်မျက်စိထဲက အခုထိမထွက်သေးပါဘူး။

အဲဒီကစလို့ **"ဒီမိုကရေစီ"** ဆိုတဲ့စကားလုံးကို ကောင်းကောင်းကြီး မှတ်မိနေခဲ့ပါတယ်။ ကလေးအရွယ်ဆိုတော့ ကလေးအတွေးနဲ့လည်း တွေးခဲ့ဖူးတယ်။ **"ဒီလူတွေက ဒီမိုကရေစီဆိုတာကြီးကိုတောင်းပြီး ဘာလုပ်ကြမှာလဲ"** လို့ပေါ့။ သူတို့တွေကတော့ အားနဲ့၊ မာန်နဲ့ တောင်းနေလိုက်ကြတာ ပျော်စရာတော့ အကောင်းသားဗျ။ ဒါပေမဲ့လည်း သူတို့တောင်းဆိုနေတဲ့ **"ဒီမိုကရေစီ"** ဆိုတာကြီးမရလိုက်ဘဲ ကျောင်းသူကျောင်းသားတွေနဲ့ ရဟန်းသံဃာတော်တွေ၊ ပြည်သူလူထုတွေအများကြီး အသက်ပေးဆပ်လိုက်ရတယ်ဆိုတာကျုပ် စတုတ္ထတန်းကျောင်းသားဘဝရောက်တော့ အဘိုးရဲ့စာအုပ်တွေကို ယူဖတ်ကြည့်ပြီး သိခဲ့ရပါတယ်။

ဟော အခုတော့ NLD ပါတီက ရွေးကောက်ပွဲမှာ အနိုင်ရပြီး အစိုးရတစ်ရပ်ဖွဲ့နိုင်ခဲ့တယ်။ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပြီး ဒီမိုကရေစီရပြီဆိုပြီး ကြွေးကြော်ကြတယ်။ ပျော်နေကြတဲ့သူတွေလည်း အများအပြားပါပဲ။ ကျုပ်ကတော့ ငယ်ငယ်က မြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းလေးကိုမြင်ယောင်ရင်း အဲဒီတုန်းကတွေးခဲ့ဖူးတဲ့အတိုင်းပဲ လူတွေလိုချင်နေတဲ့ ဒီမိုကရေစီဆိုတာကို ရပြီဆိုတော့ အဲဒီလူတွေဘာလုပ်ကြမှာလဲလို့ တွေးမိရင်းစောင့်ကြည့်နေမိပါတယ်။

အဲဒီအချိန်မှာပဲ အစိုးရရဲ့တာဝန်ရှိလူကြီးတစ်ယောက်က **"နိုင်ငံရဲ့စီးပွားရေးကို လပိုင်းအတွင်း တိုးတက်အောင်လုပ်မယ်"** ဆိုပြီး ပြောလာတယ်ဗျ။ ကျုပ်ကတော့ အောက်မေ့မိလိုက်ပါတယ်။ **"ဒီမိုကရေစီဆိုတာကြီးက တယ်ဟုတ်ပါလား"** လို့ပေါ့။ အဲနောက်တော့ သိပ်မကြာဘူး။ ကုန်ဈေးနှုန်းတွေတက်လာပြန်တယ်။ ပြီးတော့လည်း အစိုးရကိုဝေဖန်အပြစ်ပြောရင် ပုဒ်မ ၆၆ (ဃ)ဆိုတာနဲ့ တရားစွဲမယ်တဲ့။ ပြီးတော့ တကယ်စွဲတယ်ဗျ။

နောက်မကြာမီဘဲ လွှတ်တော်အမတ်အချို့ရဲ့သတင်းတွေထွက်လာပြန်တယ်။ တစ်ဦးက KTV တစ်ခုမှာ အရက်မူးပြီးပြဿနာရှာသတဲ့။ နောက်တစ်ဦးကတော့ နောက်မီးလင်းနေတာကို မယားကြီးကိုယ်တိုင်မိတယ်ဆိုဘဲ။ အဲဒီနောက်မှာတော့ ပါတီဝင်အချင်းချင်းလွှတ်လပ်စွာသဘောထားတွေကွဲလွဲကြပြီး ပြဿနာတွေမျိုးစုံတက်ကြတာတွေလည်းရှိသဗျ။

နောက်တော့ လူသူထူထပ်တဲ့ ရန်ကုန်မြို့ထဲလိုနေရာတွေမှာ ခိုးဆိုးလုနှိုက်တွေနဲ့ လူသတ်မှုတွေများပြားလာခဲ့ပြန်တယ်။ အစိုးရသစ်လက်ထက်မှာ ချည်စာရင်းဥပဒေကိုပယ်ဖျက်လိုက်ပြီး မကြာမီမှာဘဲ ခိုးဝင်လာလိုက်တဲ့ဘင်္ဂါလီတွေဆိုတာ အများအပြားပါပဲ။ ဒါထက်ဆိုးတာက ရခိုင်ပြည်နယ်မှာ ဘင်္ဂါလီအကြမ်းဖက်သမားတွေဟာ နယ်မြေလုဖို့အစီအမံတွေနဲ့ တိုက်ခိုက်မှုတွေလုပ်လာကြတာ ခုအချိန်အထိ စိတ်ချရတဲ့အခြေအနေကို မရောက်ရှိသေးပါဘူး။

ပြီးတော့ ၂၁ ရာစုပင်လုံဆိုပြီး လုပ်လိုက်ပြန်တယ်။ အဲဒီနောက်မှာတော့ တိုင်းရင်းသားလက်နက်ကိုင်ဖြစ်တဲ့ KIA အဖွဲ့တွေနဲ့ တိုက်ပွဲတွေအပြင်းအထန်ဖြစ်တယ်။ အခုလည်း မှုဆယ်ဘက်မှာ တိုက်ခိုက်နေကြတုန်းပဲ။ ဒီကြားထဲ သက်ငယ်မုဒိမ်းမှုတွေဆိုတာလည်း မကြားချင်မှအဆုံးပါပဲ။ နောက်ပြီးတော့ သတင်းတစ်ခု ကြားလိုက်သေးတယ်။ ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း တိုင်းရင်းသားမျိုးနွယ်စုအားလုံးရဲ့ဘဝ လုံလုံခြုံခြုံရပ်တည်နိုင်ရေးနဲ့ အကြမ်းဖက်သမားများ၊ ကျူးကျော်သူများ နောက်ထပ်မကျူးကျော်နိုင်ရေး စီမံဆောင်ရွက်ပေးရန် အစိုးရကိုတိုက်တွန်းကြောင်း အရေးကြီးအဆိုကို လွှတ်တော်မှာတင်သွင်းခွင့်မရဘူးတဲ့ဗျာ။

အခုတစ်လော အသေးစားပေါက်ကွဲမှုတွေကလည်း ဆက်တိုက်ဆိုသလိုဖြစ်လာနေတယ်။ ပြီးတော့လည်း အရင်ကနိုးဝှက်ရောင်းချခဲ့ရတဲ့ နှစ်လုံးထီချိုင်း၊ သုံးလုံးထီချိုင်းတွေဆိုရင်လည်း အခုပေါ်ပေါ်တင်တင်ပဲ။ ဈေးထဲမှာရောင်းချနေတာတွေ့နေရပြန်တယ်။ **ပြီးတော့ ပြည်သူလူထုရဲ့စီးပွားရေးကိုကြည့်ဦး။ မအားရုံနေ၊ မသေရုံစားနေရတဲ့ဘဝတွေပါ။ ကိုယ်ပိုင်အရင်းအနှီး မရှိတဲ့တောင်သူတွေဆိုရင် လာမယ့်ရာသီစပါး စိုက်ဖို့ခက်နေကြပြီ။**

ကျုပ်မေးကြည့်ချင်တာကတော့ **"ဒါတွေအားလုံးဟာ လူတွေပြောပြောနေတဲ့ ဒီမိုကရေစီဆိုတာကြီးလား"** လို့ပါ။

အဲဒါဆိုရင်တော့ အဲဒီ **"ဒီမိုကရေစီ"** ဆိုတာကြီးကို ပိုင်ရှင်ဆီပြန်ပေးလိုက်တာ ကောင်းမယ်ဗျ။ ကြာလာရင် ကျုပ်တို့တိုင်းပြည်ကို အဲဒီဟာကြီးက ဘာတွေဆက်လုပ်လာမယ်ဆိုတာ မခန့်မှန်းနိုင်ဘူး။ အခုတိုင်းပြည်အတွင်းမှာ ဖြစ်ပျက်နေတာတွေ တော်တော်များများက အသည်းထိတ်စရာတွေ များတယ်ဗျာ။ ဒါကြီးသာ **"ဒီမိုကရေစီ"** ဆိုရင်တော့ ကျုပ်ကတော့ မကြိုက်ဘူးဗျို့။ သူတို့ကတော့ ဘာတွေသဘောကျပြီး မရမကတောင်းလာကြတယ်မသိပါဘူး။ ကျုပ်ကတော့ အံ့သြမိပါရဲ့။

ကျုပ်သိတဲ့ **"ဒီမိုကရေစီ"** က အခုလိုကြီးမဟုတ်ပါဘူးဗျာ။ ကျုပ်ဖတ်ဖူးတာတော့ **"ဒီမိုကရေစီဆိုတာ အစိုးရရှိမှန်းတောင်မသိရဘူး"** တဲ့။ ဒါက အရှင်းဆုံးပုံစံနဲ့ ပြောထားတာပါ။ အဲဒီလောက်ကို အေးချမ်းတာတဲ့ဗျာ။ မှုခင်းမရှိလို့ ရဲတွေတောင် အလုပ်လက်မဲ့ဖြစ်သွားနိုင်သတဲ့။ မိန်းကလေးတွေနဲ့ ယောကျ်ားတွေရဲ့ အဝတ်အစားဝတ်ပုံတွေနဲ့ လူတွေရဲ့လိင်မှုကိစ္စတွေဟာ လွဲရင် ကျန်တာတွေအားလုံးဟာ ပွင့်လင်းမြင်သာမှုရှိလို့ ဘာမှအငြင်းပွားစရာမလိုပါဘူးတဲ့ဗျာ။

ဟိုအရင်က မြန်မာနိုင်ငံဟာ သူခိုးမရှိတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ဖူးပါသတဲ့။ နောက်တော့ သူခိုးအများဆုံးနိုင်ငံဖြစ်လာတယ်။ အခု ဒီမိုကရေစီဆိုတာကြီးရောက်လာတော့ သူခိုးတွေပျောက်ကုန်ပြီး နယ်ချဲ့သောင်းကျန်းသူတွေနဲ့ ချည်ကားလာလိုက်တာ ပျော်ဖို့တောင်ကောင်းတယ်ဗျာ။ သီတင်းကျွတ်လမှာ ဗျောက်အိုးဖောက်စရာ မလိုလောက်အောင် သေနတ်သံတွေနဲ့ ဆူညံနေတာ **"ဒီမိုကရေစီ"** တဲ့လားလို့ မေးကြည့်ချင်တာပါ။

❑

# ၂၀၂၀ အတွက် ပါတီ အစိုးရ လွှတ်တော် ကိုယ်စားလှယ်တွေကို

# ပြုပြင်ပြောင်းလဲရဦးမယ့် NLD

တက်ခေတ်လူ

ပြီးခဲ့တဲ့ NLD ဗဟိုကော်မတီအစည်းအဝေးကြီးမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က NLD ရဲ့ ရှေ့လုပ်ငန်းစဉ်ငါးရပ်ချမှတ်ခဲ့တာကိုကြည့်ရင် (၁) အဖွဲ့အစည်းအသီးသီးတွင် ပုဂ္ဂိုလ်များတို့သည် မည်သည့်လုပ်ငန်းကိုမဆို ဆောင်ရွက်ကြရာတွင် မိမိကိုယ်တိုင် အဂတိတရားကင်းစင်ကြရမည့်အပြင် မိမိတို့တာဝန်ခံထားသောဌာနအဖွဲ့အစည်းများရှိ ဝန်ထမ်းများအဂတိလိုက်စားမှုကို ဟန့်တားတိုက်ဖျက်ရန်လို့ ပါရှိပါတယ်။ ဒါကိုကြည့်ရင် ပါတီရဲ့ရှေ့လုပ်ငန်းစဉ်က အစိုးရလုပ်ရမယ့် အလုပ်တွေကို ပါတီကအမိန့်ပေးညွှန်ကြားသလိုဖြစ်နေတယ်။ လွဲတော့တော်တော်လွဲနေပါပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလုပ်ငန်းစဉ်က အစိုးရကချမှတ်ရေးဆွဲရမှာပါ။ တစ်ခုတော့ရှိတယ်။ NLD က အတိုက်အခံဘဝမှာကတည်းက တစ်နေ့နိုင်ငံတော်ရဲ့အာဏာကို ရလာခဲ့ရင် ကျင့်သုံးရမယ့်မူဝါဒတွေချမှတ်ထားတာရှိပါတယ်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံခြားရေးမူဝါဒတွေပါ ဒီမူဝါဒအတိုင်း အစိုးရဖြစ်လာခဲ့တဲ့အခါ ကျင့်သုံးဖို့ ပိုပြီး NLD ခေါင်းဆောင်တွေက မကြာခဏပြောထားဆိုထားဖူးပါတယ်။ ဒီလိုဆက်စပ်ချိတ်တွဲစဉ်းစားရင်တော့ မှန်ကောင်းမှန်နိုင်ပေမယ့် ခုအစိုးရဖြစ်လာပြီဆိုတဲ့အတွက် အစိုးရရဲ့မူဝါဒကို အစိုးရအဖွဲ့ထဲမှာပဲ ချမှတ်အစီရင်ခံတင်သွင်းတာဟာ ပိုပြီးသင့်တော်မှာပါ။ **အနုပညာက ပါတီခေါင်းဆောင်တွေက အစိုးရအဖွဲ့တွေကို ညွှန်ကြားချက်ပြန်ပေးနေရတယ်ဆိုတာ လုပ်ငန်းခွင်နဲ့ တာဝန်တွေ ရောထွေးယှက်တင်ဖြစ်နေတာဟာ NLD အစိုးရအတွက်ရော၊ ပါတီအတွက်ပါ အလားအလာမကောင်းနိုင်ပါဘူး။** ပြီးတော့ ဒီလုပ်ငန်းစဉ်ထဲမှာ အစိုးရအဖွဲ့နဲ့ ဌာနဆိုင်ရာအကြီးအကဲတွေရဲ့ လစာက သူတို့အခြေအနေနဲ့လုံလောက်ပိုလျှံနေတော့ အဂတိမလိုက်စားရရင်လည်း အလုံးရောအထည်ရော မလျော့သွားပါဘူး။ **အာဏာနဲ့ ငွေကြေးက လူရဲ့သည်းခြေကြိုက်တွေဆိုတော့ အနီးအထက်ပုဂ္ဂိုလ်တွေကရော လာဘ်မစားတော့ပါဘူးလို့ တထစ်ချကောက်ချက်ချလို့မရနိုင်သေးပါဘူး။** ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ထဲမှာတောင် ကိုယ်စားလှယ်တစ်ယောက်က ရန်ကုန်တိုင်းအစိုးရအဖွဲ့ကို လျှို့ဝှက်ပုံပိုးထားတဲ့ စာရင်းအင်းတွေကို အများပြည်သူသိအောင် ရှင်းလင်းပြန်ကြားပေးဖို့စာရင်းစစ်ချုပ်ကနေတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌကို မေးမြန်းထားဖူးပါတယ်။ ဒါပေမဲ့ အစိုးရအဖွဲ့ရဲ့ပြောကြားချက်က မရေမရာပါဘဲ။ ဒီတော့ ဌာနဆိုင်ရာဝန်ထမ်းတွေ အဂတိမလိုက်စားရဘူးလို့ အတင်းအကြပ်ကွပ်ညှပ်လိုက်တာဟာ ရတဲ့လစာနဲ့ မိသားစုကို လိပ်ပတ်လည်အောင် မနည်းရုန်းကန်ဖြေရှင်းနေရတာကို အားလုံးသိကြမှာပါ။ ရတဲ့လစာ၊ မြင့်တက်နေတဲ့ကုန်ဈေးနှုန်းတွေနဲ့ အဂတိမလိုက်စားရင် မရတဲ့အခြေအနေမျိုးမှာပဲ ရှိနေပါသေးတယ်။

ဒီတော့ NLD အစိုးရလုပ်ရမှာက လစာကိုတိုးပေးမလား၊ ကုန်ဈေးနှုန်းကို သင့်တင့်တဲ့အနေအထားရောက်အောင် ထိန်းချုပ်ပေးနိုင်မလား၊ အဂတိလိုက်စားမှုလျော့ပါသွားအောင် အရင်လုပ်မှာလား ဒီအဖြေကစရမှာ။ ဝန်ကြီး၊ ဝန်ကလေးတွေ ဌာနဆိုင်ရာအကြီးအကဲအဆင့်တွေ ငါးသိန်းစား၊ ၁၀ သိန်းစား။ လွှတ်တော်ကိုယ်စားလှယ်တွေက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုပြီး တကြော်ကြော်အော်လို့ ကြည့်ကောင်းနေပေမယ့် အောက်ခြေဝန်ထမ်းတွေ၊ လက်လုပ်လက်စားပြည်သူတွေကတော့ စားဝတ်နေရေးအတွက် ဖယ်ဆက်သလို ရုန်းကန်နေရတဲ့ ထူးခြားနားဘဝကို ပြန်လှည့်ကြည့်ပြီးအလုပ်လုပ်ပြကြပါဦးလို့ ပြောချင်ပါတယ်။ ဒါကိုအရင်မလုပ်ဘဲနဲ့ အစိုးရသက်တမ်းနုနယ်သေးတဲ့အချိန်မှာ နှစ်ပေါင်း ၆၀ နီးပါးဟောင်းနွမ်းဆွေးမြေ့နေတဲ့ လက်နက်ကိုင်ပဋိပက္ခလို အနာဆွေးကြီးကို အလောတကြီးကုသဖို့ ရည်ရွယ်ချက်နဲ့ NLD အစိုးရက စတင်ကိုင်တွယ်ပါတော့တယ်။ ဘယ်အစိုးရတက်တက် ဒီလုပ်ငန်းစဉ်ကြီးမဖြစ်မနေကြိုးစားလုပ်ကိုင်ရမယ့် တာဝန်ရှိနေတယ်လို့ ဆိုသော်ငြားလည်း NLD ရဲ့ **ဒီနည်းဗျူဟာကတော့ လတ်တလောစားဝတ်နေရေးကျပ်တည်းနေကြတဲ့ အများစုသောပြည်သူတွေရဲ့ မျှော်လင့်ချက်နဲ့ ဆန့်ကျင်ဘက်ကို ရောက်သွားပါတော့တယ်။** ပြည်သူတွေလိုချင်နေတဲ့အပြောင်းအလဲဟာ အခြေခံကျတဲ့ အပြောင်းအလဲပါ။ စားဝတ်နေရေးပြေလည်ဖို့၊ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့ပါ။ ဒါကိုအစိုးရတစ်ရပ်အနေနဲ့ စပြီးကြိုးစားဖြည့်ဆည်းပေးလို့ ရနိုင်ပါတယ်။ ဒါကြောင့် ပထမဦးဆုံးအဓိကလုပ်ရမယ့် လုပ်ငန်းစဉ်ကို မျက်ကွယ်ပြုပြီး မမိတဲ့ပန်းကို အရင်လှမ်းလိုက်တဲ့ NLD ရဲ့ နည်းဗျူဟာအလွဲတွေက အစုဆိုပျားအုံတုတ်နဲ့ ထိုးသလို၊ စစ်ရေးပဋိပက္ခတွေ ပိုပိုပြီးကြီးထွားလာတာကို မြင်နေရပြီလေ။ ဒါကို ရေငုံနှုတ်ပိတ်နေလို့မရတော့ပါဘူး။ အစိုးရတစ်ရပ်အနေနဲ့ ဒီမီးကို နိုင်နိုင်နင်းနင်းအမြန်ဆုံးငြိမ်းသတ်နိုင်မှ အစိုးရအတွက် ကျန်တဲ့သက်တမ်းတွေမှာ အခြားအရေးကြီးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဖို့ အထောက်အကူဖြစ်မှာပါ။ ပြီးတော့ အစိုးရနဲ့ပါတီလုပ်ရမယ့်အလုပ်နဲ့ လုပ်ငန်းစဉ်တွေ၊ တာဝန်တွေကို ကွဲပြားရှင်းလင်းအောင်လုပ်ဖို့လိုပါတယ်။ အစိုးရတစ်ရပ်ဖြစ်လာပြီး အစိုးရလုပ်ရမယ့်အလုပ်နဲ့ ပါတီလုပ်ရမယ့်အလုပ်တွေကို လူပုဂ္ဂိုလ်ခေါင်းဆောင်တွေကိုယ်တိုင်က မကြေညက်သေးတာလား၊ တစ်ဖက်ကိုတစ်ဖက် ဝင်ရောက်စွက်ဖက်သြဇာသြောင်း



www.free4reader.com

> “တစ်လောက လယ်/ဆည် ဒုဝန်ကြီး ဒေါက်တာထွန်းဝင်းကို ဝန်ကြီးနဲ့ လုပ်ငန်းပိုင်းဆိုင်ရာ အရေးအတင်ဖြစ်တဲ့ ကိစ္စတစ်ခုကို အကြောင်းပြုပြီး သမ္မတကြီးဦးထင်ကျော် လက်မှတ်နဲ့ တာဝန်ကရပ်စဲလိုက်တာကို အတော်ပဲ အံ့သြကြပါတယ်...

ချင်တာလားဆိုတာ **နိုင်ငံရေးလေ့လာဆန်းစစ်သူတွေ၊ ပညာရှင်တွေ၊ ဉာဏ်မီတဲ့ NLD ပါတီဝင်တွေက ဝေခွဲမရဖြစ်နေပါတယ်။**

ဥပမာကြည့်ပါ။ တစ်လောက လယ်/ဆည် ဒုဝန်ကြီး ဒေါက်တာထွန်းဝင်းကို ဝန်ကြီးနဲ့ လုပ်ငန်းပိုင်းဆိုင်ရာအရေးအတင်ဖြစ်တဲ့ ကိစ္စတစ်ခုကို အကြောင်းပြုပြီး သမ္မတကြီးဦးထင်ကျော်လက်မှတ်နဲ့ တာဝန်ကရပ်စဲလိုက်တာကို အတော်ပဲ အံ့သြကြပါတယ်။ ဘာအကြောင်းကြောင့်လဲပေါ့။ အကြောင်းတစ်ခုခုကို ပြည်သူသိရဖို့တော့ အသိပေးကြေညာရမယ်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြည်သူကရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရလေ။ ပြည်သူအများစု မဲတွေနဲ့ အနိုင်ရပြီး အစိုးရတစ်ရပ်ကို လွတ်လွတ်ကင်းကင်းဖွဲ့နိုင်ခဲ့တဲ့ ပြည်သူ့ဗဟိုပြုအစိုးရ၊ ဒီမိုကရေစီအစိုးရလို့ Roll တင်ကြွေးကြော်ချင်ရင် ဒီကိစ္စဘာကြောင့်ဆိုတာ အနည်းနဲ့ အများတော့ အသိပေးရမယ်မဟုတ်လား။ ဒီအမိန့်စာလည်းထွက်လာရော တရားခံဘယ်သူလဲဟေ့ဆိုတာကို သတင်းမီဒီယာတွေမှာ ပေါ်လာပြန်ရောလား။ သတင်းစာထဲတာဝန်ရပ်စဲခြင်းအမိန့်မပါခင်မှာ NLD CEC ဦးဝင်းထိန်က ဒေါက်တာထွန်းဝင်းကို သူ့အခန်းထဲခေါ်ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမျိုးအောင်ရှေ့မှာ နုတ်ထွက်စာတင်မလား ဒါမှမဟုတ် နေပြည်တော်ကောင်စီအဖွဲ့ကိုပြောင်းမလားဆိုပြီး ရာဇသံပေးပါတော့တယ်။ ဒီတော့ ပါတီခေါင်းဆောင်တစ်ယောက်က အစိုးရအဖွဲ့ဝင်ဝန်ကြီးတွေ တာဝန်အပြောင်းအလဲ၊ တာဝန်ရပ်စဲဖို့ အာဏာနဲ့ လုပ်ပိုင်ခွင့်ပေးထားပုံမျိုးပေါက်နေတာ မြင်ရသူတွေ မျက်စိစပ်တယ်။ ကြားရသူတွေ နားကလောတယ်။ ဒါ့အရင် ဦးသိန်းစိန်အစိုးရခေတ်လိုမျိုး လုပ်ရပ်တွေ လုပ်လို့မရတော့ဘူးဆိုတာ နားမလည်တာလား။ **ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က ဦးဝင်းထိန်အပေါ်ကို ဖြုတ်ထုတ်သတ်အာဏာတွေ အလုံးစုံပုံအပ်ထားတာလားဆိုတာ မေးခွန်းထုတ်စရာ၊ စောကြောဝေဖန်စရာတွေ သောသောညံလာပါတော့တယ်။**



အခြေအနေအမှန်ကိုသိကြတဲ့ ပါတီဝင်တွေကလည်း ဒီကိစ္စကိုမကျေနပ်ကြဘူး၊ လက်မခံကြဘူး။ ဦးဝင်းထိန်ကိုလည်း ပါတီထဲမှာ မရှိစေချင်တော့တဲ့ဆန္ဒတွေရှိနေကြတယ်လို့လည်း ပါတီဝင်တော်တော်များများက ပြောဆိုဝေဖန်ကြပါတယ်။ နောက်ဆုံးဘယ်လောက်ထိ ပြောသလဲဆိုရင် အနီပုဂ္ဂိုလ်ရဲ့ မကြာမကြာ Hot ဖြစ်ရတဲ့ပြဿနာဖြေရှင်းပုံဖြေရှင်းနည်း၊ ပြောဆိုဆက်ဆံနည်းတွေကြောင့် NLDပါတီနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ရဲ့ ပုံရိပ်ဟာ ထိခိုက်ကျဆင်းလာနေပြီလို့ ကောက်ချက်ချဲ့ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်လည်း နေပြည်တော်မှာ လုံးပမ်းနေရတဲ့ အလုပ်ဌာနတာဝန်တွေ များပြားနေတဲ့အတွက် အောက်ခြေနဲ့ ပါတီဝင်ထုကို ပြန်မလှည့်ကြည့်နိုင်ဘဲ လက်ရှိ CEC ခေါင်းဆောင်တွေနဲ့ အဝန်းအဝိုင်းမှာရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့စကားတွေ၊ လုပ်ရပ်တွေကိုပဲ တစ်ဖက်သားနဲ့ ဆုံးဖြတ်သုံးသပ်လုပ်ကိုင်ရင်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းလို အောက်ခြေနဲ့အဆက်ပြတ်ပြီး တပည့်တပန်းတွေရဲ့ သတင်းမှားပေးမှု၊ လိမ်ညာဖုံးကွယ်ပြောဆိုတင်ပြမှုတွေကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းထဲကိုရောက်ပြီး ပြည်သူတွေလည်း အံ့ကြွ၊ မဆလပါတီလည်း ဗုန်းဗုန်းလဲခဲ့ရတဲ့အဖြစ်ကို ရောက်ရှိသွားပါတော့တယ်။ **အခု ဒေါ်အောင်ဆန်းစုကြည်ရဲ့အခြေအနေဟာလည်း ဒီဥပမာနဲ့ တင်စားပြောဆိုသတိပေးနေရမယ့်အချိန်ကို ရောက်နေပြီလို့ ထိပ်တန်းပါတီဝင်ပုဂ္ဂိုလ်တွေက သုံးသပ်နေကြပါတယ်။** ဒါအစိုးရအလုပ်နဲ့ ပါတီလုပ်ရမယ့်အလုပ်တွေ ရောယှက်နေတာကြောင့် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တည့်မတ်ထိန်းကျောင်းပြုပြင်ပေးဖို့ ပါတီဝင်တွေက လိုလားနေကြပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ **ဒေါ်အောင်ဆန်းစုကြည်နဲ့ ပါတီပုံရိပ်ကတော့ တဖြည်းဖြည်းကျဆင်းလာမှာ မြေကြီးလက်ခတ်မလွဲပါဘူး။** နောက်တစ်ခုက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်နဲ့ ဆိုပြီး တောင်ကြီး NLD လေးဦးကို ဦးဝင်းထိန်က နုတ်မိန့်နဲ့ ထုတ်ပယ်လိုက်တဲ့ဖြစ်စဉ်ဟာ တစ်ဖက်နဲ့တစ်ဖက် ခုံရုံးဖွဲ့စစ်ကြဆေးကြတဲ့အချိန်ကိုရောက်လာတယ်။ အမှန်တော့ ဒီပြဿနာဟာ ပါတီတွင်းကိစ္စ။ ဟိုးလေးတစ်ကျော်ဖြစ်စရာအကြောင်းကိုမရှိတာ။ ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှုပပျောက်အောင် သဘောထားကြီးကြီးလုပ်ရမှာက ပါတီခေါင်းဆောင်ပိုင်းက ပုဂ္ဂိုလ်တွေပဲမဟုတ်လား။ ဒီလိုလုပ်မှ လူကြီးလူကောင်းဆန်မှာပေါ့။ ပါတီကိုဦးဆောင်ဦးရွက်ပြုနေကြတဲ့ လူကြီးတွေပဲလေ။ အခုတော့ ဒီလိုမဟုတ်ပါပဲ ပုဆိန်နဲ့ပေါက်ပြီး မြင်ရကြားရသူတွေ စိတ်မချမ်းသာစွာနဲ့ ဖြေရှင်းလိုက်ကြတယ်။ ဦးဝင်းထိန်ကို စစ်ဆေးမေးမြန်းကြတဲ့ပုဂ္ဂိုလ်တွေက CEC ဆိုတဲ့ Roll နဲ့အများကြီးနိမ့်တဲ့ပုဂ္ဂိုလ်တွေ၊ အသက်အရွယ်ဝါစဉ်အရလည်းနုတဲ့ပုဂ္ဂိုလ်တွေ။ ဒီလူတွေစစ်ဆေးတော့ ဘာထူးမှာလဲ။ ဘုန်းကြီးစာချ၊ မိချောင်းမင်းရေခင်းပြပါပဲ။ လက်ရှိ NLD ပါတီမှာရော၊ အစိုးရအပေါ်မှာပါ အာဏာအရှိဆုံးပုဂ္ဂိုလ်က အမတ်တွေအပေါ်မှာလည်း သြဇာအညောင်းဆုံး၊ **အမတ်ချုပ်ကြီးလို့ တင်စားခေါ်ဝေါ်ခံရတဲ့ ဒီပုဂ္ဂိုလ်ကို ဘာတွေစစ်ဆေးရဲကြမှာလဲ။** အပေါ်ယံလောက်ဝတ္တရားကျေရုံလောက်ပဲ စစ်ဆေးကြမှာပေါ့။ ဒီလိုစစ်ဆေးမယ်ဆိုရင် ကြားကလွတ်လပ်တဲ့၊ နောင်ကြီးမရှိတဲ့၊ ဘက်မလိုက်တဲ့၊ မျက်နှာမှာစရာမရှိတဲ့ ကျေးဇူးခံ၊ ကျေးဇူးစားမရှိတဲ့ပုဂ္ဂိုလ်တွေနဲ့ စစ်ဆေးမှ မှန်ကန်တဲ့ရလဒ်ထွက်မယ်လို့ မကျေနပ်တဲ့ပါတီဝင်တွေက ထောက်ပြကြပါတယ်။

အခုတော့ နိုဝင်ဘာ ၂၅ ရက်နေ့က CEC အစည်းအဝေးက ပါတီမှာသြဇာအာဏာအရှိဆုံးပုဂ္ဂိုလ်ကို CEC ဆုံးဖြတ်ချက်အရဆိုပြီး အနိုင်ပေးလိုက်တယ်။ အောင်နိုင်သူ့ရဲ့အပြုံးက သတင်းမီဒီယာတွေနဲ့တွေတော့ တောင်ကြီးအမှုကိစ္စအယူခံသုံးခုတင်ထားပါတယ်။ ဒေါ်ခင်မိုးမိုးရယ်၊ ဦးတင်မောင်တိုးတို့ရဲ့ အယူခံကိုပလပ်လိုက်ပါတယ်။ သူတို့ ရှုံးသွားတယ်ပေါ့။ အနိုင်အရှုံးစကားကို ပျော်တပြုံးပြုံးပြောဆိုနေပုံကတော့ ပါတီဝင်အချင်းချင်းကြားမှာ အနိုင်အရှုံးဆိုတဲ့စကားလုံးနဲ့ ဂုဏ်ယူဝင့်ကြွားစွာ မပြောသင့်ပါဘူး။ ဒါဟာ စည်းလုံးရေးကို ပြိုကွဲသွားနိုင်မယ့် လမ်းစရဲ့အစလို့ ပြောလို့ရပါတယ်။ ကျွန်တော်တစ်ခါက သုံးသပ်ထားသလို NLD အတွက် ကြားဖြတ်မှာရော၊ ၂၀၂၀ မှာပါ အနိုင်ရဖို့ဆိုတာ ဝိုးဝေးသွားနိုင်ပါတယ်။ **၂၀၁၅ မှာတုန်းကလည်း NLD ဟာ အနိုင်ရတဲ့အဆင့်က ရှမ်းပြည်နယ်မှာ တတိယနေရာမှာပဲရှိခဲ့တာပါ။** ဒါကြောင့် NLD ဟာ အခုအချိန်ကစပြီး လူမှန်၊ နေရာမှန် တာဝန်ယူနိုင်မယ့်သူတွေ အများကြီး လိုအပ်နေပြီဆိုတာကို ခုနစ်လကျော်ကြာသက်တမ်းအတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ပြဿနာတွေကို ကြည့်ရင်သိနိုင်မှာပါ။ ဒါကိုလည်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်က သူ့အစိုးရအဖွဲ့တွေနဲ့ သူ့ကိုယ်စားလှယ်တွေကို အားရကျေနပ်မှုမရှိဖြစ်နေတာကို ကြားသိရပါတယ်။ ဒီအတွက် သူ့မှာ လူမှန်၊ နေရာမှန်အတွက် ပါတီကိုပြောင်းလဲပြင်ဆင်ရဦးမယ်။ အစိုးရနဲ့လွှတ်တော်ကိုယ်စားလှယ်တွေကိုလည်း ပြုပြင်ပြောင်းလဲရမယ်လို့ မျှော်လင့်ရပါတယ်။

www.free4reader.com

# မြန်မာနိုင်ငံကို ဒုက္ခပေးတဲ့နေရာမှာ လွန်လွန်းနေပြီ ပြောရမလားပဲ

ဘိုတင်(မန်း)



ရခိုင်ပြည်နယ် မောင်တောဒေသက အကြမ်းဖက်တိုက်ခိုက်မှုမှာ မွတ်စလင်များ လူမျိုးတုံးသတ်ဖြတ်ခံနေရတယ်ဆိုပြီး မဟုတ်မမှန်စွပ်စွဲချက်တွေနဲ့အတူ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်ထိုင်း အင်ဒိုနီးရှားနိုင်ငံတွေမှာရှိတဲ့ မြန်မာသံရုံးအနီးတွင် မွတ်စလင်များ နိုဝင်ဘာ ၂၅ ရက်နေ့က ဆန္ဒပြခဲ့ကြတယ်ဆိုပဲ။ ဘင်္ဂါလီမွတ်စလင်တွေကို လူမျိုးတုန်းသတ်ဖြတ်ခြင်းမှ ချက်ခြင်းရပ်တန့်ဖို့ တောင်းဆိုကြပါသတဲ့။ ပြောလည်းပြောတတ်ပါပေ့။ လိမ်လည်း လိမ်ရဲပါပေ့။ ရိုဟင်ဂျာ(ဘင်္ဂါလီတွေရဲ့လူမျိုးလိမ်) မရှိတာကို မရှိဘူးလို့ ပြတ်ပြတ်သားသားမပြောခဲ့တဲ့ ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကိုတောင် အာဏာရှင်ဆန်တယ်ဆိုပြီး ဒေါ်အောင်ဆန်းစုကြည်ပုံကို ဖိနပ်တွေနဲ့ ပိုင်းရိုက်ပြီး ကန့်ကွက်ဆန္ဒပြခဲ့ကြတာက စိတ်ပျက်စရာအတော်ကောင်းပါတယ်။ နိုင်ငံရဲ့အမျိုးသားရေးနဲ့ ပက်သက်ရင် လူ့အခွင့်အရေးကို ဦးစားပေးခဲ့ပါလျက် ယခုလို ပြင်းပြင်းထန်ထန်အကန့်ကွက်ခံခဲ့ရတာက ဒေါ်အောင်ဆန်းစုကြည်အတွက် သံဝေဂရစရာလို့ ဘိုတင်တွေးမိပါတယ်။

မလေးရှားအစိုးရကလည်း မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီတွေအပေါ် ပြုလုပ်နေတဲ့ အကြမ်းဖက်မှုတွေကို ဆန့်ကျင်တဲ့အနေနဲ့ မလေးရှားမှာရှိနေတဲ့ မြန်မာသံအမတ်ထံ ကန့်ကွက်စာပေးပို့မယ်လို့ မလေးရှားနိုင်ငံထုတ် New Straits Times အွန်လိုင်း သတင်းစာမှာ ရေးသားထားကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်းက မွတ်စလင်တွေ၊ ရိုဟင်ဂျာတွေနဲ့ သွေးစည်း ညီညွတ်ကြောင်းပြသတဲ့အနေနဲ့ ဒီဇင်ဘာလ ၄ ရက်နေ့ မနက် ၉ နာရီမှာ လူတွေစုဝေးကြဖို့ စီစဉ်ထားကြောင်းကိုလည်း ဒုတိယဝန်ကြီးချုပ်က ပြောပါတယ်။ အဆိုပါစုဝေးပွဲအခမ်းအနားကို ဝန်ကြီးချုပ် Najib Razak နဲ့ တခြား ခေါင်းဆောင် တွေလည်း တက်ရောက်ကြမှာ ဖြစ်သလို တက္ကသိုလ်ကျောင်းသားဟောင်းတွေနဲ့ တခြား အစိုးရမဟုတ်တဲ့ အစ္စလာမ်မစ်အဖွဲ့အစည်း တွေလည်း အဲဒီစုဝေးပွဲကို တက်ရောက်ကြဖို့ ဒုဝန်ကြီးချုပ် Hamidi က တိုက်တွန်းထားပါသတဲ့။ ဒါ့အပြင် မောင်တောက ဘင်္ဂါလီတွေကို ဆက်လက်ဖိနှိပ်နေမယ်ဆိုရင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေတဲ့ ဆုဇုကီးဖလား ဘောလုံးပြိုင်ပွဲကနေ မလေးရှားဘောလုံးအသင်းက နုတ်ထွက်မယ်ဆိုပဲ။

**ကဲ၊ ဘယ်နှယ့်ရှိစ၊ နိုင်ငံတကာမှာ ရှိနေကြတဲ့မွတ်စလင်တွေများ ဘာသာရေးကို နိုင်ငံရေးနဲ့ ရောထွေးရုံတင်မကပဲ အားကစားနဲ့ပါ ရောထွေးပြလိုက်သေးတယ်ဗျာ။** ဘာပြောချင်ကြသေးလဲ ကွယ်တို့ရေ။ မြန်မာ့နိုင်ငံရေး ဂုရုကြီးတွေများကျတော့လည်း နိုင်ငံရေးနဲ့ ဘာသာရေးကို မရောထွေးရဘူးဆိုပြီး ကိုယ့်လူမျိုး ကိုယ့်နိုင်ငံဖြစ် ပါလျှက် ကိုယ့်ဘာသာ ကိုယ့်သံဃာတွေကို မျက်နှာသာမပေးတဲ့အပြင် ဖိနှိပ်မှုတွေတောင် ပြုလုပ်ကြသေး။ ပြောရမယ်ဆိုရင် မြန်မာ့နိုင်ငံရေးခေါင်းဆောင်တွေက ကမ္ဘာ့လူတက်ကြီးတွေလို့ ပြောရမလားပဲ။ တစ်ခုတော့ရှိတယ်၊ ဒီမိုကရေစီကို ပါးစပ်ကမချပဲ အသံကောင်းဟစ်နေသော်ငြား ပြည်သူ့အသံကို နားမထောင်ပဲ နိုင်ငံတကာအသံကိုတော့ အပ်ကျတာကအစ နားထောင်တက်ပြန်တယ်။ ဒီမိုကရေစီနပ်တူးကြီးတွေလို့ ပြောရမလား သို့တည်းမဟုတ် ဒီမိုကရေစီငကြောက်ကြီးတွေလို့ ပြောရမလားပဲ။ ထားတော့ ဒါက ဘိုတင်တို့ခေါင်းဆောင်တွေ အသုံးမကျတာကို ပြောပြတာ။

ဒီကြားထဲ မဟုတ်မမှန်စွပ်စွဲတဲ့နေရာမှာ မောင်တောက ဘင်္ဂလီမွတ်စလင်မတွေကို မြန်မာ့တပ်မတော်က မုဒိမ်းကျင့်တယ်ဆိုတာက ပါသေး။ အံ့သြစရာကောင်းတာက ဒီလိုမဖြစ်နိုင်တဲ့ ကိစ္စတွေကိုလည်း ကုလသမဂ္ဂတို့ UN တို့က ယုံကြပြန်တယ်။ စစ်တပ်က အဆိုပါဘင်္ဂလီမတွေကို မုဒိမ်းကျင့်ချင်စရာ ရှိမရှိလောက်တော့ ကုလဝန်ထမ်းတွေ သိဖို့ကောင်းတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလ ၁၈ ရက်နေ့ကလည်း ဒေါ်အောင်ဆန်းစုကြည်က ကုလသမဂ္ဂ၊ အမေရိကန်၊ ဗြိတိန်၊ ဥရောပသမဂ္ဂနဲ့ ဒိန်းမတ်နိုင်ငံတွေမှ သံတမန်များနဲ့ တွေ့ဆုံတော့ ရခိုင်ပြည်နယ် မောင်တောအဖြစ်ပျက်တွေနဲ့ပက်သက်ပြီး နိုင်ငံတကာက သိထားတဲ့ သတင်းအမှားတွေနဲ့ တစ်ဖက်သတ်ဆန်မှုတွေကြောင့် စိတ်မကောင်းဖြစ်ရတယ်လို့လည်း ပြောဆိုခဲ့ပြီးပြီ။ အမှန်တရားဆိုတာ ဘာလဲလို့ မေးရမလို။ နိုင်ငံတကာက မွတ်စလင်တွေရဲ့ ကန့်ကွက်ဆန္ဒပြခြင်း ခံနေရသလို ကမ္ဘာ့အင်အားကြီး နိုင်ငံတွေရဲ့ဖိအားပေးခြင်းကိုပါ ခံနေရတဲ့ ဒေါ်အောင်ဆန်းစုကြည်အတွက် အမှန်တရားကို ရဲရဲဝံ့ဝံ့ရပ်တည်နိုင်ဖို့ သူမရဲ့ စိတ်ဓာတ်တွေက မယိမ်းမယိုင်ပဲ ခိုင်မာဖို့လိုအပ်နေပါပြီ။

လက်တွေ့ မြေပြင်သတင်းတွေအရလည်း ဘင်္ဂါလီတွေ အကြမ်းဖက်တိုက်ခိုက်တာတွေနဲ့ ဘင်္ဂါလီရွာတွေကို မီးရှို့တာတွေနဲ့ပက်သက်ပြီး တစ်အိမ်တစ်ယောက် ထွက်မတိုက်ရင် လည်လှီးအသတ်ခံရမယ်လို့ မောင်တော ဗလီဆရာတွေက ရွာကဘင်္ဂလီတွေကို ခြိမ်းခြောက်စည်းရုံးထားကြောင်းကိုလည်း ဘိုတင်တို့သိရပါတယ်။

** ဗလီတက်တဲ့ အချိန်မှာ ဗလီဆရာကြီးက ရွာကလူတွေကို စည်းရုံးပါတယ်။ ဘင်္ဂလားဒေ့ရှ်က လူတွေလာတယ်၊ ဘင်္ဂလားဒေ့ရှ်က လူတွေနဲ့ပေါင်းပြီး တိုက်ရမယ်လို့ပြောပါတယ်။ ရိုဟင်ဂျာကို အစိုးရက ဘယ်တော့မှ ပေးမှာမဟုတ်ပါဘူး၊ ငါတို့လူစုလူဝေးနဲ့ ရိုဟင်ဂျာကို တိုက်ယူရပါမယ်။ တစ်အိမ်တစ်ယောက်ထွက်ပြီး တိုက်ရပါမယ်။ တစ်အိမ်တစ်ယောက်ကျ မလိုက်တဲ့လူတွေကို လည်လှီးပြီး သတ်မယ်လို့ပြောတယ်။ ထိတွေ့မှုဖြစ်တဲ့အခါမှာ အစ္စလာမ်၊ ရိုဟင်ဂျာ၊ နာကာတူရီ၊ ဝတ်စ်ဖိုဒ်စ်လို့ အော်ပြီးသွားပါတယ်။ တောင်ကြားမှာ သင်တန်းပေးပါတယ်။ ရိုဟင်ဂျာပေးမယ်ပြောပြီး မပေးဘူး၊ မပေးတဲ့အတွက် ငါတို့သိပ်ကြာသွားမယ်။ တိုက်ပွဲဝင်ရမယ်။ တိုက်ပွဲဖြစ်တဲ့အချိန်မှာ ကျွန်တော်က ဓါးကိုင်ပြီးတော့ ရွာမှာရှိပါတယ်။ ရွာတွေကို မီးရှို့တာတွေ ရှိပါတယ်။ ဘင်္ဂလားဒေ့ရှ်က ဝင်လာတဲ့ လူတွေနဲ့ ရွာကလူဆိုးတွေက ရှို့တာပါ။ တိုက်ပွဲဖြစ်တဲ့ အချိန်မှာ ရွာသားတွေတစ်အိမ်တစ်ယောက် ဓါးကိုင်ပြီးတော့ ထွက်ပါတယ်။ ဓါးကိုင်ပြီးတော့ အကုန်လုံး ရွာလမ်းပေါ်ထွက်ကြပါတယ် ဆိုပြီး ဖမ်းမိထားတဲ့ ဘင်္ဂါလီတွေက ဖြေကြားထားတာ ဘိုတင်တို့ ဖတ်လိုက်ရပါတယ်။

သို့သော် မောင်တောက အဖြစ်ပျက်အမှန်တွေ ဒီလောက်သက်သေသက္ခာရ ထင်ရှားနေပေမဲ့လည်း ဘင်္ဂလီတွေရဲ့မဟုတ်မမှန် သတင်းပေးတာတွေကို တဖက်သတ်ယုံပြီး မြန်မာ့တပ်မတော်ကို လူ့အခွင့်အရေးချိုးဖောက်လေဟန် စွပ်စွဲပြောဆိုနေတဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် ယန်ဟီးလီကလည်း အတော်စိတ်ပျက်စရာပါ။ နောက်ခံအကြောင်းတရားတွေနဲ့ နှစ်ဖက်တင်ပြမှုတွေကို မှန်မှန်ကန်ကန်သုံးသပ်လေ့မရှိပဲ အကြမ်းဖက်ဘင်္ဂါလီတွေဖက်မှ အမြဲတမ်းဘက်လိုက်ခဲ့ကြတာက ကုလသမဂ္ဂအဖွဲ့စည်းကြီးမှ ကုလားသမဂ္ဂအဖွဲ့စည်းကြီးအဖြစ် ပြောင်းလဲသွားခဲ့ကြပြီလားလို့ မေးချင်စရာ။ ဒါ့အပြင် ဘီဘီစီသတင်းဌာန၏ နိုဝင်ဘာလ ၂၄ ရက်နေ့ သတင်းတွင် ဖော်ပြပါရှိခဲ့သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ Cox Baazaar အခြေစိုက် UNHCR ရုံးမှ အမှုထမ်းဖြစ်သူ John McKi-ssick ၏ ပြောကြားချက်များသည်လည်း ကုလသမဂ္ဂ ဝန်ထမ်း တစ်ဦး၏ ကိုယ်ကျင့်သိက္ခာနှင့် မညီညွတ်သောစွပ်စွဲပြောကြားမှုများ ဖြစ်သောကြောင့် ဂျီနီဗာမြို့ရှိ မြန်မာ အမြဲတမ်း ကိုယ်စားလှယ်ဦးထင်လင်းက UNHCR ဌာနချုပ်သို့ သွားရောက် ကန့်ကွက်ခဲ့ရသေးကြောင်းကိုလည်း နိုင်ငံတော် အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီက သတင်းအရ သိခဲ့ရပါသေးတယ်။

ဆိုလိုချင်တဲ့သဘောက မြန်မာ့အစိုးရနဲ့ တပ်မတော်အနေနဲ့ အကြမ်းဖက်ဘင်္ဂါလီဆိုးတွေရဲ့ ဂျီဟာဒ်အန္တရာယ်ကြောင့် နယ်မြေလုံခြုံရေးကို အသက်စွန့်ပြီး ကာကွယ်နေရသလို တစ်ပြိုင်နက်တည်းမှာပဲ သူတို့တွေရဲ့လိမ်ညာဖြန့်ဖြူးထားတဲ့သတင်းတွေက မမှန်ကန်ကြောင်းကိုလည်း ပြန်ဖြေရှင်းနေရပြန်တယ်။ **အထူးသဖြင့် ကမ္ဘာမှာ လူ့အင်အားငွေကြေးအင်အား မီဒီယာအင်အားတွေ အသာစီးရနေတဲ့ မွတ်စလင်တွေနဲ့ ရင်ဆိုင်ဖြေရှင်းနေရတာ မြန်မာနိုင်ငံအဖို့ အတော်မလွယ်တဲ့ ကိစ္စပါ။** နယ်မြေလု ဘင်္ဂါလီမွတ်စလင်တွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာနိုင်ငံ့ခေါင်းဆောင်တွေအနေနဲ့ ဆုံးဖြတ်ချက်တွေက ပြတ်သားဖို့လိုအပ်သလို ကိုင်တွယ်ဖြေရှင်းတဲ့နေရာမှာလည်း ပညာသားပါပါ လုပ်ဆောင်နိုင်ဖို့ အထူးလိုအပ်လှပါတယ်။

ယခုဆို ဘင်္ဂါလီမွတ်စလင်တွေရဲ့အကြမ်းဖက်လုပ်ရပ်တွေက ရခိုင်ပြည်နယ် မောင်တောဒေသတင်မဟုတ်ပဲ ရန်ကုန်မြို့ပေါ်အထိရောက်လာပါပြီ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရဝန်းအတွင်းနဲ့ တောင်ဒဂုံလဝကရုံးခေါ်ပုံ Capital ဈေးဝယ်စင်တာ၊ Oceanဈေးဝယ်စင်တာစတဲ့ နေရာတွေမှာ ဖြစ်ခဲ့တဲ့ပေါက်ကွဲမှုတွေနဲ့ ပတ်သက်ပြီး M 150 အချိုရည်ပုလင်းအလွတ်များနဲ့ ဖောက်ခွဲရေးပစ္စည်းတွေဖြစ်တဲ့ မာတုဇေဒပစ္စည်းတွေနဲ့အတူ တရားခံလို့ယူဆရတဲ့ သယ်နိုးကျွန်းကရာကွတ်(ခေါ်) ခင်မောင်ဆွေကို ရန်ကုန်တိုင်းရဲတပ်ဖွဲ့က ဖမ်းဆီးစစ်ဆေးနေကြောင်းကိုလည်း ပေါ်ပြူလာသတင်းမှာ ဖော်ပြထားပါတယ်။ ဘယ်သူမှ ထိခိုက်မှုမရှိတဲ့ အသေးစားပေါက်ကွဲမှု တွေမို့လို့သာ တော်တော့တယ်။ နောက်တစ်ချိန်မှာ ပြည်သူတွေရဲ့အသက်အိုးအိမ်တွေ ဆုံးရှုံးသွားတဲ့အထိ ပေါက်ကွဲမှုအကြီးစားတွေဖြစ်မလာဖို့ဆိုရင် သက်ဆိုင်ရာမှ အထူးကြပ်မတ်ဖို့ လိုအပ်နေပါပြီ။

ဒီအဖြစ်ပျက်အလုံးစုံတွေကို ကြည့်ခြင်းအားဖြင့် ဘယ်သူတွေက မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတွေအပေါ်ယုတ်မာကောက်ကျစ်နေပြီလဲဆိုတာ လယ်ပြင်မှာ ဆင်သွားသလို အဖြေကရှင်းနေပါတယ်။ တစ်ခုသတိထားရမှာက ကိုယ့်ဖက်က မှန်တယ်ဆိုတာနဲ့ သေချာပေါက်အနိုင်ရလိမ့်မယ်လို့ ခပ်ပေါ့ပေါ့တွေးထားလို့မရပဲ လက်ရှိခေတ်အနေအထားအရ တစ်ဖက်မှာ အင်အားကအဆမတန်များပြားနေပါတယ်။ ဘိုတင်တို့ဖက်ကလည်း ကိုယ့်နိုင်ငံကိုယ့် အမျိုးသားရေးအတွက် နိုင်ငံတကာက အကူညီ မရဘူးဆိုရင်တောင် အစိုးရရယ်၊ တပ်မတော်ရယ် ပြည်သူတွေရယ် ပေါင်းပြီး ညီညီညွတ်ညွတ်တွန်းလှန်နိုင်မှသာ မြန်မာနိုင်ငံရဲ့ အမျိုးသားလုံခြုံရေးက စိတ်ချရမှာဖြစ်ပါကြောင်း။



# နိုင်ငံ့ဝန်ထမ်းများသို့ မှာတမ်း

အောင်စေတနာ

"တယ်လီဖုန်းအော်ပရေတာတွေဖြစ်တဲ့ MPT နဲ့ တယ်လီနော၊ အော်ရီဒူးတို့ကို မြန်မာပြည်သူ တစ်ရပ်လုံးက စက္ကန့်တိုင်း၊ မိနစ်တိုင်းနဲ့အမျှ ငွေတွေစုပုံပြီး ဒလဟောပေးသွင်းနေကြတာ လစဉ် ကျပ်ဘီလီယံ ရာဂဏန်းရှိပါတယ်…"

ကျွန်တော်က နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ပြီး လုပ်သက် ၃၈ နှစ်ရှိပါပြီ။ မကြာခင်သက်ပြည့်အငြိမ်းစားပင်စင်ယူရတော့မှာမို့ ငယ်ရွယ်သူ ဝန်ထမ်းများကို မှာကြားလိုတာပါ။ ကျွန်တော့်ဇနီးကလည်း ကျွန်တော်နဲ့သက်တူရွယ်တူ ဝန်ထမ်းဟောင်းတစ်ဦးပါ။ သမီးတစ်ဦး၊ သားတစ်ဦးရှိပြီး အခုတော့ နှစ်ဦးစလုံးလက်ထောက်ဆရာဝန်ရာထူးနဲ့ မျိုးဆက်သစ်ဝန်ထမ်းတွေဖြစ်နေပါပြီ။ ပြောလိုတာကတော့ နိုင်ငံ့ဝန်ထမ်းဘဝကို နှစ်ပေါင်း ၄၀ နီးပါးဖြတ်သန်းပြီးလို့ အငြိမ်းစားယူတဲ့အခါမှာ နိုင်ငံတော်က ချီးမြှင့်မယ့်လုပ်သက်ဆုကြေးနဲ့ ပင်စင်ငွေတွေကို ကြိုတင်တွက်ချက်ကြည့်လိုက်တော့ အခြေချနေထိုင်နိုင်မယ့် မြို့ရဲ့အစွန်အဖျားနေရာ မြေတစ်ကွက်(ဒါမှမဟုတ်)တန်ဖိုးနည်းတိုက်ခန်းတစ်ခန်းဝယ်နိုင်တဲ့ ငွေပမာဏမရနိုင်တာတွေ့ရပါတယ်။ လူ့ဘဝသက်တမ်းရဲ့ ထက်ဝက်ခန့်ကာလကို ဝန်ထမ်းဘဝမှာ နှစ်မြှုပ်ထားခဲ့ရတာကြောင့် ဝန်ထမ်းစဖြစ်ကတည်းက အခြေချနေထိုင်ရေးကိစ္စကို မေ့လျော့မနေကြဘဲ ကြိုတင်မျှော်တွေးပြီး ငွေမကုန်သင့်တာမကုန်ရအောင် ချွေတာစုဆောင်းထားကြဖို့ အဓိကမှာလိုတာပါ။

ကျွန်တော့်ဇာတိမြို့(ယခုတိုင်းဒေသကြီးမြို့တော်)မှာ ဝန်ထမ်းဖြစ်ကာစ လွန်ခဲ့တဲ့ ၃၈ နှစ်ခန့်က ပြန်တမ်းဝင်အရာရှိအဆင့် တိုင်းအဆင့်ရုံးဌာနအကြီးအကဲက လစာနှုန်းထား ၄၅၀ ကျပ်၊ ၇၀၀ ကျပ်၊ အထက်တန်းစာရေးက ၁၈၅ ကျပ်၊ ၂၀၀ ကျပ်၊ အောက်တန်းစာရေးက ၁၂၆ ကျပ်၊ အောက်ခြေရုံးအကူဝန်ထမ်းက ၈၂ ကျပ်၊ ရုံးပါးစရိတ်က ၄ ကျပ်ရပါတယ်။ ကျွန်တော်က အောက်တန်းစာရေးနဲ့ အလုပ်စဝင်တော့ လစာ ၁၃၀ ကျပ်ထုတ်ရပြီး ငွေစုငွေချေးရှိရင် ဖြတ်ငွေ ၂ ကျပ်၊ ၃ ကျပ်၊ တခြားဖြတ်ငွေသိပ်မရှိပါဘူး။ လူပျိုဆိုတော့ လစာထုတ်ရင် မိဘကို ၁၀၀ ကျပ် လစဉ်မှန်မှန်ထောက်ပံ့ပေးနိုင်ခဲ့တယ်။ ကျန်တဲ့ငွေ ၂၈ ကျပ်ကို အင်္ကျီအိတ်ကပ်ထဲထည့်ထားရင် တစ်လလုံးလောက်ငအောင်သုံးစွဲနိုင်တယ်။ မြို့လယ်က ရုံးကြီးလက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တစ်ခွက် သုံးမတ်၊ စမူဆာတစ်ခု တစ်မတ်ပါ။ ရုံးကသူငယ်ချင်းနဲ့ ရုံးဖွင့်ရက်တွေမှာ လက်ဖက်ရည်သွားသောက်ရင် ကျသင့်ငွေတစ်လှည့်စီရှင်းပေးကြတယ်။ အရက်၊ ဆေးလိပ်မသောက်ဘူး။ ကွမ်းမစားဘူး။ အခုခေတ်လို မိုဘိုင်းဖုန်းလည်းမရှိ၊ အင်တာနက်နဲ့ facebook လည်းမရှိသေး။ လိုင်းဖုန်းတောင် နည်းနည်းပဲရှိတယ်။ အစိုးရရုံးတွေနဲ့ သူဌေးအိမ်၊ ကုန်သည်အိမ်တွေအချို့မှာပဲ တပ်ဆင်ထားသေးတာ။ တခြားမြို့ကိုဖုန်းခေါ်ရင် အိတ်ချိန်းအော်ပရေတာကတစ်ဆင့် ခေါ်ရတာပါ။ အဲဒီတုန်းက တိုင်းမြို့တော်ဖြစ်တဲ့ ကျွန်တော်တို့မြို့မှာ ဗိုက်ရှိဝေ့တာဝါတိုင်အမြင့်ကြီးတစ်တိုင် မြို့လယ်ခေါင်မှာ စတင်ပြီးလာတပ်ဆင်ကြတယ်။ အထူးအဆန်းလို လူတွေဝိုင်းကြည့်ကြပါတယ်။ တိုင်အောက်ခြေစက်ခန်းမှာ ဂျပန်လူမျိုးနှစ်ဦး၊ သုံးဦးစက်ပစ္စည်းလာတပ်ဆင်တာ မြင်တွေ့ရတယ်။ အခုထိမှတ်မိနေပါသေးတယ်။ အဲဒီတုန်းက မြို့မှာပိုက်ဆံရှိသူတွေလည်း အခြားငွေဖြုန်းစရာသိပ်မရှိဘူး။ ဝန်ထမ်းတွေ ရုံးနဲ့နီးသူက ရုံးကိုလမ်းလျှောက်သွား၊ ဝေးတဲ့သူက ရုံးကိုစက်ဘီးလေးစီးပြီး သွားရတယ်။ မိဘငွေကြေးတတ်နိုင်တဲ့ ဝန်ထမ်းမိန်းကလေးတချို့က ထိုင်းနိုင်ငံနယ်စပ်ကဝင်လာတဲ့ ပန်းကန္တာတံဆိပ်၊ မိချောင်းတံဆိပ်စက်ဘီးလှလှလေးတွေ ဝယ်စီးရုံးတက်ကြတာပေါ့။ ဝန်ထမ်းတိုင်း ဝယ်မစီးနိုင်ကြဘူး။ ရုံးသွားရင် ထမင်းချိုင့်ထည့်သွား၊ အိမ်နဲ့နီးသူက အိမ်ပြန်ထမင်းစား၊ ပိုက်ဆံအပိုမကုန်ဘူး။ အခြားသုံးစရာ၊ ဖြုန်းစရာ ဝယ်စရာလည်း ဘာမှသိပ်မရှိသေးပါဘူး။ အင်္ကျီလုံချည် သုံးလေးစုံလှည့်ဝတ်နေရင် ရုံးမှာအဆင်ပြေတယ်။ ဝန်ထမ်းလုပ်သက် လေးနှစ်လောက်မှာ မြို့ပေါ်က ပေ ၆၀× ၁၅၀ အကျယ်မြေနဲ့ နှစ်ထပ်တိုက်ခံအိမ်ကြီးကြီး တစ်လုံးမှ ကျပ်ရှစ်သောင်း၊ တစ်သိန်းလောက်ပဲရှိတယ်။ လူအများစုဟာ ပိုက်ဆံတောင်ထောင်ဂဏန်းရှိဖို့ မလွယ်ဘူး။ ဂျစ်ကားတစ်စီးထောင်ဂဏန်းပဲရှိတယ်။ တစ်မြို့လုံး မော်တော်ကား ဆယ်ဂဏန်းပဲရှိတယ်။ သူဌေးဆိုတာကလည်း လက်ချိုးရေတွက်လို့ရတယ်။ ဇာတိမြို့ဝန်ထမ်းလုပ်သူတွေကလည်း မိဘဘိုးဘွားအိမ်ခြံမြေတွေမှာနေကြတော့ နေရေးကိုမပူကြဘူး။ စိတ်မကူးကြတော့ဘူး။ စားရေးဝတ်ရေးလောက်ကိုသာ ဦးစားပေးစဉ်းစားခဲ့ကြတယ်။ ကျွန်တော်လည်း နောက်ပိုင်းမှာ ဇာတိမြို့ကနေ တာဝန်ကျရာအခြားမြို့နယ်တွေကို အကြိမ်ကြိမ်ပြောင်းရွှေ့ရပါတော့တယ်။

အသက် ၂၆ နှစ်မှာ အိမ်ထောင်ပြုခဲ့တယ်။ လင်မယားနှစ်ယောက်လုံး ဝန်ထမ်းဘဝနဲ့ စတင်ဖြတ်သန်းကြတာပေါ့။ သားသမီးရလာတော့လည်း နှစ်ယောက်လစာနဲ့ ဝင်ငွေ၊ ထွက်ငွေချင့်ချိန်သုံးစွဲရတယ်။ ငွေသိပ်မစုဆောင်းနိုင်တော့သလို မိဘကိုလည်းမပေးနိုင်တော့ပါဘူး။ ဝန်ထမ်းဘဝဆိုတော့ ဝန်ထမ်းအိမ်ရာမှာနေ၊ နယ်မြို့ဆိုတော့ စက်ဘီးစီး၊ တစ်ခါတစ်လေ ကြုံသလိုသွားလာ ရုံးတက်၊ ဆင်းတာပေါ့။ နယ်မြို့သုံးမြို့ကို လှည့်လည်ပြောင်းရွှေ့ခဲ့ပြီး သမီးလေးငါးနှစ်အရွယ်မှာ ရန်ကုန်ကို ပြောင်းရွှေ့တာဝန်ထမ်းရတယ်။ ရန်ကုန်ဆိုတော့ ဘတ်စ်ကားစီး ရုံးတက်၊ ဆင်း၊ အဲဒီတုန်းက အခုလောက်ဘတ်စ်ကားမပေါသေးပါဘူး။ ယာဉ်ကြောလည်း မကြပ်သေးပါဘူး။ အဲဒီလိုနဲ့ပဲ ဝန်ထမ်းဘဝကို ကျော်ဖြတ်ခဲ့ကြတယ်။ ရန်ကုန်တိုင်းအတွင်းမှာပဲ မင်္ဂလာတောင်ညွန့်၊ ဒဂုံ၊ မင်္ဂလာဒုံ၊ မရမ်းကုန်းစတဲ့ မြို့နယ်တွေမှာ လှည့်လည်တာဝန်ထမ်းဆောင်ခဲ့ကြရတယ်။ ရုံးဝန်ထမ်းအိမ်ခန်းတွေမှာ နေခဲ့ရတယ်။ တချို့နေရာဆို နေအိမ်ခန်းမကောင်းလို့ နေလို့ရအောင် မိမိအစီအစဉ်နဲ့ ပြင်ဆင်ရတယ်။ အဲဒီအချိန်ထိ နေရေးဟာ အရေးကြီးပါလားဆိုတဲ့ ကြိုတင်မျှော်တွေးမှု ခေါင်းထဲမရောက်ခဲ့ပါဘူး။ စားရေး၊ ဝတ်ရေးနဲ့ မိသားစုပညာရေး၊ ကျန်းမာရေးတွေပဲ ဦးစားပေးခဲ့မိတာပါ။

ဇနီးသည်က လုပ်သက် ၁၉ နှစ်မှာ မိသားစုအိမ်ထောင်ထိန်းသိမ်းနိုင်ဖို့အတွက် အလုပ်ကနုတ်ထွက်ခဲ့ရတယ်။ အရွယ်ရောက်လာတဲ့ သမီးနဲ့သားရဲ့ပညာရေးကို အထောက်အကူပြု ပံ့ပိုးပေးတယ်။ အိမ်ထောင်ရေးထိန်းသိမ်းမှုကိစ္စတွေနဲ့ ဝင်ငွေရ အိမ်တွင်းမှုလုပ်ငန်းလေးတစ်ခုအိမ်မှာ စမ်းသပ်လုပ်ရင်းနဲ့ **"စီးတဲ့ရေဆည်တဲ့ကန်သင်း"** ဆိုသလို ငွေမကုန်အောင် ထိန်းသိမ်းလုပ်ဆောင်ခဲ့တယ်။ အားလပ်ချိန်မှာ စာအုပ်စာပေတွေဖတ်ရှုပြီး သိလာတဲ့အသိပညာဗဟုသုတတွေက ဘဝမှာကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာတွေကို ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းဖို့ အဖြေတွေပေးခဲ့တယ်။ ဒီလိုနဲ့ပဲ သမီးကို ရန်ကုန်ဆေးတက္ကသိုလ်(၂)မှာ ပညာသင်ကြားပေးနိုင်ခဲ့တယ်။ သားကလည်း စည်းကမ်း၊ စိတ်ဓာတ်ကောင်းတဲ့ အထက(၂)မင်္ဂလာဒုံမှာ ၈၊ ၉၊ ၁၀ တန်းနေခွင့်ရခဲ့တယ်။ မင်္ဂလာဒုံမြို့နယ်အတွင်းမှာပဲ ဝန်ထမ်းဘဝကို ၁၀ နှစ်ကြာ တာဝန်ထမ်းဆောင်ရင်း တစ်ဖက်က အားလပ်ချိန်တွေမှာ ဇနီးသည်ရဲ့ မိသားစုအိမ်တွင်းမှုလုပ်ငန်းလေးတစ်ခုကို ဝိုင်းကူလုပ်ပေးခဲ့လို့ အဆင်ပြေတဲ့မိသားစုဘဝလေး ဖြစ်ခဲ့ပါတယ်။ သားလေးကိုလည်း ပညာထူးချွန်သူတစ်ယောက်ဖြစ်လာအောင် မျိုးထောင်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်ဟာ ဝန်ထမ်းဘဝတစ်လျှောက် ရိုးသားကြိုးစားပြီး တာဝန်ကျေပွန်သူ၊ ဖြစ်မှုကင်းရှင်းသူတစ်ဦးပါ။ ဝန်ထမ်းမိသားစုဘဝမှာ ဇနီးနဲ့သမီး၊ သားတို့က သူ့အလုပ်နဲ့သူ အဆင်ပြေပြီး စိတ်ချနေရတော့ ကျွန်တော်လည်း တာဝန်ထမ်းဆောင်ရတာ နောက်ဆံမတင်းဘဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ရိုးသားကြိုးစား၊ တက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်ခဲ့တာကြောင့် နိုင်ငံတော်က ပြည်သူ့ဝန်ထမ်းကောင်းလက်မှတ်နဲ့ စီမံထူးချွန်(တတိယအဆင့်)တို့ ချီးမြှင့်ခံခဲ့ရပြီး ပီတိကိုစားခဲ့ရပါတယ်။

ဝန်ထမ်းဘဝကို နှစ်ရှည်လများဖြတ်သန်းပြီးနောက်မှာ အတွေ့အကြုံတွေကို အခြေခံပြီး ရလာတဲ့သင်ခန်းစာက ဝန်ထမ်းမိသားစုတစ်စုဖြစ်လာရင် ဝင်ငွေနဲ့ ထွက်ငွေညီညွတ်မျှတအောင် သုံးစွဲတတ်ရမယ်။ အိမ်သူသက်ထား ဇနီးမယားကလည်း **'ဥစ္စာဖြို စားဖိုက'** ဆိုသလို မီးဖိုချောင်ကိစ္စမှာ မကုန်သင့်တာမကုန်ရအောင် ခင်ပွန်း၊ သားသမီးကို အာဟာရလည်းဖြစ်၊ ငွေကြေးသက်သာပြီး ကျန်းမာရေးနဲ့လည်း ညီညွတ်အောင် ပညာဉာဏ်နဲ့ ချင့်ချိန်ပြီး စီမံခန့်ခွဲလုပ်ဆောင်ပေးတတ်ဖို့ အရေးကြီးလှပါတယ်။ နောက်ပြီး ယခုခေတ်မှာ ငွေယိုပေါက်တွေဖြစ်တဲ့ အရက်၊ ဆေးလိပ်၊ ကွမ်းယာစတဲ့ အသောက်အစားတွေ၊ လောင်းကစားအပျော်အပါးတွေနဲ့ ဈေးကြီးတဲ့ ခေတ်ပေါ်အသုံးအဆောင်အလှကုန်ပစ္စည်း၊ အဝတ်အစားစတာတွေကို မဝယ်မိမသုံးစွဲမိစေဖို့ ဆင်ခြင်နိုင်ရန် အရေးကြီးလှပါတယ်။

ဝန်ထမ်းဘဝမှာ မိမိအပါအဝင် ဇနီး၊ သားသမီးတွေဟာ မိုဘိုင်းဖုန်းကိုယ်စီ ကိုင်ဆောင်အသုံးပြုကြတာဖြစ်သင့်ပေမယ့် လိုတာထက်ပိုလွန်ကဲတဲ့ ဆက်သွယ်ပြောဆိုမှုတွေနဲ့ အင်တာနက်၊ facebook စတဲ့ လူမှုကွန်ရက်တွေကို သတိကြီးစွာထားပြီးသုံးနိုင်ဖို့လိုပါတယ်။ **"မီး"** လိုသုံးတတ်ရင် အကျိုးများပေမယ့် ပေါ့ဆစွာသုံးရင်တော့ ဘေးဒုက္ခဖြစ်နိုင်ပါတယ်။ ဒီနေ့မိုဘိုင်းဖုန်းအတွက် ကုန်ကျစရိတ်ဟာ မြန်မာပြည်သူမိသားစုတိုင်းအတွက် အထူးသဖြင့် ငွေကြေးမပြည့်စုံသူများနဲ့ ဝန်ထမ်းလောကသားတွေအတွက်တော့ ငွေယိုပေါက်ကြီးတစ်ခုလိုဖြစ်နေတာကို သတိပြုမိကြမှာပါ။ တယ်လီဖုန်းအော်ပရေတာတွေဖြစ်တဲ့ MPT နဲ့ တယ်လီနော၊ အော်ရီဒူးတို့ကို မြန်မာပြည်သူ တစ်ရပ်လုံးက စက္ကန့်တိုင်း၊ မိနစ်တိုင်းနဲ့အမျှ ငွေတွေစုပုံပြီး ဒလဟောပေးသွင်းနေကြတာ လစဉ် ကျပ်ဘီလီယံရာဂဏန်းရှိပါတယ်။ ဖုန်းအော်ပရေတာကုမ္ပဏီကြီးတွေရဲ့ အမြတ်အစွန်းဟာ မြန်မာပြည်သူတွေ ဖုန်းပြောဆိုမှုများလေလေ မြတ်လေလေပါပဲ။

စာမျက်နှာ(၃၁)သို့

www.free4reader.com



လင်း ရောင်နီ (မအူပင်)

# ဝန်းရံသူတို့အကြောင်း

'ဝန်းရံ'ဆိုတဲ့စကားစုဟာ 'ခရိုနီ'ဆိုတဲ့ စကားစုနဲ့ ရှေ့ဆင့်နောက်ဆင့် ဆိုသလို၊ မြန်မာနိုင်ငံမှာ တွင်တွင်ကျယ်ကျယ် ပေါ်ပေါက်လာခဲ့သည်။ နှစ်အားဖြင့် ၂၀၁၂ ခုနှစ်ဝန်းကျင်ဖြစ်သည်။

ဒီစကားစုနှင့် မရှေးမနှောင်းမှာပင် လူမှုကရုဏာအသင်းများလည်း ပေါ်ပေါက်ခဲ့သည်။ တချို့က 'နာကူ'ဟုတွင်ခေါ်သည်။ တချို့'နာကူ' အသင်းတွေက နာရေးကူညီမှုလောက်တင် ဆောင်ရွက်သည်မဟုတ်။

အခြားသော ကယ်ဆယ်ရေးလုပ်ငန်း၊ ပြည်သူတွေအတွက် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ စသည့်အရပ်ရပ် လုပ်ငန်းတို့တွင် သည်ပိုးရွက်ဆောင်းကြသည်ကိုတွေ့ရသည်။

ထို့ကြောင့်လည်း လူမှုကရုဏာအသင်းများကို ပြည်သူက ယုံကြည်အားကိုးလာသည်။ အားကိုးထိုက်အောင်ပင် ပရဟိတလုပ်ငန်းများကို ကိုယ်ကျိုးစွန့် ဆောင်ရွက်ခဲ့ကြသည်။

**တချို့သော လူမှုကရုဏာအသင်း ပရဟိတ အသင်းတို့သည် ပြည်သူ၏ အားပေးထောက်ခံမှုကို အခြေခံ၍ နိုင်ငံရေးသမားတို့၏ အသုံးချမှုကို ခံကြရသည်ကိုတွေ့ရသည်…"**

တချို့သော လူမှုကရုဏာအသင်း ပရဟိတ အသင်းတို့သည် ပြည်သူ၏ အားပေးထောက်ခံမှုကို အခြေခံ၍ နိုင်ငံရေးသမားတို့၏ အသုံးချမှုကို ခံကြရသည်ကိုတွေ့ရသည်။ အချို့နိုင်ငံရေးသမားတို့က ပြည်သူ ယုံကြည်မှုခံရသော ပရဟိတ လုပ်ငန်းကို အခြေပြု၍ မိမိတို့၏ နိုင်ငံရေး တံခွန်ထူနိုင်စေရန် ကြိုးပမ်းအားထုတ်ကြသည်။

အချို့သော လူမှုကရုဏာအသင်းတို့သည် နိုင်ငံရေးပါတီများကို '**ဝန်းရံ**' ခဲ့ကြသည်။ သို့ဖြစ်ရာ သန့်ရှင်းဖြူစင်သော ပရဟိတလုပ်ငန်း အပေါ် လွန်စွာအားကိုးခဲ့သော စာရေးသူနှင့် ပြည်သူတို့ အလယ်တွင် အစဉ်ကိုးတက်ထွန်းလင်းစေလိုသော စေတနာဖြင့် ဤဆောင်းပါးကိုရေးသားခဲ့ခြင်း ဖြစ်ပါသည်။

သို့အတွက်ကြောင့် ကမ္ဘာ့ကရုဏာရှင်၊ မီးအိမ်ရှင်၊ 'နိုင်တင်ဂေးလ်'၏ ဩဝါဒကို တင်ပြလိုက်ပါသည်။ မီးအိမ်ရှင်၊ 'နိုင်တင်ဂေးလ်'က **"ကိုယ့်နိုင်ငံကိုယ်လူမျိုးနဲ့ တစ်ဖက်နိုင်ငံ တစ်ဖက်လူမျိုးတို့ စက်မက်ဖြစ်ခဲ့ရင် နှစ်ဖက်စစ်မြေပြင်က အရပ်သားနဲ့ စစ်သားလူနာတွေကို ပြုစုကူညီရမှာ တို့တာဝန်ဘဲ။ ကိုယ့်လူမျိုး ကိုယ်နိုင်ငံရဲ့ သံယောဇဉ်ကြောင့်ဘဲဖြစ်စေ တစ်ဖက်က ငွေကြေးနဲ့ မြူဆွယ်လို့ပဲဖြစ်စေ၊ တစ်ဖက်ရဲ့ သတင်းကို တစ်ဖက်ကို မပို့သင့်ဘူး။ ဒါ သူနာပြုတွေရဲ့ စောင့်ထိန်းရမယ့် တာဝန်ဘဲ။ နှစ်ဖက်စလုံးကို လူသားတွေဘဲဆိုတဲ့ အမြင်ကို အခြေခံပြီး ကူညီကြရမယ်"** သည်ကဲ့သို့ဩဝါဒပြုသွားလေသည်။

နောက် မြန်မာပြည်သူ ဘွားဦးဖွန်းကလည်း သည်လိုဩဝါဒပြုသွားခဲ့သည်။ **"ပြင်သစ်ဘုန်းတော်ကြီးတွေတည်ဆောက်တဲ့ လူအိုရုံတွေက မြန်မာအဘိုးအဘွားကို လက်ခံကြပေမယ့် သူတို့ဘာသာထဲဝင်ကြရတယ်။ တို့လူအိုရုံတွေမှာ ဘာသာလူမျိုးမခွဲဘဲလက်ခံမယ်။ ကိုယ်ကြိုက်နှစ်သက်ရာကိုးကွယ်နိုင်မယ် လူအိုကို လူလို့ဘဲ မြင်ကြရမယ်"**

ဒီလူမှုကရုဏာရှင် နှစ်ဦးရဲ့ ဩဝါဒခံယူချက် အရ သန့်ရှင်းမှန်မြတ်တဲ့ကရုဏာလုပ်ငန်း (ပရဟိတ) ကိုဆောင်ရွက်ကြတဲ့နေရာမှာ ဘာသာလူမျိုး၊ နိုင်ငံရေး အစွဲမရှိသင့်ဘူးလို့ ဆိုထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှာ လူမှုကရုဏာလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာတာ ဝမ်းသာကြိုဆိုလက်ခံရုံမျှမက အားပေးပံ့ပိုးရမည်ဖြစ်ပါသည်။

ယခုမူ အချို့သော လူမှုကရုဏာလုပ်ငန်း လုပ်ကိုင်သူတို့သည်ပါတီအဖွဲ့အစည်း ကိုယ်စားပြု ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခြင်း၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့များနှင့် မြို့နယ်စည်ပင်သာယာရေးတို့တွင် ကော်မတီဝင်အဖြစ် ဝင်ရောက်ရွေးချယ်ခံခြင်း တို့ကိုဆောင်ရွက်လာကြပါသည်။

မှန်မြတ်သော လူမှုကရုဏာလုပ်ငန်းသည် မည်သည့်အချိန် မည်သည့်ခေတ်မှ ပြည်သူ၏ ယုံကြည်ကိုးစားမှုလုံးဝ လုံးဝပျက်ပြားမည် မဟုတ်ပါ။ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးကတော့ တစ်ချိန်ချိန် တစ်ခါခါ၌ ပြည်သူ၏ အကြည်ညိုပျက်ခြင်းကိုခံရနိုင်ပါသည်။

မိမိဘယ်လိုပင်အများအကျိုးကို ဆောင်ရွက်စေကာမူ အတ္တ အားကြီးသော လူနှင့် တွေ့သောအခါ မိမိအပေါ် အကြည်ညိုပျက်တတ်ပါသည်။

ထို့ပြင် အချို့သော လူမှုကရုဏာရှင်တွေသည်မိမိလိုလားသော ပါတီကို 'ဝန်းရံ' မိခြင်းဖြစ်သည်။ မိမိနှစ်သက်သော ပါတီအဖွဲ့အစည်း (လူပုဂ္ဂိုလ်) တို့ကို ကြိုက်နှစ်သက်ခွင့် ဆန္ဒမဲပေးခွင့်သည် လူ့အခွင့်အရေး ဖြစ်ပါသည်။

**သို့သော် ပါတီတစ်ခုအောင်နိုင်ရေးအတွက် လူမှုကရုဏာဆိုင်းဘုတ်အောက်က စည်းရုံးလှုံ့ဆော်ခြင်းမှာ လူမှုကရုဏာလုပ်ငန်းနှင့် ဆန့်ကျင်နေသည်ဟု ဆိုချင်ပါသည်။**

ထိုသို့ ဝန်းရံခဲ့သူများကသည်ပင် သူတို့ တင်မြှောက်ဝန်းရံခဲ့သူများအပေါ်ကြေညာချက် ထုတ်၍ ကန့်ကွက်ကြသည်ကိုလည်းတွေ့ရပေ သည်။ ကန့်ကွက်ပိုင်ခွင့်ရှိ မရှိ မိမိဝေခွဲမရပါ။ လူမှုကရုဏာ ရှင်နှစ်ဦး၏ခံယူချက် ဩဝါဒနှင့်မူ သွေဖီနေသည်ကိုတွေ့ရပါသည်။

လူမှုကရုဏာရှင်လုပ်ငန်းဆောင်ရွက်သူတို့သည် ဝါသနာ၊ စေတနာ၊ အနစ်နာကို အခြေခံ၍ လုပ်သည်မှာ သိသာထင်ရှားပါသည်။ ပြည်သူ အကြည်ညိုခံချင်၍လုပ်ခြင်း ပြည်သူ့အသံထဲက မဲတစ်ပြားရဖို့လုပ်ခြင်း၊ ပြည်သူ့လက်ခုပ်သံလိုချင်၍လုပ်ခြင်းမဟုတ်ကြောင်း ပေါ်လွင်ပါသည်။

ပြီးတော့ ဒေသအတွင်းရှိ အုပ်ချုပ်ရေး စီမံခန့်ခွဲရေးစသည့် အဖွဲ့အစည်းများအတွင်းသို့ မိမိတို့လူမှုရေးအဖွဲ့ဝင်များရောက်ရှိရေးအတွက် စည်းရုံးဆောင်ရွက်ခြင်းကိုလည်းရှောင်ကြည်သင့်ပေသည်။

ပြည်သူနှင့် အနီးကပ်ဆက်ဆံသော ပြည်သူကြည်ညိုလေးစားသော လူမှုကရုဏာရှင်တို့ ဝန်းရံသည့်ပါတီ၊ အဖွဲ့အစည်းသည် မုချအောင်မြင်မှာ မလွဲပါလေ။ မိမိတို့ဝန်းရံသော ပါတီအဖွဲ့အစည်း လူပုဂ္ဂိုလ်သည် ပြည်သူ့အကျိုးလိုလားသူ ဖြစ်လျှင် အကြောင်းမဟုတ်။ **ပြည်သူ့အကျိုးကို မလိုလားသောပြည်သူ့ကိုယ်စားလှယ် မဖြစ်ထိုက်သူတို့အား ဝန်းရံမိပါက ဝန်းရံသူမှာတရားခံဖြစ်တတ်ပါသည်။**

ပြည်သူနှင့် ရင်းနှီးသော နောက်တစ်မျိုးရှိပါသေးတယ်။ အနုပညာနယ်ကပုဂ္ဂိုလ်များဖြစ်၏။ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်ပညာရှင်များဖြစ်သည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်သဘင်ပညာသည်က အောက်ခြေ ပြည်သူကိုလွှမ်းမိုးထိုးဖောက်နိုင်ပါသည်။

ပြည်သူနှင့်အမြဲတစေထိတွေ့နေသော အနုပညာသည်တို့က ဝန်းရံသော အဖွဲ့အစည်းသည် မည်သူနှင့် ယှဉ်ယှဉ်အောင်ပွဲရမည်ဖြစ်ပါသည်။ မိမိတို့ဝန်းရံသော လူပုဂ္ဂိုလ်အဖွဲ့အစည်း လူပုဂ္ဂိုလ်ကောင်းအဖွဲ့အစည်းကောင်းဖြစ်ဖို့ အရေးကြီးသည်။

ဒါကြောင့် '**ဝန်းရံ**' ဆိုသည့်စကားစုသည် ဝန်းရံမှုများခဲ့လျှင် မိမိအား ဒုက္ခပေးတတ်သကဲ့သို့ မိမိဝန်းရံမှုကြောင့် ဖြစ်တည်လာသော လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့သည် အမြင့်ရောက်ရှိ၍ ပြည်သူကို ဒုက္ခပေးခဲ့သော် မိမိသည် သမိုင်းတရားခံဖြစ်ဖွယ်ရှိပါကြောင်းစေတနာဖြင့် နှိုးဆော်တင်ပြလိုက်ရပါတော့သည်။

လင်းရောင်နီ(မအူပင်)

www.free4reader.com

# ရန်ကုန်စတော့အိတ်ချိန်း အနာဂတ်ရင်းနှီးမြှုပ်နှံမှု အရင်းအမြစ် ဖြစ်လာမည်ဟု OBG ဆို

ETS

ရန်ကုန်၊ နိုဝင်ဘာ ၂၈

မြန်မာ့စီးပွားရေးလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ အရင်းနှီးငွေ ဖွံ့ဖြိုးလာစေရန် ထိုက်သင့်သည့် ချေးငွေပမာဏကို အဓိကသော့ချက် အဖြစ် အသုံးပြုခဲ့ရကြောင်း Oxford Busines Group က ထုတ်ပြန်သည်။ ယင်းအခြေအနေတွင် ရန်ကုန်စတော့ခ် အိတ်ချိန်းသည် အနာဂတ်ရင်းနှီး မြှုပ်နှံမှုများအတွက် အရင်းအမြစ်ဖြစ်လာနိုင်ကြောင်း OBG က ယူဆသည်။

"ပြည်တွင်း ပြည်ပက လုပ်ကိုင်လိုသူတွေအတွက် ရန်ကုန်စတော့ အိတ်ချိန်းက ရန်ပုံငွေပိုင်းဆိုင်ရာ အရေးပါတဲ့ ရွေးချယ်စရာ အရင်းအမြစ်ဖြစ်လာမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်"ဟု Paulius က ပြောသည်။

ရန်ကုန်စတော့အိတ်ချိန်း (YSX) ကို ၂၀၁၅ ခုနှစ်တွင် စတင်မိတ်ဆက်နိုင်ခဲ့ခြင်းသည် မြန်မာနိုင်ငံကို ပြင်ပကမ္ဘာကြီးဆီသို့ လှစ်ဟပြသပေးနိုင်ပြီး တိုင်းပြည်အတွက် အဓိကကျသည့် ခြေလှမ်းတစ်ရပ်ကို သယ်ဆောင်လာခြင်းဖြစ်ကြောင်း OBG စစ်တမ်းက ဆိုသည်။

Oxford Business Group (OBG) သည် အာရှ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံဒေသရှိ စျေးကွက်များတွင် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ဖြန့်ချိပေးနေသည့် ကမ္ဘာလုံးဆိုင်ရာ ပုံနှိပ်ဖြန့်ချိရေး၊ သုတေသနလုပ်ငန်းနှင့် အတိုင်ပင်ခံလုပ်ငန်းဖြစ်သည်။

မြန်မာ CEO စစ်တမ်းပါ အချက်များအရ OBG သည် စီးပွားရေးကဏ္ဍအတွင်းရှိ C-suit အမှုဆောင်များကို ဖွံ့ဖြိုးရေးနှင့် ဆက်နွယ်သော ၎င်းတို့၏ အစီအမံများအကြောင်း ကျယ်ပြန့်စွာ မေးမြန်းထားသည့် မေးခွန်းများ မေးမြန်းခဲ့ပြီးနောက် ရလဒ်များကို ထုတ်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"သင့်လျော်တဲ့ ချေးငွေရယူနိုင်ဖို့က မြန်မာပြည်မှာ စီးပွားရေးလုပ်ငန်းတွေအတွက် စိန်ခေါ်မှုအဖြစ် ရှိနေဆဲပါ။ ချေးငွေကာလတွေနဲ့အတူ လက်ရှိမှာ ပြည်တွင်းဘဏ်တွေက ချေးငွေထုတ်ပေးဖို့ ကမ်းလှမ်းမှုတွေဟာ တင်းကျပ်လွန်းလှပြီး အရမ်း အားစိုက်ထုတ်ရတယ်လို့ ကျွန်တော်တို့ စစ်တမ်းက ဖော်ပြပါတယ်" ဟု PauliusKuncinas က ပြောသည်။ ■




# ရဲရွာရေကာတာတည်ဆောက်မှု ရပ်ဆိုင်းရန် တောင်သူလယ်သမား ထောင်ချီတောင်းဆို

ETS

ရန်ကုန်၊ နိုဝင်ဘာ ၂၈

အပြင်းအထန် စစ်ဖြစ်နေသည့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင်ရှိ အထက်ရဲရွာရေကာတာ ပြုလုပ်ခြင်းကို ပြန်လည်ရုပ်သိမ်းရန် တောင်သူလယ်သမား အယောက် ၁၅၀၀ ဖြင့် တောင်းဆိုခဲ့ကြောင်း ရှမ်းတောင်သူလယ်သမားကွန်ရက်မှ စိုင်းထမ်းအိုက်က ပြောသည်။

"မြန်မာနိုင်ငံမှာ သဘာဝအရင်းအမြစ်ကို ထိန်းချုပ်လိုခြင်းမှာ ပဋိပက္ခများ၏ ဇစ်မြစ်ဖြစ်တယ်။ အကယ်၍ အစိုးရဟာ နမ္မတူမြစ်ပေါ်မှာ ရေကာတာသစ် ထပ်မံဆောက်မည်ဆိုလျှင် ဒေသခံပြည်သူလူထုများ၏ သဘောထား ဆန္ဒများကို ဆန့်ကျင်ရာရောက်တယ်"ဟု ၎င်းက ပြောဆိုသည်။

ရှမ်းပြည်နယ်ရှိ မြို့နယ် ၁၉ မြို့နယ်မှ တောင်သူလယ်သမား အင်အား ၁၅၀၀ သည် သီပေါမြို့ရှိ နမ္မတူမြစ်ချောင်းကမ်းတွင် အစည်းအဝေးပြုလုပ်ခဲ့ပြီးနောက် ရှမ်းပြည်မြောက်ပိုင်းရှိ အထက်ရဲရွာ ရေကာတာ တည်ဆောက်ခြင်းကို ချက်ချင်း ရပ်တန့်ရန် တောင်းဆိုကြခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

အထက်ရဲရွာရေကာတာ၏တည်နေရာသည် ကျောက်မဲမြို့နယ်၏တောင်ဘက်၌ တည်ရှိသည်။ နမ္မတူမြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာ လေးခုထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ရေကာတာကို ၂၀၀၈ ခုနှစ်ကတည်းက ဆောက်လုပ်ရန် ကြိုတင်ပြင်ဆင်နေသော်လည်း တိကျသည့် ရေလှောင်တမံကို စတင်ဆောက်လုပ်ခြင်း မရှိသေးကြောင်း သိရသည်။

ထို့ပြင် မြစ်ချောင်းတစ်လျှောက်တွင် နှစ်စဉ်ရေကြီးမှုနှင့် ထပ်ခါကြုံတွေ့နေရသောကြောင့် တည်ဆောက်မှုလုပ်ငန်းများ နှောင့်နှေးနေဆဲ အခြေအနေဖြစ်ပြီး ရေကာတာ တည်ဆောက်မည့်နေရာသည် ရှမ်းပြည်မြောက်ပိုင်းတွင် ပြီးခဲ့သည့်တစ်ပတ်တွင်း ပြင်းထန်သောတိုက်ပွဲများ တိုးမြင့်လာသည့်နေရာလည်းဖြစ်သည်။

အဆိုပါရေကာတာကို တရုတ်၊ ဆွစ်ဇာလန်၊ ဂျာမန်နှင့် ဂျပန်ကုမ္ပဏီတို့ ပူးပေါင်း၍ တည်ဆောက်ကြမည်ဖြစ်ပြီး အလျား ၆၀ ကီလိုမီတာရှိသည့် ရေလှောင်တမံကို တည်ဆောက်ပါက ရေကြီးရေလျှံမှုဖြစ်ပွားလျှင် သီပေါမြို့အထိ ရောက်နိုင်ကြောင်း လေ့လာသူများက ဖော်ထုတ်သုံးသပ်ထားသည်။



# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနကဦးဆောင်ပြီး ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ (မူကြမ်း) ရေးဆွဲလျက်ရှိ




ETS

ရန်ကုန်၊ နိုဝင်ဘာ ၂၈

ရင်းနှီးမြှုပ်နှံဥပဒေ အသက်ဝင်လာစေရန်နှင့် ပိုမိုအားကောင်းရန် ရည်ရွယ်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းဥပဒေ (မူကြမ်း)ကို ရေးဆွဲလျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ (မူကြမ်း)အား ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) သည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC)၊ International Law Firm ဖြစ်သော Berwin Leighton Paisner တို့၏ အကူအညီဖြင့် ရေးဆွဲလျက်ရှိကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဥပဒေကို စိတ်ပါဝင်စားသူများ အနေဖြင့် ရေးဆွဲမည့် နည်းဥပဒေ (မူကြမ်း)အပေါ် အကြံပြုချက်များ ပေးပို့နိုင်ကြောင်း ၎င်းက ပြောသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန (DICA) တို့သည် နည်းဥပဒေရေးဆွဲရာတွင် လိုက်နာ ကျင့်သုံးသူများအတွက် ရိုးရှင်းလွယ်ကူရန်၊ လုပ်ထုံးလုပ်နည်းများ မှန်ကန်ထိရောက်ရန်၊ ရင်းနှီးမြှုပ်နှံသူများအတွက် တည်ငြိမ်သော မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ ရရှိရန်တို့အတွက် ရည်ရွယ်ရေးဆွဲနေကြောင်း သိရသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် တစ်ပေါင်းတည်းရေးဆွဲထားသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြီးခဲ့သည့် ဇင်တင်ဘာလက ထုတ်ပြန်ခဲ့သည်။

www.free4reader.com

# မြန်မာနိုင်ပြီ . . .



ဒီတစ်ပတ် အားကစားသတင်းကဏ္ဍမှာတော့ မြန်မာအသင်းအကြောင်း မပြောမပြီး ဖြစ်လို့နေပါတယ်။ ဆုဇူကီး ဖလားအုပ်စုအဆင့်ကနေ မြန်မာအသင်း သမိုင်းကြောင်းမှာ ဒုတိယအကြိမ် ကျော်ဖြတ်နိုင်ခဲ့တဲ့ အောင်ပွဲပါ။ လွန်ခဲ့တဲ့ ၁၂ နှစ် ၂၀၀၄ ခုနှစ်မှာအုပ်စုကကျော်ဖြတ်ပြီးတဲ့ နောက်ပိုင်းအမြင့်ဆုံးအောင်မြင်မှုအဖြစ် မြန်မာအသင်းဟာ မလေးရှားအသင်းကိုကျော်ဖြတ်ပြီးရေးထိုးနိုင်ခဲ့ပါတယ်။ ဘာသာရေး၊ လူမျိုးရေး ရေချိန်အမြင့်ဆုံးဖြစ်နေပြီး မလေးရှားအသင်းအနေနဲ့ မြန်မာက အိမ်ရှင်အဖြစ်ကျင်းပနေတဲ့ ဆုဇူကီးဖလားပြိုင်ပွဲကနေနုတ်ထွက်ဖို့ စဉ်းစားနေကြောင်း စသဖြင့် တင်းမာမှုအချို့ရှိနေတဲ့ ကြားကနေ မြန်မာအသင်းဟာ နည်းပြဖရိုင်းဒရစ်ရဲ့ လမ်းညွှန်မှုနဲ့ သမိုင်းသစ်ရေးထိုးခဲ့ပါတယ်။ ပွဲထွက်လူစာရင်းကို ကမ္ဘောဒီးယားနဲ့ ပွဲစဉ်တုန်းကအတိုင်း အပြောင်းအလဲမရှိပွဲထွက်ခဲ့ပြီးတိုက်စစ်မှာ အောင်သူ၊ ကောင်းဆက်နိုင်၊ အလယ်တန်းမှာ ဒေးဗစ်ဒန်း၊ မောင်မောင်လွင်၊ ရန်အောင်ကျော်၊ ဖျိုးကိုထွန်း၊ နောက်တန်းမှာ နန္ဒကျော်၊ ကျော်ဇင်လွင်၊ ဇော်မင်းထွန်း၊ ဖြိုးကိုကိုသိန်း၊ ဂိုးကျော်ဇင်ဖြိုးတို့ ပါဝင်ကစားပါတယ်။ ပွဲအစ ၆ မိနစ်မှာ မလေးရှားရဲ့ ကန်ချက် ဂိုးသမားကျော်ဇင်ဖြိုးရဲ့ ညာဘက်တိုင်ကိုထိပြီး ထွက်ခဲ့ပေမယ့် နောက်ပိုင်းပွဲချိန်တွေမှာ မြန်မာအသင်းကပဲ တစ်ဖက်သတ် ဖိအားပေးကစားခဲ့ပါတယ်။ ပွဲချိန် ၁၀ မိနစ်မှာ အောင်သူရဲ့ကန်ချက်ကို ဂိုးသမားပုတ်ထုတ်ကာကွယ်ပါတယ်။ ၁၁ မိနစ်မှာ အောင်သူကပဲ သူ့ကြောင့်ရတဲ့ ပင်နယ်တီကို ကန်သွင်းရာမှာ ဂိုးသမားလက်စွမ်းပြကာကွယ်သွားပြန်ပါတယ်။ ဒါ့အပြင် ပထမပိုင်းမပြီးခင်မှာ အောင်သူ အလွတ်တည်ကန်ဘော ကန်သွင်းရာမှာ မလေးရှားဂိုးဘားတန်းနဲ့ ထိထွက်သွားပါတယ်။

ဒုတိယပိုင်းမှာတော့ အပြန်အလှန်ရှိခဲ့ပြီး မလေးရှားရတဲ့အခွင့်အရေးအချို့ကို မြန်မာနောက်တန်းနဲ့ ဂိုးသမားတို့ကြိုးစားပမ်းစား ကာကွယ်ခဲ့ရပါသေးတယ်။ ပွဲချိန် ၈၅ မိနစ်မှာတော့ ညာတောင်ပံမှာတောက်လျှောက်ခြေစွမ်းပြနေတဲ့ ဒေးဗစ်ဒန်းရဲ့ မော်ဝင်ဂိုးနဲ့ မြန်မာအသင်း ဦးဆောင်ဂိုးသွင်းယူသွားပါတယ်။ ဒီဂိုးကို ဒေးဗစ်ဒန်းဟာ ညာတောင်ပံကနေ တွဲယူလာပြီး ဘယ်ခြေနဲ့အသာ ဖရိယာထိပ်ကနေ ကန်သွင်းရာမှာ မလေးရှားဂိုးသမားရဲ့ ဘယ်ဘက်တောင့်ကို ဝင်သွားပြီး မြန်မာပရိသတ်တွေ အောင်ပွဲခံနိုင်ခဲ့ပါတယ်။

ပွဲပြီးခါနီးမှာ ဒေးဗစ်ဒန်းကနေပဲ ခေါင်းတိုက်သွင်းပေမယ့် ကံခေခဲ့လို့သာ မြန်မာဂိုးမပြတ်တာပါ။ ဒီပွဲမှာ မြန်မာအသင်းဟာ အပိုင်အခွင့်အရေးခြောက်ကြိမ်ထက်မနည်း ရရှိခဲ့ပါတယ်။

မြန်မာအသင်း ဆီမီးဖိုင်နယ်ကို ဒီဇင်ဘာ ၄ ရက်နေ့မှာ သုဝဏ္ဏအားကစားကွင်းမှာ ပထမအကျော့အိမ်ကွင်းအဖြစ် ထိုင်းအသင်းနဲ့ ကစားရမှာဖြစ်ပြီး ဒုတိယအကျော့ကိုတော့ ယိုးဒယားနိုင်ငံ ရာဇမင်္ဂလာအားကစားကွင်းမှာ သွား ရောက်ယှဉ်ပြိုင်ကြမှာဖြစ်တဲ့အတွက် မြန်မာပရိသတ်အပေါင်းလာရောက် ပူးပေါင်းအားပေးကြဖို့နှိုးဆော်ရင်း မြန်မာအောင်နိုင်ဖို့အတွက် ဆုတောင်းပေးလိုက်ရပါကြောင်း။



## မရပ်သေးတဲ့ အပြာရောင်ပန်းချီကား

နည်းပြကွန်တီရဲ့ ခြသေ့်တွေကတော့ ဒီတစ်ပတ်မှာလည်း အနိုင်ပွဲဆက်ယူနိုင်ခဲ့ပြီး ဇယားထိပ်ကို တက်လှမ်းကာ ပရီးမီးယားလိဂ်ကို ရာသီဝက်မတိုင်ခင် ဦးဆောင်နိုင်ခဲ့ပါပြီ။ စပါးအသင်းဟာ နောက်တန်းမှာ လူမစုံခဲ့ဘဲ ဝင်းမားတို့လို လူငယ်တွေကို ထုတ်သုံးခဲ့ရပါတယ်။ ပွဲအစ ၁၁ မိနစ်မှာ စပါးကွင်းလယ်လူ အဲရစ်ဆင် ဦးဆောင်ဂိုး သွင်းခဲ့စဉ်က ဒီပွဲကို စပါး အလွယ်တကူ အနိုင်ရတော့မယ်လို့ ထင်ရခဲ့ပါသေးတယ်။ ဒီလိုဖြစ်အောင်လည်း စပါးအသင်းဟာ ပထမ ပိုင်းတစ်ပိုင်းလုံးလိုလို ချယ်ဆီးကို ချုပ်ကိုင်ကစားခဲ့ပြီး ချယ်ဆီး အသင်းကစားကွက် တည်မရ ဖြစ်ခဲ့ပါတယ်။ ပထမပိုင်းပြီးခါနီးမှာတော့ ချယ်ဆီးကို ချုပ်ကိုင်ကစားခဲ့ပြီး ချယ်ဆီးအသင်း ကစားကွက်တည်မရဖြစ်ခဲ့ပါတယ်။ ပထမပိုင်းပြီးခါနီးမှာတော့ ချယ်ဆီး တောင်ပံကစားသမား ပီဒရိုက တစ်ကိုယ်တော်အစွမ်းနဲ့ ဘီးကုပ်စက်ဝိုင်းထိပ်ကနေ အပေါ်ထောင့်ကို ကန်သွင်းပြီး ချေပဂိုးသွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ ချယ်ဆီးအသင်းကပဲ ပွဲကို ကိုင်တွယ်နေခဲ့ပြီး အထူးသဖြင့် တောင်ပံနှစ်ဖက်က အလွန်ဆိုးနဲ့ မိုးဇက်တို့ကို စပါးနောက်တန်း လူမကပ်နိုင်ခဲ့ပါဘူး။ ညာဖက်က အတက်အဆင်းကစားတဲ့ ဗစ်တာမိုးဇက်ဟာဆိုရင် အခွင့်အရေး နှစ်ကြိမ်ထက်မနည်း ရရှိခဲ့ပြီး စပါးနောက်တန်းဟာ ကော်စတာ၊ ဟာဇတ်၊ ပီဒရိုကို ကပ်ရမလား၊ ဗစ်တာ မိုးဇက်ကို ကပ်ကစားရမလား ဆိုတာ နည်းပြ ပိုချက်တီနို မဝေခွဲနိုင်ခဲ့ပါဘူး။ ဒါကြောင့်ပဲ ပွဲချိန် ၅၁ မိနစ်မှာ ဗစ် တာမိုးဇက်က လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းပြီး အနိုင်ကို ထိုက်တန်စွာ သိမ်းပိုက်ခဲ့ပါတယ်။



## ပျံသန်းဆဲ ကြိုးကြာ

ကြိုးကြာနီတွေဟာ ၁၁ ပွဲဆက် ရှုံးပွဲမရှိ ရလဒ်ကို ဒီတစ်ပတ်ဆန်းဒါး လန်းနဲ့ ပွဲစဉ်မှာ ထပ်မံ ရေးထိုးသွားပါတယ်။ ဒါပေမယ့် ကွင်းလယ်ဗိုလ်ချုပ် ကူတင်ဟိုကတော့ ဒဏ်ရာရသွားပြီး ဒါဟာ လီဗာပူးအတွက် ကြီးမားတဲ့ ထိုးနှက်ချက်ပါ။ ဒီဘရာဇီးကစားသမားဟာ ခြေကျင်းဝတ်ဒဏ်ရာရရှိခဲ့ပြီး အနည်းဆုံး ၂၀၁၇ နှစ်ဆန်းပိုင်းအထိ အနားယူရမှာ သေချာနေပါပြီ။ လီဗာပူးအတွက် ကံကောင်းစေတာကတော့ ချေပဂိုးသွင်းသွားနိုင်တာဖြစ်ပြီး ပွဲချိန် ၇၅ မိနစ်မှာဖြစ်ပါတယ်။ ဒီပွဲမှာ မီလ်နာနဲ့ ကလိုင်းတို့က ဘယ်ညာနောက်ခံ အဖြစ်ချေစွမ်းပြသွားပြီး ကွင်းလယ်က အမ်မရီချန်၊ နောက်ခံလူမာတစ်တို့ကအစ ဆန်းဒါးလန်းကို ဖိအားပေးနိုင်ခဲ့ပါတယ်။ လီဗာပူးနောက်ခံလူလိုဗရန် နဲ့ ကွင်းလယ်က ဝီနယ်ဒမ်တို့လည်း အခွင့်အရေးအချို့ရခဲ့ပေမယ့် အသုံးမချ နိုင်ခဲ့ပါဘူး။ လီဗာပူးအတွက် အနိုင်သေချာစေမယ့် ဂိုးကို ဘယ်နောက်တန်းမှာ ကစားတဲ့ အင်္ဂလန်လက်ရွေးစင် မီလ်နာက ပင်နယ်တီကတစ်ဆင့် ၉၁ မိနစ်မှာသွင်းယူပါတယ်။



## သံတူကြောင်းကွဲ မန်ယူ

စိတ်ပျက်ဖွယ် မန်ယူညချမ်းတွေဟာ ဒီတစ်ပတ်မှာလည်း မကုန်ဆုံးနိုင်သေးပါဘူး။ နည်းပြမော်ရင်ဟို ဒုတိယအကြိမ်ကွင်းအတွင်းက နှင်ထုတ်ခံရခြင်းနဲ့အတူ တူနစ်လက်အသင်းကတူနဲ့ ပြန်ထုပြီး ပညာပေးသွားခြင်း ခံလိုက်ရပါတယ်။ မန်ယူကွင်းလယ်လူ ပေါ့ဘာကို ဝက်စ်ဟမ်းကွင်းလယ်လူ နိုဘယ်ကစားပုံကြမ်းတယ်ဆိုပြီး ကွင်းဘေးက ရေသန့်ဘူးကို မော်ရင်ဟို ဒေါသတကြီး ကန်ကျောက်လိုက်ရာမှာ ဒိုင်လူကြီးက ပွဲကြည့်စင်ပေါ်ကို နှင်ထုတ်လိုက်တာပါ။ Replay ပြန်ပြရာမှာလည်း နိုဘယ်ဟာ ပေါ့ဘာကို မထိခိုက်မိခဲ့ပါဘူး။

ဝက်စ်ဟမ်းအသင်းဟာ ပွဲအစ ၂ မိနစ်ကတည်းက ဦးဆောင်နိုင်ခဲ့ပြီး ပါယက်ရဲ့ ဖရီးကစ်ကို ဆာခိုက အဆုံးသတ်သွားတာဖြစ်ပါတယ်။ မန်ယူအတွက် ချေပဂိုးကို ပွဲချိန် ၂၁ မိနစ်မှာ သွင်းယူနိုင်ခဲ့တာပါ။ မန်ယူဟာ ဒီပွဲနဲ့ဆိုရင် ၄ ပွဲဆက် နိုင်ပွဲပျောက်နေတာဖြစ်ပြီး ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်ပါတယ်။

www.free4reader.com

# 'မနုစာရီ' ရုပ်ရှင်ဇာတ်ကားအတွက် အဓိကဇာတ်ကောင်တွေကိုရွေးချယ်




'ညကျောင်း' ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသော 'မနုစာရီ' ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြမည့် အဓိကဇာတ်ကောင် ရွေးချယ်ပွဲကို MEGA ACE SHWE BAHO CINEMA Hall တွင် ကျင်းပပြုလုပ်ခဲ့သည်။

"ကျွန်တော်စဉ်းစားပြီး ပြင်ဆင်ခဲ့တာက 'ဘဒ္ဒကလျာ' ကို သရုပ်ဆောင်ထဲက ရွေးဖြစ်ရင်၊ မနုစာရီကို အသစ်ထဲကရွေးမယ်။ 'မနုစာရီ' ကို သရုပ်ဆောင်ထဲကရွေးရင် ဘဒ္ဒကလျာကို အသစ် ရွေးမယ်လို့ ပြင်ဆင်ခဲ့ပါတယ်။ 'ဘဒ္ဒကလျာ' ကို အသစ်တစ်ယောက်အတွက် နေရာပေးလိုက်တာက အကုန်လုံးအတွက် အဆင်ပြေလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်ပင်ထားတဲ့ အတိုင်းပဲ လုပ်ခဲ့တာပါ"ဟု ဒါရိုက်တာညီမင်းလွင်က ပြောသည်။

'မနုစာရီ' ရုပ်ရှင်ဇာတ်ကားအတွက် 'မနုစာရီ' ဇာတ်ကောင်အတွက် ကြိုတင်ရွေးချယ်ထားပြီးဖြစ်ကာ 'အတိလျာ' မင်းသားနှင့် 'ဘဒ္ဒကလျာ' နေရာအတွက် သရုပ်ဆောင်အသစ်များကို ပါဝင်ယှဉ်ပြိုင်စေခဲ့ကြောင်း နောက်ဆုံးဆန်ကာတင် ဆယ်ဦးစီမှ 'ဘဒ္ဒကလျာ' နှင့် 'အတိလျာ' မင်းသား နေရာအတွက် ဒိုင်လူကြီးများက ရွေးပေးခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ရဲ့ ညကျောင်းကနေ အမြဲတမ်းကွဲပြားတဲ့ ဇာတ်ကားတွေကို ရိုက်ဖို့ စိတ်ကူးထားပါတယ်။ နောင်လည်း ဒီအတိုင်းပဲဖြစ်မှာပါ"ဟု ညီမင်းလွင်က ထပ်မံပြောသည်။

'မနုစာရီ' နေရာတွင် သရုပ်ဆောင် ရွှေသမီး၊ 'အတိလျာ' မင်းသားနေရာတွင် သရုပ်ဆောင် အောင်ဆန်းမြင့်၊ 'ဘဒ္ဒကလျာ' နေရာတွင် နေကြာခင်ခင်တို့အား ရွေးချယ်ခဲ့သည်။




# 'သာပေါင်း' ဖောင်ဒေးရှင်းက ဦးဆောင်ပြီး ဂီတရန်ပုံငွေပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်အတွင်းမှ ကျောင်းသားကျောင်းသူများ ပညာရေးခရီးအတွက် တေးဂီတရန်ပုံငွေပွဲကို သာပေါင်းဖောင်ဒေးရှင်းက ဦးဆောင်ပြီး ကျင်းပပြုလုပ်ပေးခဲ့သည်။

ယင်းတေးဂီတရန်ပုံငွေပွဲကို ကျေးလက်ကလေးသူငယ်များ ပြင်ပဗဟုသုတရရှိစေရန်နှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများအတွက်ပါ ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖျော်ဖြေပွဲကို တေးသံရှင် G-fatt၊ စည်သူမင်း၊ ရွှယ်ရွှယ်၊ လူးလူး၊ မေရီအောင်၊ ဒေးဗစ်ထူး၊ Rice တို့က ပါဝင်ဖျော်ဖြေပေးခဲ့ကြကြောင်း သိရသည်။

သာပေါင်းဖောင်ဒေးရှင်းအား ၂၀၁၄ ခုနှစ်ကစတင်တည်ထောင်ခဲ့ပြီး သာပေါင်းဒေသတွင်း လူငယ်များနှင့် အခြေခံပညာကျောင်းသားများမှ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မူလတန်းကျောင်းဆောင်သစ်များ၊ ရေရှားသည့် ကျေးလက်ဒေသများ၌ ရေတွင်းရေကန်တူးဖော်မှုများကို လုပ်ဆောင်ပေးလျက်ရှိကြောင်းသိရသည်။






# နန်း ဆု ဦး နှင့် တွေ့ဆုံခြင်း

**'အယူတော် မင်္ဂလာ' ဇာတ်ကားမှာ ဘယ်လိုပုံစံမျိုး သရုပ်ဆောင်ရမှာလဲ။**

ဒီကားမှာတော့ ကာရိုက်တာအရ အရမ်းကို ထူးထူးခြားခြားကြီး မဟုတ်ပေမယ့် ဇာတ်ကတော့ ထူးဆန်းတယ်။ ထူးခြားတယ်။ နန်းဆုကတော့ ဒီကားမှာ ဦးရန်လေး၊ ရန်အောင်ရဲ့ သမီးနေရာကနေပါရမှာပါ။ ဦးရန်လေးက ဂိုဏ်းစတား သူဌေးကြီးပုံစံပေါ့။ တခြားကားတွေနဲ့မတူတဲ့ အသစ်အဆန်းအနေနဲ့ ပရိသတ်တွေမြင်ရမှာပါ။ လုပ်ကွက်ကတော့ ဆင်းအရက အများကြီးတော့ မဟုတ်ဘူး။ အဓိက ဦးရန်လေးပေါ့နော်။ နန်းဆုပါရတာက တစ်ဆင်းနဲ့ဆိုတစ်ဆင်းမိ၊ ဆယ်ဆင်းမိဆို ဆယ်ဆင်းမိ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်သွားမှာပါ။

**charm (ချားမ်) (၂)က ရိုက်နေတာ ပြီးသွားပြီလား။**

ဟုတ်ကဲ့၊ ပြီးသွားပါပြီ။ Charm 2 က ရှေ့က ၁ ကို လက်စသတ်တဲ့သဘောပါပဲ။ နန်းဆုက အမှန်ဆို Charm 2 မှာပါဖို့မရှိတော့ဘူး။ ၁ မှ တန်းလန်းကြီးလိုဖြစ်တော့ (၂) မှာ အဆုံးသတ်ဖို့ ဖြစ်သွားတာပါ။ ကာရိုက်တာ အရတော့ သိပ်ပြောင်းလဲတာမရှိဘူး 'မုန်းမုန်းခက်' နေရာကပဲ ဆက်ပြီး လုပ်သွားရတာပါ။

**နောက်ထပ်ရိုက်ဖို့ဇာတ်လမ်းတွဲရှိသေးလား။**

ဟုတ်ကဲ့၊ နန်းဆုကို Media -7 ကနေ ကမ်းလှမ်းထားတာ နှစ်ခုပေါ့နော်။ ဒါပေမယ့် နန်းဆုက ရုပ်ရှင်ကားကြီးတွေ၊ ဗီဒီယိုတွေအတွက် ရက်တွေပေးထားလို့ မရိုက်ဖြစ်ပါဘူး။ Media -7 ကနောက်ထပ်ကမ်းလှမ်းထားတာက ရုပ်ရှင်ကားကြီး လည်းရှိတယ်။ အက်ရှင်ကားတစ်ခုပါ။ လောလောဆယ် စကားပြောထားတာပဲ ရှိပါသေးတယ်။

**သီချင်းတွေ ပြန်လုပ်နေတယ်ဆိုတော့ ပြောပြပါဦး။**

သီချင်းလုပ်ဖြစ်တာက နန်းဆုတို့ ပုဂံခရီးသွားရင်း ကိုနိုင်ဖြိုးကျော်တို့က နန်းဆုကိုတွေ့ပြီး သတိရသွားတယ်ထင်တယ်။ သူတို့ အယ်လ်ဘမ်မှာ သီချင်းတစ်ပုဒ်ဝင်ဆိုပေးပါဆိုပြီးတော့ ပြောတော့ နန်းဆုလည်း ဆိုဖြစ်ခဲ့တာပါ။ သီချင်းကို ကိုဇေကြီး ရေးပေးထားတာပါ။ 'သီချင်းနာမည်က 'လွမ်းနေရဦးမယ်'တဲ့ ကိုဇေကြီးဆိုမှာလည်း သီချင်းတွေက အများကြီးပဲလေ။ နန်းဆုကလည်း အဲ့ဒီသီချင်းတစ်ပုဒ်က နန်းဆုနဲ့ လိုက်တယ်ဆိုပြီး ကြိုက်သွားတာ။ သီချင်းက ပေါ့ပဲ၊ Rock ပုံစံလေးမျိုးပါ။ သူ့ရဲ့ မယ်လိုဒီနဲ့ ညီမရဲ့အသံနဲ့ လိုက်တာပေါ့နော်။ အဲဒီတော့ ဆိုကြည့်လိုက်တော့ ကြိုက်သွားတယ်။ သီချင်းရဲ့ မက်ဆေ့လေးကလည်း လူငယ်တော်တော်များများ ကြိုက်မယ့်ပုံစံလေးပေါ့။ သီချင်းဆိုပြီးမှပဲ သီချင်းခေါင်းစဉ်ကို ထည့်ဖြစ်တာပါ။

**သီချင်းနဲ့ဝေးနေတာကြာတော့ ဘယ်လိုမျိုး ခံစားသီဆိုရလဲ။**

ဘယ်လို mood နဲ့ဆိုတာလည်းက သူ့ရဲ့ ဗားရှင်းက အဝေးရောက်နေတဲ့ ကွဲကွာနေတဲ့ ချစ်သူနှစ်ယောက် အဝေးရောက်နေတဲ့ သူငယ်ချင်းနှစ်ယောက် အဲ့ဒီလိုမျိုးပေါ့၊ အဲ့ဒီလို ဖီလင်လေးပါ။ ခံစားချက်တော့ ထည့်ဆိုရတာပေါ့။ သရုပ်ဆောင်ရသလိုပေါ့၊ နန်းဆုက သရုပ်ဆောင်တစ်ယောက်ဆိုတော့ နန်းဆုက အဲ့ဒီလို သတ်မှတ်တယ်ပေါ့နော်။

**Solo Album လုပ်ဖို့ရော စိတ်ကူးရှိလား။**

Solo ကတော့လုပ်ချင်တယ်။ သီချင်းဆိုတာ ဝါသနာပါတယ်။ လောလောဆယ်မှာက လုပ်ချင်တဲ့ စိတ်ပဲရှိတယ်။ တကယ်တမ်းကျတော့ အားစိုက်ပြီး မလုပ်နိုင်သေးဘူး။

**ကျေးဇူးတင်ပါတယ်။**

www.free4reader.com



# ပြည်ပနိုင်ငံများ ဝင်ရောက် စွက်ဖက်လာနိုင်ဖွယ်ရှိသည့် ရခိုင်ပြည်နယ်နှင့် ရှမ်း/မြောက်ဖြစ်စဉ်များကိုစွ ဝန်ကြီးချုပ်ဟောင်းတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း

■ ဝင်းဦး

*အစိုးရသစ်လက်ထက်လတ်တလောဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ်နှင့် ရှမ်း/မြောက်ဖြစ်စဉ်အခြေအနေများသည် ပြည်ပနိုင်ငံများမှ ဝင်ရောက်လာနိုင်သောအနေအထားသို့ ရောက်ရှိနေသည့် သဘောမြင်တွေ့နေရသည်။ ရခိုင်ပြည်နယ် မောင်တောဒေသတွင် အဓိက ဖြစ်ပွားနေသောဖြစ်စဉ်များနှင့် ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်အပါအဝင် ပြည်ပနိုင်ငံတချို့ရှိ အစ္စလာမ်ဘာသာဝင်လူမျိုးများက မြန်မာသံရုံးများအပေါ် ဆန္ဒပြလျက်ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ အလားတူ ရှမ်း/မြောက်တွင်ဖြစ်ပေါ်နေသော ဖြစ်စဉ်နှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံက ၎င်းနှင့်နယ်စပ်ဒေသများတွင် လုံခြုံရေးအင်အားကို တိုးချဲ့လုပ်ဆောင်လာကြောင်း သတင်းများလည်း ပျံ့နှံ့လာခဲ့သည်။ ယင်းဖြစ်စဉ်များနှင့်ဆက်စပ်၍ အစိုးရသစ်အနေဖြင့် ၎င်းတို့ လျှောက်လှမ်းနေသော ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မသွားစေရေးအတွက် အခြေအနေအရပ်ရပ်ကို အမြန်ဆုံး ထိန်းသိမ်းတည့်မတ်နိုင်ရေး အမှုတပြင်း လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်သည်။*

*ထိုသို့ဆောင်ရွက်ရာတွင် အစိုးရသစ်အတွက် တစ်စိတ်တစ်ဒေသ အထောက်အပံ့ဖြစ်စေရန်အတွက် ဗိုလ်ချုပ်ဘဝက ပြည်သူ့စစ်တပ်ဖွဲ့များအား တာဝန်ယူခဲ့သူ၊ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တာဝန်ယူခဲ့သူ NLD အစိုးရသစ်လက်ထက်တွင် ရခိုင်ပြည်နယ်လွှတ်တော်၌ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူနေသူ၊ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် Bullet ဂျာနယ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။*

**ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ဖြစ်စဉ်နှင့် ပတ်သက်တဲ့ နောက်ဆုံးအခြေအနေသုံးသပ်ချက်ကို ပြောပြပေးပါခင်ဗျာ။**

ရခိုင်ပြည်နယ်ရဲ့ နောက်ဆုံးအခြေအနေက တကယ်ကို အရေးကြီးတဲ့အချိန်ရောက်နေပြီလို့ ပြောလို့ရတယ်။ ဘာလို့လဲဆိုတော့ အရင်ကနိုင်ငံရေးနည်းလမ်းနဲ့ အစအရာရာဖြေရှင်းခဲ့တာဖြစ်ပေမယ့် ခုလို လက်နက်စွဲကိုင်ပြီး နိုင်ငံတော်ကိုဆန့်ကျင်တဲ့သဘော ဖြစ်လာတဲ့အခါ ဒါတွေဟာ အနာဂတ်အတွက် မကောင်းတဲ့လက္ခဏာပေါ့။ ဒေသအတွက်လည်း မကောင်းသလို နိုင်ငံရဲ့အချုပ်အခြာအာဏာရေး၊ အထူးသဖြင့် တွေးတောမယ်ဆိုရင် ဒီကိစ္စဟာ အင်မတန်အရေးကြီးတယ်။

တချို့ကိစ္စတွေမှာ လူ့အခွင့်အရေးနဲ့ ချိန်ထိုးဖို့ဆိုတာ အင်မတန်သတိထားရတယ်။ တာဝန်ရှိတဲ့ အစိုးရပိုင်းနဲ့ ပြည်သူတွေက ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့လိုတယ်။ အမျိုးသားရေးနဲ့ ပတ်သက်လာရင် ကျွန်တော့်အနေနဲ့က ဒီဖြစ်စဉ်ကိုလက်မခံဘူး။ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်နိုင်ငံဘက်က ရပ်တည်ရမယ်။ နိုင်ငံသားတစ်ယောက်အမြင်နဲ့ဆိုရင် ကိုယ့်နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကလွဲရင် ကျန်တာမကြည့်နိုင်ဘူး။ ဒါက နိုင်ငံတိုင်းမှာပါပဲ။ ဒါပေမဲ့ မြန်မာနိုင်ငံဟာ ကုလအဖွဲ့ဝင်နိုင်ငံဖြစ်လို့ ကုလသမဂ္ဂရဲ့စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့လည်းလိုအပ်တယ်။ ဒါတွေကို ချိန်ဆလုပ်နေရတာဖြစ်လို့ ဒီအချိန်ဟာ အင်မတန်အရေးကြီးတယ်လို့ ပြောချင်ပါတယ်။

**ပြည်သူ့စစ်ဖွဲ့စည်းခွင့်ရရေးနဲ့ ရခိုင်သယံဇာတကို ရခိုင်တိုင်းရင်းသားတွေ စီမံခန့်ခွဲပိုင်ခွင့်ရရေး ဆိုပြီး လက်ရှိ ရခိုင်ပြည်နယ်မှာ တောင်းဆိုမှုနစ်ခု ပြုလုပ်နေတာတွေ့ရတယ်။ အဲဒီအပေါ် သုံးသပ်ချက်အမြင်လေး ပြောပြပေးပါခင်ဗျာ။**

တပ်မတော်မှာတုန်းက ကျွန်တော်က ပြည်သူ့စစ်ကို ကိုင်တွယ်ခဲ့တဲ့ ဗိုလ်ချုပ်တစ်ယောက်ဖြစ်ပါတယ်။ ပြည်သူ့စစ်ဆိုတာ တပ်မတော်ရဲ့ အရန်အင်အားဖြစ်ပြီး လိုအပ်လာရင် နိုင်ငံအတွက် တပ်မတော်ကို ပိုင်းကူရမယ့် အဖွဲ့အစည်းဖြစ်တယ်။ လိုအပ်လာရင် လက်နက်တပ်ဆင်ပေးရတဲ့ အဖွဲ့အစည်းလည်းဖြစ်တယ်။ ယနေ့မောင်တောဒေသမှာ ပြည်သူ့စစ်ဖွဲ့ဖို့ဆိုတာကျတော့ သမားရိုးကျဒေသတွေမှာ နိုင်ငံအတွက် လိုအပ်လာရင် ဖွဲ့တာမှန်ပါတယ်။ သို့သော် အခုအချိန်က လက်နက်ကိုင်အရေးအခင်းဖြစ်နေတဲ့ အချိန်ဆိုတော့ ပွင့်ပွင့်လင်းလင်းပြောရရင် တခြားအဖွဲ့အစည်းတွေအနေနဲ့ ထင်မြင်ယူဆချက် လွဲသွားနိုင်တယ်။ နိုင်ငံတကာအနေနဲ့လည်း မလိုလားအပ်တဲ့ ပြောဆိုမှုတွေဖြစ်လာနိုင်တဲ့အတွက် မောင်တောရှိ ပြည်သူတွေကို ပြောခဲ့ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က မလုပ်ပေးချင်လို့မဟုတ်ဘူး။ လုပ်ပေးလို့ရတယ်၊ သို့သော် အခုအချိန်မှာ တစ်ဖက်အဖွဲ့အစည်းကို တုံ့ပြန်ဖို့ဖွဲ့တာမကောင်းဘူး။ အမှန်တကယ်ဖွဲ့ဖို့လိုအပ်လာရင် ရည်ရွယ်ချက်ကောင်းကောင်းနဲ့ ဖွဲ့ဖို့လိုတယ်ဆိုတာ ပြောချင်ပါတယ်။ ရခိုင့်သယံဇာတနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်ဝန်ကြီးချုပ်တုန်းက ကွန်ရက်အသီးသီး၊ အဖွဲ့အစည်းအသီးသီးနဲ့တွေ့ပြီး ဆွေးနွေးဖူးတယ်။ ယခင်က တိုင်းရင်းသားတွေနဲ့ တန်းတူအခွင့်အရေးက နည်းချင်နည်းခဲ့မယ်။ ဒီအတွက်လည်း ယခင်အစိုးရ တွေအပေါ် ယုံကြည်မှုတွေနည်းခဲ့တာ အမှန်တရားပါပဲ။ ဒါပေမဲ့ သမ္မတဦးသိန်းစိန်ရဲ့ ငါးနှစ်သက်တမ်းမှာလည်း ဒီမိုကရေစီဖက်ဒရယ်မှုကို သွားခဲ့တယ်။ ယခုအစိုးရကလည်း ဖက်ဒရယ်မှုကိုဆက်သွားနေတယ်။ ဖက်ဒရယ်နဲ့ ပတ်သက်ပြီး နောင်ဆိုရင် တိုင်းရင်းသားအားလုံး တန်းတူညီမျှမှုဟာ ဖြစ်လာတော့မှာပါ။ သဘောကတော့ ယနေ့ရခိုင်တိုင်းရင်းသားတွေရဲ့ တောင်းဆိုမှုတွေကို တည့်တည့်ပြောရရင် ရခိုင်မှာရှိတဲ့ သယံဇာတတွေကို ရခိုင်ကမရဘဲနဲ့ ဗဟိုအစိုးရကယူတယ်။ သူတို့ကိုပစ်ထားတယ်ဆိုပြီး ရိုးစင်းတဲ့အမြင်ရှိတယ်။ ဒါတွေကို ယနေ့ကာလဖက်ဒရယ်သွားတဲ့ အခါ နောင်ဆိုရင် ရခိုင်က သယံဇာတကို ရခိုင်က ဘယ်လောက်ယူ၊ နိုင်ငံတော်ကို ဘယ်လောက်ပေး။ အထူးသဖြင့် ကျန်တဲ့နိုင်ငံတွေမှာ လုပ်သလိုဖြစ်လာတော့မှာပါ။ ဒီမိုကရေစီအစိုးရဖြစ်သွားပြီ။ နိုင်ငံရေးစကားဝိုင်းရဲ့အပေါ်မှာ တစ်ဆင့်ပြီးတစ်ဆင့် သွားဖို့ ဖြစ်လာပြီဆိုတော့ တချို့ဟာကိုပြောချင်ပါတယ်။ ကိုယ့်အမျိုးသားတွေ လက်ဆားပိပ်မပြင်းဖို့လိုတယ်။ လာမယ့်အနာဂတ်မှာ လွှတ်တော်နဲ့ အစိုးရကဈာက သွားနေပါတယ်။ အချုပ်အခြာအာဏာ၊ စီးပွားရေး စိန်ခေါ်သွားနေလို့ တိုင်းရင်းသားတွေတောင်းဆိုတာ ဖြစ်လာပါမယ်။ သူတို့တောင်းဆိုချက်နဲ့ ဖော်ထုတ်နေတာကိုလည်း နိုင်ငံတော်ကသိပါတယ်။ နိုင်ငံတော်ကလည်း အလေးပေးဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

**ရခိုင်ပြည်နယ်ဖြစ်စဉ်ကြောင့် မောင်တောဒေသဘက်မှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေဟာ ကျောင်းတိုက်တွေမှာ မနေရဲလောက်တဲ့အထိ ဖြစ်နေလို့ သာသနာပြုလုပ်ငန်းတွေ၊ ဘာသာရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ခက်ခဲနေတယ်လို့သိရပါတယ်။ အဲဒီအပေါ် သုံးသပ်ချက်အမြင်လေး ပြောပေးပါခင်ဗျာ။**

ကျွန်တော်ဝန်ကြီးချုပ်တာဝန်ယူခဲ့စဉ်က အမြဲပြောပါတယ်။ အုပ်ချုပ်မှုအာဏာနဲ့ တရားဥပဒေ စိုးမိုးမှုသက်ရောက်ဖို့လိုတယ်။ မောင်တောမှာရှိတဲ့ ဘင်္ဂါလီအဖွဲ့အစည်းတွေနဲ့ ကျန်တဲ့ဒေသမှာရှိတဲ့ NDB တွေကိုပေါ့။ အခုသွားနေတာက နိုင်ငံသား စိစစ်ရေးပြီးမှ ခွဲမယ်ဆိုပြီးပေါ့။ ဒါပေမဲ့ အဲဒါက တုံ့ဆိုင်းနေတာပေါ့နော်။ ဝန်ကြီးချုပ်ဘဝတုန်းက မေးဖူးတယ်။ ခင်ဗျားတို့က ရိုဟင်ဂျာဖြစ်ချင်တာလား၊ နိုင်ငံသား ဖြစ်ချင်တာလားဆိုတာ။ ရိုဟင်ဂျာဆိုရင် မြန်မာနိုင်ငံမှာ လုံးဝမရှိဘူး။ မြန်မာနိုင်ငံမှာနေရင် မြန်မာနိုင်ငံရဲ့ဥပဒေကို လေးစားလိုက်နာရမယ်။ ဥပဒေစိုးမိုးမှုရှိဖို့လိုတယ်။ မြန်မာနိုင်ငံတော်အလံကို အလေးပြုရမယ်။ အခုဖြစ်နေတာက ဥပဒေစိုးမိုးမှုမရှိဘူး။ ဌာနတွေဝင်လို့မရသလို ရဲလည်းဝင်လို့မရဘူး။ တချို့နယ်မြေတွေဆို လွတ်မြောက်နေသလိုဖြစ်နေတယ်။ မလေးစားမလိုက်နာရင်တော့ ဥပဒေအတိုင်း အရေးယူဖို့ပဲရှိတယ်။ မောင်တောဒေသမှာဆိုရင် အစိုးရယန္တရားကို ထဲထဲဝင်ဝင်ဖြစ်အောင် လုပ်ဖို့လိုတယ်။ ဌာနဆိုင်ရာတွေကလည်း ပညာရေး၊ ဘာသာရေးအပါအဝင် မပြတ်ဝင်ရမယ်။

အခုသူတို့ကိုလုပ်ချင်တာလုပ်ခွင့်ပေးထားတဲ့ ပုံစံဖြစ်နေတော့ ဘာသာရေး၊ သာသနာရေးနဲ့ ပတ်သက်ရင် မောင်တောဒေသဟာ စိုးရိမ်စရာဖြစ်နေတယ်။ ဒါတွေကို ပြည်နယ်အစိုးရရဲ့အုပ်ချုပ်မှုပိုင်းက လုပ်ရမယ့်သဘောဖြစ်နေတယ်။ အခုနောက်ပိုင်း အခြေအနေအရပြောမယ်ဆိုရင် တောက်လျှောက်ဥပဒေစိုးမိုးရေးနဲ့ အုပ်ချုပ်မှုအာဏာသက်ဝင်မှုရမယ်လို့ မြင်တယ်။ တပ်တွေပြန်သွားပြီးမှဝင်ရင် ခက်သွားမယ်။ ရိုးရိုးပြောရရင် တစ်ဖက်အဖွဲ့အစည်းကို နှိပ်ကွပ်ချင်လို့ ပြောတာမဟုတ်ဘူး။ နိုင်ငံသားတွေအပါအဝင် ဥပဒေကို လိုက်နာရမယ့်အထဲမှာ သူတို့လည်း ပါတယ်။ အခွင့်အရေးပေးသင့်တာလည်း ပေးရမယ်ဆိုတဲ့အပိုင်းနဲ့ ကိုင်ရမယ်။ အဲဒီလို မကိုင်တဲ့အတွက် အခုလို ရရာလက်နက်စွဲကိုင်ပြီး အစိုးရကိုအာခံတဲ့ သဘောလုပ်လာတာလို့မြင်တယ်။ နိုင်ငံလည်းသိက္ခာကျတယ်။ ဒါမျိုးတွေ နောက်မဖြစ်အောင်အုပ်ချုပ်မှု ယန္တရားပိုင်းက ထဲထဲဝင်ဝင်နဲ့ နိုင်ငံရေးအရဖြေရှင်းနေသလို နိုင်ငံတကာနဲ့လည်း ချိတ်ဆက်ပြီး ဒီပြဿနာကို သေးသွားအောင်လုပ်သင့်တယ်လို့ မြင်တယ်။

**ရှမ်း/မြောက်ဖြစ်စဉ်နဲ့ ပတ်သက်လို့ရော ဘယ်လိုအမြင်ရှိတယ်ဆိုတာ သုံးသပ်ပေးပါခင်ဗျာ။**

ဒီဖြစ်စဉ်ကို အံ့သြတယ်။ ၂၁ ရာစုပင်လုံ ညီလာခံကလည်း လုပ်ပြီးသွားပြီ။ တိုင်းရင်းသားတွေကလည်း ဒီလမ်းကြောင်းပေါ်မှာ သူတို့ဆန္ဒတွေကို ဖော်ထုတ်ပြီး ငြိမ်းချမ်းရေးဆိုတဲ့ လမ်းကြောင်းကိုသွားနေတဲ့ အနေအထားတွေ့ရတယ်။ KIA နဲ့ဖြစ်တာက ယခင်အစဉ်အဆက်ကတည်းက ဆိုတော့ နားလည်ပေးလို့ရတာပေါ့။ အခု လေးဖွဲ့နဲ့ဖြစ်တဲ့ကိစ္စ တော်တော်အံ့သြဖို့ ကောင်းတယ်။ ဘာဖြစ်တာလဲ သူတို့ရည်ရွယ်ချက်က လက်ရှိအစိုးရနဲ့ တပ်မတော်က တိုင်းရင်းသားတွေအပေါ် ဖိနှိပ်မှုတွေများလာလို့ တိုင်းရင်းသားတွေက သူတို့ရဲ့ဆန္ဒကိုဖော်ပြတဲ့အနေနဲ့ လုပ်တာလို့လည်း ကြားလိုက်တယ်။ အခုလေးဖွဲ့လုပ်တာသည် တပ်မတော်ရှိတဲ့ နေရာကိုလုပ်တာက တစ်ပိုင်းပေါ့။ အများပြည်သူရှိတဲ့မြို့တွေ၊ လမ်း၊ တံတား၊ လုပ်ငန်းတွေကို လုပ်တယ်ဆိုတာက ရည်ရွယ်ချက်တစ်မျိုးဖြစ်သွားတယ်။ နိုင်ငံရဲ့အချုပ်အခြာအာဏာကို ဆန့်ကျင်တဲ့ပုံစံဖြစ်သွားတယ်။ နောက်ပြီး ဒီလေးဖွဲ့က NCA မှာ လက်မှတ်ထိုးမထားတဲ့အဖွဲ့အစည်းဖြစ်နေတာဆိုတော့ သူတို့ကယုံကြည်မှုကို တိုးတက်အောင်တည်ဆောက်ရမယ့်အစား လျော့အောင်လုပ်နေတယ်လို့မြင်တယ်။ တပ်မတော်ရဲ့ အခန်းကဏ္ဍက နိုင်ငံတော်ကာကွယ်ရေးအတွက်ဆိုရင် ဘယ်ရန်သူကိုမဆို ကာကွယ်ရမှာပဲ။ ဗဟာသူပုန်တွေပေါ်လာရင်လည်း တိုက်ရမှာပဲ။ ဒီလေးဖွဲ့လုပ်ရပ်က အခုလိုအနေအထားမှာ ပိုမိုဆိုးရွားစေတယ်။ မဖြစ်တာအကောင်းဆုံးမို့ ပြန်လည်စေ့စပ်ညှိနှိုင်းစေချင်ပါတယ်။

**အခုဖြစ်စဉ်တွေနဲ့ ပတ်သက်လို့ လွှတ်တော်ကဏ္ဍအနေနဲ့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာ အကြံပြုပေးပါဦးလားခင်ဗျာ။**

ကျွန်တော်က လက်ရှိ ရခိုင်ပြည်နယ်လွှတ်တော်မှာ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူနေပါတယ်။ လွှတ်တော်အပိုင်းက ဥပဒေပြုရေး၊ အကြံပြုရေးအပိုင်းပါတယ်။ တကယ်လုပ်ရမှာက အစိုးရအပိုင်းဖြစ်တယ်။ လွှတ်တော်ကဏ္ဍကနေ ငြိမ်းချမ်းရေးကိစ္စတွေကို ထဲထဲဝင်ဝင်ဆောင်ရွက်ဖို့ အကြံပြုဖို့လိုတာပေါ့။ ဒါပေမဲ့ အပြောကလွယ်တယ်။ အလုပ်ကခက်တယ်။ အခုမျက်မှောက်ဖြစ်စဉ်တွေကို လွှတ်တော်ဘက်ကရှင်းပြတဲ့အခါ အစိုးရကို အကြပ်ရိုက်အခက်တွေ့အောင်ပြောဆိုတာမျိုးထက် ပြေလည်မယ့်နည်းလမ်းကို အကြံပေးတာက ပိုကောင်းပါတယ်။ ဒီပြဿနာတွေ ဒီလိုဖြစ်နေတယ်။ အစိုးရက မရှင်းဘူးလား။ တိုင်းရင်းသားတွေက ဘယ်လိုဆိုပြီးပြောနေရင် ပြဿနာကပိုဆိုးသွားနိုင်တယ်။ ဖြစ်စေချင်တဲ့သဘောက လွှတ်တော်အနေနဲ့ ဒီပြဿနာကို ဘယ်လိုသေးသွားအောင် အကြံပြုရင်ကောင်းမလဲဆိုတာ ဝိုင်းဝန်းစဉ်းစားပြီး ကြားဝင်အကြံပြုပေးစေချင်ပါတယ်။

**အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူး အထူးတင်ပါတယ်ခင်ဗျာ။**

www.free4reader.com

# ဖယောင်းတိုင်မီးတွေ ထွန်းကြမယ်ဟေ့ . . .

ကိုဝေလ

နေရောင်သည် ခါတိုင်းထက်ပို၍ တောက်ပနေ၏။ လင်းလက်သော နံနက်ခင်းဟုဆိုရပါမည်။ အရပ်သားစကားဝိုင်းသည် အခြားစကားဝိုင်းများကဲ့သို့ပင် ထက်ထက်သန်သန် အပြန်အလှန် ဆွေးနွေးနေကြပါသည်။ အကြောင်းအရာ အများစုက သတင်းစာခေါင်းကြီးပိုင်း၌ပါသော နိုင်ငံတော်တိုင်းပြည်အရေးပင်ဖြစ်၏။ နိုဝင်ဘာ ၂၀ ရက်က စတင်ပြီး ရှမ်းပြည်အရှေ့မြောက်ဒေသ ကွတ်ခိုင်၊ မူဆယ်မြို့နယ်များအတွင်းရှိ လုံခြုံရေး စခန်းများနှင့် (၁၀၅) မိုင် ကုန်သွယ်ရေးစခန်းတို့ကို KIA လက်နက်ကိုင် အဖွဲ့နှင့် TNLA ,MNDAA ပူးပေါင်းလက်နက်ကိုင်အဖွဲ့တို့က အလစ်အငိုက်ပူးတစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသာမက အပြစ်မဲ့ပြည်သူ ထောင်နှင့်ချီ၍ အသက်စည်းစိမ်အိုးအိမ်များ ကစဥ့်ကလျား ပျက်စီးဆုံးရှုံးခဲ့ကြရသည်ဆိုသော သတင်းက အရပ်သားအားလုံးကို အမျက်ဒေါသနှင့်သောကဖြစ်စေပါသည်။

**မောင်ဖြူး။** ။ ကျွန်တော်မသိလို့မေးချင်တယ်။ KIA,TNLA,MNDAA လက်နက်ကိုင်အဖွဲ့တွေရဲ့ လူမဆန်တဲ့ လုပ်ရပ်က ဥပဒေအကြောင်းအရ ရာဇဝတ်မှုကျူးလွန်ရာမရောက်ဘူးလားဗျ။

**မောင်ထူး။** ။ လက်နက်ကိုင်အဖွဲ့ကို ဥပဒေအကြောင်းအရ အရေးယူတယ်ဆိုတာ မြန်မာပြည်မှာတစ်ခါမှ မကြားမိပါဘူး။ ဆရာဖြူးရယ်၊ ငြိမ်းချမ်းရေး ထမင်းဝိုင်းနဲ့ လိုင်လုံချွာကြိုဆိုတာပဲကြားဖူးပါရဲ့။

**မောင်ဖြူး။** ။ မင်းမကြားဘူးတာပါ။ မောင်ထူးရယ် တခြားနိုင်ငံတွေမှာဆို လွန်ခဲ့တဲ့အနှစ် ၄၀ က ကျူးလွန်ခဲ့တဲ့ သတ်ဖြတ်မှုတွေအတွက် သူပုန်ခေါင်းဆောင်တွေကို အခုတော့ ခုံရုံးတင်၊ တရားစီရင်နေပြီလေ။

**မောင်ထူး။** ။ ဒါဆို KIA နဲ့ပူးပေါင်းလက်နက်ကိုင်အဖွဲ့ရဲ့ လက်ချက်ကြောင့် သေဆုံးသွားရသူတွေရဲ့ မိသားစုက သူတို့ကို တရားစွဲနိုင်တယ်လို့ ပြောတာလားဗျ။

**မောင်ဖြူး။** ။ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးရှုထောင့်ကပြောရင်တော့ တရားစွဲခွင့်ရသင့်တယ်လို့ ထင်တာပဲမောင်ထူးရဲ့…၊ တို့ကလည်း အရပ်သားဆိုတော့ …. ဒီ့စကားကို ဘယ်သူကများ အရေးထားမလဲ။

**မောင်ထူး။** ။ အစိုးရကရော၊ ရာဇဝတ်မှုကျူးလွန်တဲ့လက်နက်ကိုင်တွေကို ဥပဒေနဲ့အညီ အပြစ်ပေးနိုင်သလား၊ အခုမဟုတ်တောင် နောင်အခြေအနေပေးတဲ့အခါ ပြန်လည်တရားစီရင်တာမျိုးပေါ့။

**မောင်ဖြူး။** ။ အား…မင်းပြောတာ မဖြစ်နိုင်ဘူး မောင်ထူး၊ ဒါ … နောက်ကြောင်းပြန်လှည့်တာပဲကွ၊ အစိုးရက ဒါမျိုးမကြိုက်ဘူး။ ပြီးတာတွေကိုပြီးပါစေလို့သဘောထားရှိတယ်။

**မောင်ထူး။** ။ ဒါဆို လူသတ်၊ မိုင်းထောင်၊ မီးရှို့၊ လမ်းတံတားဖောက်ခွဲ၊ လုယက်ဖျက်စီးဆက်ကြေးတောင်း၊ ပြည်သူကိုဗိုလ်ကျ အနိုင်ကျင့်ရမ်းချင်တိုင်းရမ်းကားနေတဲ့ KIA, TNLA, MNDAA ပူးပေါင်းလက်နက်ကိုင်အဖွဲ့တွေကို ဘယ်အချိန်ထိများ၊ ငြိမ်းချမ်းရေးတံခါးဖွင့်ထားမှာလဲဆိုတာ သိချင်ပါတယ်ဗျာ…။

**ဘကြီးကောင်း။** ။ မသိချင်ပါနဲ့ မောင်ထူးရာ၊ ဒီကိစ္စက တရားဥပဒေနဲ့ ဆိုင်လား၊ မဆိုင်ဘူးလားဆိုတာ အရပ်သားတွေက ဘယ်လိုလုပ်သိ



ကျားသေကို အသက်သွင်းသလိုပဲ။ အလွန်ညံ့ဖျင်းတဲ့ သောင်းကျန်းသူတွေလို့ပြောရမယ်။ သံလွင်မြစ်အရှေ့ခြမ်းသိမ်းပိုက်ရေး စီမံကိန်းဆိုတာ ဟောင်းနွမ်းစုတ်ချာနေတဲ့ ဗကပရဲ့ စီမံကိန်းပျက်ကြီးပါ. . . .

မှာလဲ….နောက်ပြီး တရားဥပဒေဆိုတာကလည်း လူတွေက ရေးတာ၊ ပြောင်းချင်ရင်လည်းရတယ်။ ပြင်ချင်ရင်လည်းဖြစ်တယ်။ ဒီအတိုင်းသွားလည်း ရနေတာပဲ၊ ဒါကြောင့်နားလည်ရခက်တယ်လို့ ပြောတာပါ။

**မောင်ထူး။** ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ငြိမ်းချမ်းရေးကိုတော့ ဈေးပါသွားအောင် မလုပ်သင့်ဘူးလို့ထင်တယ်ဗျာ။

**မောင်ထူး။** ။ ဒါနဲ့ …မေးကြည့်ဦးမယ်။ KIA,TNLA, MNDAA လက်နက်ကိုင်တွေဟာ အကြမ်းဖက်သမားတွေနဲ့ ဘယ်လိုကွာခြားလဲ၊ သူတို့ကို အကြမ်းဖက်ဂိုဏ်းတွေလို့သတ်မှတ်နိုင်သလား။

**ဘကြီးကောင်း။** ။ ကျိုးကြောင်းမဆီလျော်ဘဲ၊ ကျဉ်းမြောင်းတဲ့စိတ်ဓာတ်နဲ့ အယူသည်းလုပ်ရပ်မှန်သမျှကတော့ အကြမ်းဖက်တာပဲပေါ့။ KIA ဟာ ပြည်သူလူထုကို အကြမ်းဖက်လာတာကြာပြီဖြစ်လို့ အကြမ်းဖက်ဂိုဏ်းလို့ပြောနိုင်ပါတယ်ကွယ်။

**မောင်ဖြူး။** ။ MNDAA လက်နက်ကိုင်အဖွဲ့ဆိုတာ ၂၀၁၅ ခုနှစ်က ကိုးကန့်အုပ်ချုပ်ရေးဒေသ၊ လောက်ကိုင်မြို့ကိုသိမ်းလိုက်ဖို့ ကြိုးစားတဲ့ ဖုန်ကြားရှင်အဖွဲ့လေ။ တပ်မတော်က ပြတ်ပြတ်သားသား ချေမှုန်းလိုက်လို့ တရုတ်နယ်စပ်ကို ထွက်ပြေးသွားရတယ်။ အခုတစ်ခါ KIA နဲ့ပေါင်းပြီး တစ်ကျော့ပြန်လာတာ မဟုတ်လား။

**မောင်ထူး။** ။ သိပ်ဟုတ်တာပေါ့၊ ဆရာဖြူးရယ်၊ ဒီဖုန်ကြားရှင်ဆိုတဲ့လူကြီးက ဘဝတစ်လျှောက်လုံး ဘိန်းကုန်ကူးလိုက်၊ လက်နက်အရောင်းအဝယ် လုပ်လိုက်နဲ့ချမ်းသာပြီး သူပုန်လုပ်စားရတာကို အရသာတွေ့နေတဲ့လူကြီးဗျ။ ဟိုတုန်းကလည်း ဘိန်းဘုရင်ခွန်ဆာဆီမှာ ဗိုလ်ကြီးလုပ်ခဲ့သေးတယ်။ ကာကွယ်ရေးလည်း လုပ်ဖူးတယ်။ နောက်တော့ ဗကပ နဲ့ပေါင်းပြီး နိုင်ငံရေး ယောင်ယောင်ဖြစ်သွားတယ်။ သူ့ရဲ့နောက်ကြောင်းက အတော်ရှုပ်တယ်။ အပုပ်နံ့…တထောင်းထောင်းပဲ။ ဒါနဲ့များတောင် ငြိမ်းချမ်းရေးစားပွဲမှာ လူကြီးလူကောင်းဖြစ်ဦးမှာလား မသိဘူး။

**မောင်ဖြူး။** ။ မင်းကတယ်သိနေပါလား။ ဖေ့စ်ဘုတ်ပေါ်ကဟာတွေ ပြောနေတာလား။ မောင်ထူးရဲ့….။

**မောင်ထူး။** ။ မဟုတ်ပါဘူး၊ ဆရာဖြူးရယ် ကိုယ်တွေ့၊ ငါတွေ့၊ လက်တွေ့ကြုံခဲ့ရတဲ့ အရပ်သားတွေက ပြောကြတာပါ။ မယုံရင် ဆရာဖြူး…အင်တာဗျူးကြည့်လိုက်ပါလား။

**ဘကြီးကောင်း။** ။ မောင်ထူးပြောတာမှန်ပါတယ်။ ကိုးကန့်အဖွဲ့ရဲ့သမိုင်းကြောင်းက မကောင်းလှပါဘူး။ ဘယ်တုန်းကမှ ပြည်သူကို ကိုယ်စားမပြုခဲ့တာအမှန်ပဲ။ ဒါပေမယ့် KIA ကလည်း ဘာထူးလို့လည်း….။ ကချင်ပြည်သူတွေအတွက် ဘာကောင်းမှုမှမပြုခဲ့ပါဘူး။

**မောင်ထူး။** ။ KIA ဆိုလို့ပြောရဦးမယ်။ KIA က ဗိုလ်ကြီးအဆင့်ရှိသူတချို့ဟာ အမေရိကန်မှာသွားပြီး စစ်သင်တန်းတွေ၊ ဘာတွေတက်တယ်ဆိုတာ ဟုတ်ပါသလားဗျာ….။

**ဘကြီးကောင်း။** ။ ဒီလိုတော့ ကြားဖူးတာပါပဲ။ ဒါပေမယ့် အမေရိကန်ပြည်ထောင်စုက ပိုက်ဆံရှိရင် ဘာမဆို လုပ်လို့ရတဲ့ နေရာဆိုတော့ ပြောရခက်ပါတယ် မောင်ရယ်။

**မောင်ဖြူး။** ။ KIA ,TNLA,MNDAA ပူးပေါင်းလက်နက်ကိုင်တွေက မုံးကိုး၊ ပန်ဆိုင်း၊ ပေါင်းဆိုင်၊ လုံခြုံရေးစခန်းတွေကို တစ်ပြိုင်နက်ဝင်တိုက်တာဟာ သံလွင်မြစ်အရှေ့ဖက်ခြမ်းကို သိမ်းပိုက်ဖို့ကြံစည်ပြီး မုံကိုးကို ခြေကုတ်ယူတာလို့တွက်ဆနိုင်ပါသလား၊ ဘကြီးကောင်း။

**ဘကြီးကောင်း။** ။ ဒီလိုကြံရွယ်တာ ဆိုရင်လည်း ကျားသေကို အသက်သွင်းသလိုပဲ။ အလွန်ညံ့ဖျင်းတဲ့ သောင်းကျန်းသူတွေလို့ပြောရမယ်။ သံလွင်မြစ် အရှေ့ခြမ်းသိမ်းပိုက်ရေး စီမံကိန်းဆိုတာ ဟောင်းနွမ်းစုတ်ချာနေတဲ့ ဗကပရဲ့ စီမံကိန်းပျက်ကြီးပါ။ ဘာမှ တွေးပူစရာမရှိပါဘူးကွယ်။

**မောင်ထူး။** ။ ကွတ်ခိုင်မြို့နယ် အတွင်းကလားရှိုး၊ မူဆယ် ပြည်ထောင်စု လမ်းမကြီးကို KIA ခေါင်းဆောင်တဲ့လက်နက်ကိုင်အဖွဲ့တွေက နှောင့်ယှက်ဖျက်ဆီး၊ တံတားတွေ ဖောက်ခွဲ၊ ကားတွေမီးရှို့လုပ်နေတာဟာ တရုတ်-မြန်မာ ကုန်သွယ်မှုကို နှောင့်နှေးအောင် နှစ်နိုင်ငံပြည်သူတွေရဲ့ အကျိုးစီးပွားကို ပျက်စီးအောင် ကြံဆောင်နေတာ ချစ်ကြည်ရေးပျက်ပြားအောင်လုပ်နေတာလို့ ထင်မိပါတယ်ဗျာ။

**မောင်ဖြူး။** ။ မင်းပြောတာမှန်တယ်။ မောင်ထူးရ တရုတ်၊ မြန်မာနယ်စပ်ကုန်သွယ်ရေးစီးဆင်းမှုက အလွန်တန်ဖိုးကြီးပါတယ်။ ရှင်းဝါသတင်းထုတ်ပြန်ချက်အရ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်က တရုတ်-မြန်မာကုန်သွယ်မှု စုစုပေါင်းတန်ဖိုးငွေဟာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ ဘီလီယံအထိတောင်ရှိခဲ့တယ်။ ဒီအထဲမှာ နယ်စပ်ကုန်သွယ်ရေးဝင်ငွေက၊ ထက်ဝက်ကျော်ရှိတယ်လို့ကြားရပါတယ်မောင်ထူးရယ်။

**မောင်ထူး။** ။ နိုင်ငံအတွက် ဒီလိုအရေးကြီးတဲ့ကုန်သွယ်ရေးလမ်းကြောင်းကို တမင်ဦးတည်တိုက်ခိုက်တဲ့ အမုန်းတရားအခြေခံက ဘာလဲဆိုတာသိချင်ပါတယ်။ ဘကြီးကောင်းရယ်။

**ဘကြီးကောင်း။** ။ ပြောမယ်ဆိုရင်တော့ အမြင်ကျဉ်းမြောင်းတဲ့ စိတ်ဓာတ်နဲ့ ခေတ်မီတဲ့ အတွေးအခေါ်မရှိတာ။ လောဘ၊ ဒေါသ၊ အကြမ်းဖက်မှုတွေကအရင်းခံပဲလို့ဖြေကြားနိုင်ပါတယ်ကွယ်။

**မောင်ဖြူး။** ။ KIA,TNLA,MNDAA လက်နက်ကိုင်အကြမ်းဖက်သမားတွေရဲ့ လက်ချက်နဲ့သေဆုံးသွားရတဲ့အပြစ်မဲ့ပြည်သူတွေနဲ့ သူတို့ရဲ့ မိသားစုတွေကိုစာနာစိတ်ထားပြီး ကျွန်တော်တို့အရပ်သားအားလုံးက ဝမ်းနည်းကြေကွဲကြောင်း ဖော်ပြသင့်တယ်လို့ထင်ပါတယ်ဗျာ။

**မောင်ထူး။** ။ မှန်တာပေါ့၊ ဆရာဖြူးရယ် အခုလို ဒီမိုကရေစီစနစ်အောက်မှာ နိုင်ငံသားတိုင်းရဲ့အသက်ကို တန်ဖိုးထားတယ်ဆိုတဲ့ စိတ်ဓာတ်အထူးဖော်ပြသင့်တာပေါ့။ ပြီးတော့ ငြိမ်းချမ်းရေးအတွက် ပြည်သူတွေ အသက်သွေးချွေးပေးခဲ့ရတယ်ဆိုတဲ့ အဓိပ္ပာယ်လည်းရောက်တာပေါ့။

**ဘကြီးကောင်း။** ။ အိမ်း….ကွဲ….။ မင်းတို့ပြောတာ သဘာဝကျပါတယ်။ နိုင်ငံတကာမှာတော့သေဆုံးသွားရသူတွေအတွက် ဖယောင်းတိုင်ဆီမီးထွန်းညှိပြီး ဝမ်းနည်းကြောင်း ဆုတောင်းပွဲတွေပြုလုပ်ကြသကွဲ့။ ဒါဟာ ယဉ်ကျေးတဲ့လူမှုအသိုင်းအဝိုင်းက စစ်ပွဲနဲ့ အကြမ်းဖက်သမားတွေကို အာမခံမလုပ်ကြဖို့ မေတ္တာရပ်ခံတာလည်း ဖြစ်တယ်။ ဒါကြောင့် ငါတို့အရပ်သူ အရပ်သားအားလုံး ဖယောင်းတိုင်မီးတွေ ထွန်းကြမယ်ဟေ့။

**ဖြူး+ထူး။** ။ ဟုတ်ကဲ့ပါ….ဘကြီးကောင်း။

❑

www.free4reader.com

## အလုပ်နဲ့ မိသားစုနှစ်ဖက် အာရုံစိုက်ရတာခက်ခဲတယ်လို့ မင်းသမီးများကို ဝေဖန်လိုက်တဲ့ ကိတ်ဝင်းစလက်





ယနေ့ကမ္ဘာကျော် မင်းသမီးများဆီက မကြာခဏဆိုသလိုကြားရတတ်တဲ့ စကားတွေက အလုပ်များလွန်းလို့ မိသားစုနဲ့ ပရော်ဖက်ရှင်နယ်အလုပ်ကြားမှာ ဗျာများနေရတယ်ဆိုတာပါပဲ။ နားရက်မရှိတဲ့အထိ ရိုက်ကူးနေရတဲ့ စူပါစတားမင်းသမီးများက ဒီလိုပြောလာခဲ့ခြင်းအပေါ်မှာ ထိပ်တန်းမင်းသမီးတစ်လက်ဖြစ်တဲ့ ကိတ်ဝင်းစလက်က ဝေဖန်စကားများပြောလာခဲ့ပါပြီ။

**'မင်းသမီး အတော်များများဆီက အလုပ်နဲ့မိသားစုအကြား နေရထိုင်ရခက်ပါတယ်ဆိုတဲ့စကား အခုတလောအတော်လေးကြားနေရတယ်နော်။ အမှန်တော့ ကျွန်မတို့က ခက်တယ်ဆိုတဲ့ စကားမပြောသင့်ဘူး။ ဘာလို့လဲဆိုတော့ ကျွန်မတို့ မင်းသမီး တွေက တအားကံကောင်းတဲ့ လူစားတွေဖြစ်လို့ပဲ။ တခြားအလုပ်လုပ်နေတဲ့ မိခင်တွေလည်း အခက်အခဲရှိကြတာပဲလေ။ ကျွန်မတစ်ဦးတည်းအတွက်ပြောရရင် ခက်ခဲတဲ့ အကူးအပြောင်းကာလပါ။ အလုပ်နဲ့ အိမ်မှာနေထိုင်ရတာ အရမ်းကိုကွာတယ် လေ။ ဒါပေမယ့် ဘယ်ဟာက ပိုခက်လည်းဆိုတာ အရေးမပါဘူး။ အဲဒါတွေကို ကျော်ဖြတ်ရမှာက ကိုယ်ကိုယ်တိုင်ရဲ့ တာဝန်ပဲလေ'**

## ယောက်ျားတွေကို ဘယ်တော့မှ အပြည့်အဝမယုံကြည်နိုင်တော့တဲ့ ပဲရစ်ဟီလ်တန်



၂၀၀၄ခုနှစ်အတွင်း နိုင်ငံတကာ အနုပညာလောကမှာ ဟိုးလေးတကျော်ဖြစ်ခဲ့တဲ့ ပဲရစ်ဟီလ်တန်နဲ့ ရစ်ဆော်လ်မွန်တို့ရဲ့ အချစ်တိတ်ခွေဆိုရင် ကြည့်ခဲ့ဖူးသူအတော်များကြမယ်ထင်ပါတယ်။ ပဲရစ်ဟီလ်တန်ဟာ နာမည်ကြီးချင်လွန်းလို့ ရည်ရွယ်ချက်ရှိရှိနဲ့ အင်တာနက်ပေါ်တင်ခဲ့တာလို့လည်း ပြောခဲ့ကြဖူးပါတယ်။ ဟုတ်မဟုတ် ဆိုတာကတော့ ကာယကံရှင် ကိုယ်တိုင်ပဲသိမှာဖြစ်ပါတယ်။ ဒီလိုဖြစ်ခဲ့ပြီး ဆယ်စုနှစ်တစ်စုအကြာမှာတော့ ပဲရစ်ဟီလ်တန်ကနေ ဘယ်လိုမျိုး သက်ရောက်မှုတွေဖြစ်ခဲ့သလဲဆိုတာ ပြောပြလာခဲ့ပါပြီ။

**'တအားကို တုန်လှုပ်ခြောက်ခြားခဲ့ရတယ်။ ကိုယ်နဲ့နှစ်အတော်ကြာ အတူနေခဲ့သူက ဒါမျိုးလုပ်ခဲ့တာလေ။ ဒါကြောင့် အခုဆိုရင် ဘယ်ယောကျ်ားမျိုးကိုမှ အပြည့်အဝ မယုံကြည်ရဲတော့ပါဘူး။ ငယ်ရွယ်သေးတဲ့ မိန်းကလေးတစ်ယောက်အဖို့ ကြောက်စရာ၊ နာကျင် စရာတွေနဲ့ အတိ ပြီးနေခဲ့ပါတယ်။ ကျွန်မ ငယ်ငယ်လေးပဲရှိသေးတာ။ ကျွန်မအမှား မပါဘူး'** လို့ ပဲရစ်ဟီလ်တန်က ပြောခဲ့ပါတယ်။

## မပြီးမစီးနိုင်တဲ့ အိမ်ပြင်ဆင်မှုများကြောင့် ပတ်ဝန်းကျင်ငြိုငြင်ခံနေရတဲ့ ကိုးကိုးနဲ့ Ice-T



ရက်ပ်ပါကြီး Ice-T နဲ့ ဇနီးသည် ကိုကိုးတို့ဟာ ၂၀၁၄ခုနှစ်အတွင်း လက်ထပ်ခဲ့ကြပြီး နယူးဂျာစီပြည်နယ်၊ အက်ဂျ် ဝါတာမြို့မှာ အိမ်တစ်အိမ် ဝယ်ခဲ့ကြပါတယ်။ ငွေကြေးတတ်နိုင်သူများပီပီ အိမ်ကိုပြုပြင်မှုများလုပ်ကြတာ မဆန်းပေမယ့် ၂၀၁၆ခုနှစ်ကုန်ပိုင်းရောက်လာတဲ့အထိကို မပြီးနိုင်ဖြစ်နေတာကြောင့် ပတ်ဝန်းကျင်ကနေ ဆူညံသံတွေကို သည်းမခံနိုင်ကြတော့ပါဘူးတဲ့။ အမည်မဖော်လိုသူ အိမ်နီးချင်းတစ်ဦးက **'သုံးနှစ်ရှိပြီ။ ခုထက်ထိဆောက်လို့ မပြီးနိုင်သေးဘူး။ပြောင်းပြီးရင်းပြောင်းနေတာလေ။ တစ်ခုခုပြီးသွားရင် စိတ်က ပြောင်းသွားပြီး ပြန်ပြင်တော့တာပဲ။ ပတ်ဝန်းကျင်က ဒါတွေဘယ်တော့မှပြီးမှာမဟုတ်ဘူးလို့ ထင်လာပြီ။ထရပ်ကားတွေနဲ့ဆူညံသံတွေက မရပ်မနားပဲ'** လို့ ကိုကိုးတို့ရဲ့ အိမ်ဆောက်လုပ်ရေးအကြောင်းတွေကို ပြောပြခဲ့ပါတယ်။ ကိုကိုးတို့အိမ်ရဲ့ ကားဂိုဒေါင်ဟာ ကား(၆)စီးဆံ့ပြီး ခေတ်ပေါ်ကားတစ်ခုကိုလည်း တပ်ဆင်ထားပါတယ်တဲ့။ ဒါ့အပြင် ကိုးကိုးရဲ့ များပြားလွန်းလှတဲ့ အဝတ်အစားများကိုသိမ်းဆည်းဖို့ အခန်းကတင် တော်ရုံ အိမ်တစ်အိမ်စာရှိပြီး ပြုပြင်ပြောင်းလဲလို့ကို မပြီးနိုင်တော့ပါဘူးတဲ့။





## နီကီမင်နာ့ဂ်ျကို ဘယ်တော့မှမယှဉ်နိုင်ဘူးလို့ ဝန်ခံလိုက်တဲ့ မိုင်လီဆိုင်ရပ်စ်

မိုင်လီဆိုင်ရပ်စ်ဆိုတဲ့ အဆိုတော်မလေးဟာ လိင်ဆွဲဆောင်မှုများနဲ့အတူ ပရိသတ်များကို ဖမ်းစားလျက်ရှိနေသူဖြစ်ပါတယ်။ ယခင် ခပ်အေးအေးအဆိုတော်မလေးအဖြစ်ကနေ ခပ်ဟော့ဟော့ပုံစံကို ပြောင်းလာခဲ့တဲ့နောက်ပိုင်းမှာ အောင်မြင်မှုပိုရလာခဲ့သူလေးပါ။ ဒီလိုအောင်မြင်လာခဲ့တာမှန်ပေမယ့် နီကီမင်နာ့ဂ်ျလို လုံးကြီးပေါက်လှရဲ့ ဆွဲဆောင်မှုနဲ့ယှဉ်လိုက်တဲ့အခါမှာတော့ မိုင်လီဆိုင်ရပ်စ် ဘယ်လိုမှကို မယှဉ်တော့ပါဘူး။ **'နီကီလို ကိုယ်လုံးမျိုးလား။ အဲဒီကိုယ်လုံးမျိုး ကျွန်မမှာမရှိပါဘူး။ သူက အရမ်းမိုက်တဲ့ကိုယ်လုံးရှိတယ်။ အခုနောက်ဆုံးထွက်ထားတဲ့အခွေသစ်ထဲမှာဆို ကျွန်မဘယ်လိုမယှဉ်နိုင်ပါဘူး'** လို့ မိုင်လီက ဝန်ခံခဲ့ပါတယ်။ တစ်ဖန် မိုင်လီဆိုင် ရပ်စ်နာမည်နဲ့အတူ ကျော်ကြားလာခဲ့တဲ့ ခန္ဓာကိုယ်အောက်ပိုင်းလှုပ်ရမ်းခြင်း အကကိုလည်း ကဖြစ်တော့မှာမဟုတ်ကြောင်း ပြောခဲ့ပြန်ပါတယ်။ **'ကျွန်မ အဲဒီအကကို နားလိုက်ပြီ။ အခုတေးဂီတပုံစံအသစ်တွေ လုပ်ဖြစ်နေတယ်။ စိတ်အပြောင်းအလဲ ပေါ့'** လို့ မိုင်လီ ပြောခဲ့လေရဲ့ . . ။

www.free4reader.com



# ကျူးဘားပေါ်က ကြယ်နီ

ရဲဘော်ချမ်းမြ

နိုဝင်ဘာ ၂၅ ရက်၊ သောကြာနေ့မှာ ကျူးဘားသမ္မတနိုင်ငံရဲ့တော်လှန်ရေးခေါင်းဆောင်ကြီး (Fidel Castor) ဖီဒယ်(လ်)ကက်(စ်)ထရိုကွယ်လွန်ခဲ့ပါတယ်။ ကွယ်လွန်ချိန်မှာ ကက်(စ်)ထရိုဟာ အသက်(၉၀)ကျော်ပါပြီ။ သာမန်လူတွေနေရတဲ့ သက်တမ်းထက် သူဟာပိုပြီးရှည်ကြာအောင် ဒီကမ္ဘာမှာနေထိုင်သွားခဲ့ပါတယ်။ အင်္ဂလန်ဘုရင်မကြီး အဲလီဇဘက်၊ ထိုင်းဘုရင်ဘူမိဘောတို့ပြီးရင်တော့ ကက်(စ်)ထရိုဟာ တတိယမြောက်အသက်အရှည်ဆုံးကွန်မြူနစ်ခေါင်းဆောင်လို့ ကမ္ဘာက မှတ်တမ်းတင်ထားပါတယ်။ ဒါ့အပြင် ဖီဒယ်(လ်)ကက်(စ်)ထရိုရဲ့ကွယ်လွန်ခြင်းဟာ ကမ္ဘာတစ်ဝှမ်းက လက်ဝဲဝါဒီများအတွက် ဆုံးရှုံးမှုတစ်ရပ်ဖြစ်တယ်လို့ပြောရင် မမှားပါဘူး။ တစ်ချိန်က ဖီဒယ်(လ်)ကက်(စ်)ထရိုကို **"တတိယကမ္ဘာရဲ့ ရောမပုဂ္ဂိုလ်"** လို့ ပြည်သူတွေက ကင်ပွန်းတပ်ခဲ့ကြသလိုပဲ သူဟာကျူးဘားပေါ်က ကြယ်နီတစ်ပွင့်ဖြစ်ခဲ့တာကြောင့် ကျူးဘားပြည်သူအပေါင်းက သူ့ကိုနမြောတသနေကြမှာပါ။

ရဲဘော်ကြီးကက်(စ်)ထရိုရဲ့ရှင်သန်မှုဟာ သူ့ရဲ့ပြောင်မြောက်တဲ့မိန့်ခွန်းစကားလိုပဲ **"တော်လှန်ရေးဆိုတာ နှင်းဆီမွေ့ယာမဟုတ်ဘူး။ တော်လှန်ရေးဆိုတာ အတိတ်နဲ့အနာဂတ်ကြားက တိုက်ပွဲဖြစ်တယ်"**။ ဘဝတစ်လျှောက်လုံးတိုက်ပွဲများနဲ့ ပြည့်လျှမ်းနေတဲ့ ကက်(စ်)ထရိုဘဝဖြတ်သန်းမှုအကျဉ်းကို တင်ပြရရင်---

ကက်(စ်)ထရိုကို ၁၉၂၆ ခုနှစ် ဩဂုတ်လ ၁၃ ရက် ကျူးဘားနိုင်ငံ (Biran Holgun) ဘီရန်ဟိုဂန်ပြည်နယ်မှာ မွေးဖွားခဲ့ပါတယ်။ သူ့နာမည်အပြည့်အစုံက (Fidel Alejandro Castro Ruz) ပါ။ ဒါပေမဲ့ အများကသူ့ကို ဖီဒယ်(လ်)ကက်(စ်)ထရိုလို့ပဲ အတိုကောက်ခေါ်ကြပါတယ်။ သူဟာ ၁၉၄၆ ခုနှစ်ကနေ ၁၉၅၂ ခုနှစ်အထိ ရှေးရိုးစွဲပါတီဝင်ဖြစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်ကနေ ၁၉၆၅ ခုနှစ်အတွင်း ဇူလိုင် ၂၆ လှုပ်ရှားမှုမှာ ဦးဆောင်ပါဝင်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်ကနေ ၂၀၁၆ ခုနှစ် ကွယ်လွန်ချိန်အထိ ကျူးဘားကွန်မြူနစ်ပါတီဝင်တစ်ဦးအဖြစ် တော်လှန်ရေးတာဝန်တွေကို ထမ်းဆောင်သွားခဲ့ပါတယ်။ သူဟာ အိမ်ထောင်နှစ်ဆက်ပြုခဲ့သူလို့လည်း သိရပါတယ်။

ဖီဒယ်(လ်)ကက်(စ်)ထရိုဟာ ဟာဗားနားတက္ကသိုလ်ကနေ ဥပဒေဘွဲ့ရရှိခဲ့ပြီး၊ ရှေ့နေတစ်ယောက်ဖြစ်ခဲ့ပါတယ်။ သူဟာ ကျူးဘားနိုင်ငံရေးသမားအဖြစ် အမျိုးသားရေးနဲ့ တော်လှန်ရေးခေါင်းဆောင်တစ်ယောက်ရဲ့ဘဝကို နှစ်မြှုပ်စွာခံယူပြီး အာဏာရှင်အစိုးရကို အနိုင်တိုက်၊ ကျူးဘားသမ္မတနိုင်ငံသစ်ကို ထူထောင်ခဲ့တဲ့ရောမ ကွန်မြူနစ်ခေါင်းဆောင်လို့ ပြောရမှာပါ။ ၁၉၅၉ ခုနှစ်ကနေ ၁၉၇၆ ခုနှစ်အထိ ကျူးဘားနိုင်ငံရဲ့ဝန်ကြီးချုပ်တာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၆ မှ ၂၀၀၆ ခုနှစ်အထိ သမ္မတရာထူးနဲ့ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ပါတယ်။ ဒါ့အပြင် ၁၉၆၁ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ကျူးဘားကွန်မြူနစ်ပါတီရဲ့ အတွင်းရေးမှူး (၁)တာဝန်ယူပြီး ကျူးဘားသမ္မတနိုင်ငံကို တစ်ပါတီစနစ်၊ ဆိုရှယ်လစ်နိုင်ငံအဖြစ် တည်ဆောက်ခဲ့ပါတယ်။ ဆိုရှယ်လစ်မူဝါဒနဲ့အညီ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းအားလုံးကို ပြည်သူပိုင်အဖြစ် စီမံခန့်ခွဲပြီး ထိန်းသိမ်းအုပ်ချုပ်ခဲ့ပါတယ်။

ကက်(စ်)ထရိုရဲ့ကိုယ်ရေးအကျဉ်းက ရိုးရှင်းသလိုရှိပေမယ့် တော်လှန်ရေးအတိက်ကာလဖြတ်သန်းမှုက ကြမ်းတမ်းခက်ခဲမှုနဲ့ အရှေ့အကောက်တွေများလှပါတယ်။ ၁၉၅၃ ခုနှစ်တုန်းက (Moncada Barracks) စစ်စခန်းကို ဝင်ရောက်တိုက်ခိုက်မှုအရေးနိမ့်သွားတဲ့နောက်မှာ ဖီဒယ်(လ်)ကက်(စ်)ထရိုထောင်ဒဏ်တစ်နှစ် ကျခံခဲ့ရပါတယ်။ ထောင်က လွတ်မြောက်လာတဲ့အခါမှာတော့ **'မက္ကဆီကို'** နိုင်ငံကိုထွက်ခွာခဲ့ပြီး သူ့ရဲ့ညီ (Raul Castro) ရာဟူးကက်(စ်)ထရို၊ ရဲဘော်ရဲဘက်ဖြစ်တဲ့ (Che Guevara) ချေဂွေဗားရားနဲ့ ပြောက်ကျားစစ်သည်များအတူပြန်လည်ပေါင်းစည်းမိပြီး ဇူလိုင် ၂၆ လှုပ်ရှားမှုတော်လှန်ရေးအဖွဲ့ကို စတင်ထူထောင်ခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာတော့ အစိမြေကျူးဘားကိုပြန်လည်ရောက်ရှိပြီး သူကိုယ်တိုင်တော်လှန်ရေးကို ဦးဆောင်ခဲ့ပါတယ်။ ၁၉၅၉ ခုနှစ်မှာ ကက်(စ်)ထရိုဟာ စစ်တပ်နှင့် နိုင်ငံရေးအာဏာကို လက်ကိုင်ရရှိပြီး၊ ကျူးဘားနိုင်ငံရဲ့ဝန်ကြီးချုပ်ဖြစ်လာခဲ့ပါတယ်။ ကက်(စ်)ထရိုဦးဆောင်တဲ့ အစိုးရအဖွဲ့တက်လာတဲ့နေ့ကစပြီး အမေရိကန်အစိုးရနဲ့ (CIA) ဗဟိုထောက်လှမ်းရေးအေဂျင်စီဟာ ကက်(စ်)ထရိုကို မနားတမ်းဆန့်ကျင်တိုက်ခိုက်ခဲ့တာ ရာစုနှစ်တစ်ဝက်နီးပါးကြာခဲ့ပါတယ်။ သူ့ကို လုပ်ကြံသတ်ဖြတ်ဖို့ အမေရိကန်ဒေါ်လာသန်းတစ်ထောင်ကျော်အကုန်ခံပြီး အကြိမ်ပေါင်း ၆၄၃ ကြိမ်တိုင်တိုင်လုပ်ကြံခဲ့တဲ့အပြင် ကျူးဘားကို စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုနဲ့ တန်ပြန်တော်လှန်ရေးများဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများလည်း ပြုလုပ်ခဲ့ပါသေးတယ်။ သို့သော်လည်း (CIA) ရဲ့ကြိုးပမ်းမှုများဟာ သဲထဲရေသွန်သလို အရာမထင်ခဲ့ပါဘူး။ ဘာကြောင့်လဲဆို ကက်(စ်)ထရိုဟာ ပြည်သူကကြည်ညိုတဲ့လူထုခေါင်းဆောင်ဖြစ်လို့ လူထုကဝန်းရံကာကွယ်ထားလို့ပါပဲ။

အမေရိကန်အစိုးရရဲ့ လုပ်ကြံမှုနဲ့ ပိတ်ဆို့တားဆီးမှုတွေကို တန်ပြန်ခုခံတားဆီးဖို့ ကက်(စ်)ထရိုဟာ ဆိုဗီယက်ယူနီယံနဲ့ မဟာမိတ်ဖွဲ့ပြီး ကျူးဘားကို နျူကလီးယားတပ်ဆင်ဖို့ အတိအလင်းဖိတ်ခေါ်ခဲ့ပါတယ်။ ထိုအရင်းခံအကြောင်းကြောင့်ပင် စစ်အေးကာလအတွင်း နာမည်ကျော်ကြားခဲ့သော (Cuban Missile Crisis) ကျူးဘားဒုံးကျည်အကျပ်အတည်းပြဿနာပေါ်လာတာပဲဖြစ်ပါတယ်။

တကယ်တော့ ကမ္ဘာ့အနောက်ခြမ်းရဲ့ ပရဝုဏ်အတွင်းမှာ ကျူးဘားဟာပထမဆုံးနှင့် တစ်ခုတည်းသော ကွန်မြူနစ်နိုင်ငံဖြစ်ပါတယ်။ မာ့(စ်)လီနင်ဝါဒကို လက်ခံကျင့်သုံးတဲ့ ကက်(စ်)ထရိုဟာ ကျူးဘားပတ်ဝန်းကျင်မှာရှိတဲ့ ချီလီ၊ နီကါရာဂွာ၊ ဂရင်နာဒါ စတဲ့အိမ်နီးချင်းနိုင်ငံတွေကိုလည်း မာ့(စ်)ဝါဒနိုင်ငံ ရပ်တည်နိုင်ရေးအတွက် စစ်ရေးကူညီမှုနဲ့ အခြားပံ့ပိုးမှုများပြုလုပ်ပေးခဲ့ပါတယ်။

(Cuba's Medical Internationalism) ကျူးဘားနိုင်ငံတကာဝါဒဆေးဝါးကုသမှု အဖွဲ့အစည်းကို ထူထောင်ခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကက်(စ်)ထရိုရဲ့ရည်ရွယ်ချက်က ကျူးဘားရဲ့ဂုဏ်သိက္ခာကို ပိုပြီးမြင့်မားအောင် ကမ္ဘာ့ဇာတ်ခုံပေါ်တင်ပို့ပေးခြင်းဖြစ်ပြီး အဓိကဦးတည်တဲ့နေရာတွေကတော့ အာဖရိကနဲ့ လက်တင်အမေရိကတိုက်ပဲဖြစ်ပါတယ်။

၁၉၉၁ ခုနှစ် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက်မှာတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝါဒနဲ့ ကမ္ဘာလုံးဆိုင်ရာဝါဒဆန့်ကျင်ရေးအယူအဆတွေကို ကက်(စ်)ထရိုက လက်ခံကြိုဆိုခဲ့ပြီး (Pink Tide) ပန်းနုရောင်ဒီလှိုင်းအဖွဲ့ကို တည်ထောင်ခဲ့ပါတယ်။ ၎င်းရဲ့လုပ်ဆောင်ချက်က လက်တင်အမေရိကတိုက်အတွင်း မဟာမိတ်ပြုရေးကို ပံ့ပိုးပေးခြင်းပါ။

၂၀၀၆ ခုနှစ်မှာ ကက်(စ်)ထရိုဟာ အူမကြီးရောဂါကြောင့် သူ့ရဲ့ရာထူးတာဝန်တွေ ညီဖြစ်တဲ့ဒုသမ္မတရာဟူးကက်(စ်)ထရိုကို ယာယီလွှဲအပ်ပေးပြီး ဆေးကုသမှုခံယူခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာတော့ နိုင်ငံတော်အာဏာကို တရားဝင်လွှဲပြောင်းပေးပြီး၊ ကွန်မြူနစ်ပါတီဝင်တစ်ယောက်အဖြစ်နဲ့သာ နောက်ဆုံးအချိန်ထိရပ်တည်သွားခဲ့သူပါ။ ကက်(စ်)ထရိုဟာ ကမ္ဘာပေါ်မှာလောကခံတရားအခံစားရဆုံးပုဂ္ဂိုလ်(သို့မဟုတ်)ဝိဝါဒအကွဲပြားဆုံးနဲ့ ထူးခြားစွာခွဲထွက်လာတဲ့ ကမ္ဘာကျော်တစ်ဦးလို့ ပြောရမှာဖြစ်သလို ကမ္ဘာပေါ်က ထင်ရှားတဲ့ဆုတံဆိပ်များစွာကိုလည်း ရရှိခဲ့သူဖြစ်ပါတယ်။

သူ့ကိုထောက်ခံသူတွေက **"ဆိုရှယ်လစ်ဝါဒကိုအောင်မြင်အောင်လုပ်နိုင်သူဖြစ်ပြီး သက်ဦးဆံပိုင်စနစ်ကို တော်လှန်နိုင်တဲ့ချန်ပီယံကြီး"** လို့ ချီးကျူးကြပေမယ့် သူ့ကိုမနှစ်သက်တဲ့အုပ်စုကတော့ **"အာဏာရှင်ကြီး ကက်(စ်)ထရို"** လို့ ပုတ်ခတ်ခေါ်ဝေါ်ကြပါတယ်။ လူ့အခွင့်အရေးချိုးဖောက်သူကြီးလို့ ဆိုကြမြဲတယ်။ ကျူးဘားနိုင်ငံရဲ့စီးပွားရေးကို ဆုတ်ယုတ်ပျက်ပြားအောင် လုပ်ဆောင်သူလို့လည်း စွပ်စွဲကြပါတယ်။ နောက်ဆုံး လူအများအပြားကို နိုင်ငံကထွက်ပြေးအောင်လုပ်သူလို့လည်း ပြောကြပါသေးတယ်။

ဘယ်လိုပင်ပြောနေကြပေမယ့် ကက်(စ်)ထရိုရဲ့ပြုမူလုပ်ဆောင်ချက်တွေနဲ့ သူ့အရေးအသားတွေက ကမ္ဘာပေါ်က နိုင်ငံရေးခေါင်းဆောင်တွေနဲ့ လူငယ်နိုင်ငံရေးသမားတွေအပေါ် အတော်လွှမ်းမိုးခဲ့တယ်ဆိုတာကိုတော့ ဘယ်သူမှမငြင်းနိုင်ပါဘူး။ မလိုတဲ့သူတွေက ကက်(စ်)ထရိုကို ဘယ်လိုပင်အပြစ်မြင်နေကြသော်လည်း ကျူးဘားပြည်သူအများစုကတော့ ကက်(စ်)ထရိုရဲ့ကွယ်လွန်ခြင်းဟာ **'ကျူးဘားပေါ်က ကြယ်နီကြီး'** ကြွေလွင့်ခဲ့ရသလိုပါပဲ ဝမ်းနည်းကြေကွဲနေကြပါတယ်။ သူ့ကိုဆန့်ကျင်တဲ့အတိုက်အခံပါတီတွေတောင်မှ ကက်(စ်)ထရိုကွယ်လွန်ခြင်းကို ဝမ်းနည်းကြောင်းဖော်ပြဖို့ အတိုက်အခံကိစ္စတွေကို ဒီရက်သတ္တပတ်အတွင်းမှာ ရပ်ဆိုင်းထားမယ်လို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ကက်(စ်)ထရိုဟာ ရာစုနှစ်တစ်ဝက်နီးပါး နိုင်ငံကိုအုပ်ချုပ်ခဲ့သူဖြစ်ပါတယ်။ သူ့ကိုထောက်ခံတဲ့ ဟာဗားနားမြို့သားတွေကတော့ ကက်(စ်)ထရိုဟာ ဆင်းရဲသားတွေကို မဖောမပမ်းကာကွယ်ပေးသူလို့ ဆိုပါတယ်။ သူဟာ ဆိုရှယ်လစ်ဝါဒဘက်က အမြဲတစေရပ်တည်ခဲ့ပြီး အရင်းရှင်ဝါဒရဲ့ မနှစ်မြို့စရာကောင်းတာတွေကို ဖော်ထုတ်ခဲ့တယ်။ နိုင်ငံတည်ဆောက်ရေးနဲ့ ဆိုရှယ်လစ်သဘောတရားရေးရာစာအုပ်များစွာကို ရေးသားခဲ့ပြီး သမိုင်းဝင်မိန့်ခွန်းများလည်း ပြောကြားခဲ့ပါတယ်။ ဒီအထဲမှာ ထင်ရှားတဲ့မိန့်ခွန်းတွေကတော့ **"သမိုင်းက ကျွန်ုပ်ကိုခွင့်လွှတ်ပါလိမ့်မယ်"**၊ **"တော်လှန်ရေးက အခုစပြီ"**၊ **"ပြည်သူတွေအုပ်ချုပ်တဲ့အခါ"** မြေယာဥပဒေကြေညာချက်နဲ့ စပ်လျဉ်း၍ **"အမေရိကန်ရဲ့ကျူးကျော်မှုကို ရင်ဆိုင်ရမယ်"** စတဲ့ကျော်ကြားသော မိန့်ခွန်းများကို ပြောခဲ့ပါတယ်။ အခုတော့ တော်လှန်ရေးသမားကြီး ကက်(စ်)ထရိုဟာ သူပထမဦးဆုံးပြောကြားခဲ့တဲ့ မိန့်ခွန်းလိုပဲ သမိုင်းကပေးတဲ့ ငြိမ်းချမ်းခွင့်ကို ရရှိသွားပြီလို့ပြောရတော့မှာပဲဖြစ်ပါတယ်။

ရဲဘော်ချမ်းမြ

www.free4reader.com

Bullet News Journal

# အိုဟိုင်းအိုးပြည်နယ်ကောလိပ်အတွင်း ကားဖြင့်တိုက်၊ ဓားဖြင့်ထိုးပြီး လူ(၁၁)ဦးဒဏ်ရာရစေခဲ့သည့်တရားခံမှာ ဆိုမာလီဒုက္ခသည်ဟု အတည်ပြု








အမေရိကန်နိုင်ငံ၊ အိုဟိုင်းအိုးပြည်နယ် ကောလိပ်အတွင်း လူ(၁၁)ဦးကို ဒဏ်ရာရစေခဲ့သော အကြမ်းဖက်မှုကို ပြုလုပ်ခဲ့သည့် ကျောင်းသားမှာ ဆိုမာလီဒုက္ခသည် ဖြစ်သည်ဟု သက်ဆိုင်ရာက အတည်ပြုလိုက်သည်။ အဗ္ဗဒူရာဇက်အလီအာတန်(၁၈)နှစ်မှာ ကောလိပ်အတွင်းရှိ လူအုပ်ထဲသို့ ၎င်း၏ကားဖြင့် ဝင်တိုက်ခဲ့ပြီးနောက် မြင်သမျှ လူများအား ဓားဖြင့်လိုက်ထိုးနေခဲ့သဖြင့် အသေပစ်ခတ်ဖမ်းဆီးခံခဲ့ရသူဖြစ်သည်။ ပြီးခဲ့သည့် တနင်္လာနေ့က ဖြစ်ခဲ့သော ယင်းဖြစ်ရပ်မှာ အကြမ်းဖက်လုပ်ရပ် ဟုတ်မဟုတ်ကို စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း ရဲမှူး ကင်ဂျက်ကောက ပြောခဲ့ပြီး အက်ဖ်ဘီအိုင်မှလည်း ပါဝင်နေပြီဟု သိရသည်။

အသေပစ်ခတ် ဖမ်းဆီးခံခဲ့ရသူ အလီအာတန်မှာ အမေရိကန်နိုင်ငံအတွင်း၌ တရားဝင်နေထိုင်လျက်ရှိသူဖြစ်ပြီး အိုဟိုင်းအိုး ပြည်နယ်ကောလိပ်တွင် စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်ကို သင်ကြားနေသူဖြစ်သည်။ အခင်းဖြစ်ရပ်မှာ တနင်္လာနေ့ နံနက်(၁၀း၀၀)နာရီတွင် ကားတစ်စီးက အရှိန်ဖြင့် ဝင်ရောက်လာခဲ့ပြီး လူများကို ဝင်တိုက်ခဲ့မှုမှ စတင်ခဲ့သည်။ အိုဟိုင်းအိုး ပြည်နယ် ရဲတပ်ဖွဲ့မှူး ခရိတ်စတုန်း၏ အတည်ပြုမှုအရ ကားမောင်းသူမှာ ကားထဲမှထွက်လာပြီးနောက်တွင် အနီးရှိလူများအား ဓားကြီးတစ်ချောင်းဖြင့် လိုက်ထိုးခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားချိန်တွင် အနီးနား၌ ရောက်ရှိနေခဲ့သော ရဲတပ်ဖွဲ့ဝင်တစ်ဦးက အသေပစ်ခတ် ဖမ်းဆီးခဲ့ပြီး ထိုရဲတပ်ဖွဲ့ဝင်မှာ ၂၀၁၅ ခုနှစ်မှ စတင်ကာ အိုးဟိုင်းအိုးပြည်နယ် တက္ကသိုလ် လုံခြုံရေးရဲအဖြစ် တာဝန်ထမ်းဆောင်နေခဲ့သူ အလန်ဟော်ရှူဂျီဟု သက်ဆိုင်ရာမှ အတည်ပြုထားသည်။



တက္ကသိုလ်ထဲရှိ လုံခြုံရေးကင်မရာမှတ်တမ်းအရ အလီအာတန်မှာ တစ်ဦးတည်းရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး အခြားသူ များပါဝင်ခဲ့ခြင်းမရှိဟု သိရသည်။

Ref ; BBC

လော်ရီး




### အစိုးရအဖွဲ့အတွင်း ထိခိုက်မှုအနည်းဆုံးဖြစ်မည့် နည်းလမ်းရှာဖွေပြီးလျှင် နုတ်ထွက်မည်ဟု

# တောင်ကိုရီးယားသမ္မတ ပါ့ခ်ဂျင်ဟေး ကတိပေး



ရာထူးမှ နုတ်ထွက်ပေးရန် ဖိအားပေးခံနေရသော တောင်ကိုရီးယားသမ္မတ ပါ့ခ်ဂျင်ဟေးက မိမိရာထူးမှ ဆင်းပေးရန်အတွက် နည်းလမ်းရှာဖွေပေးရန် လွှတ်တော်ထံသို့ အကူအညီတောင်းခံထားကြောင်း သိရသည်။ ပါ့ခ်ဂျင်ဟေးမှာ အရင်းနှီးဆုံး မိတ်ဆွေအား နိုင်ငံရေးနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက် များချမှတ်ရာတွင် လုပ်ပိုင်ခွင့်ပေးခဲ့မိခြင်းအတွက် ရာထူးမှ နုတ်ထွက်ရန် ဖိအားပေးခံ နေရသူဖြစ်သည်။ မိမိအနေဖြင့် မိမိအနာဂတ်နှင့် သမ္မတသက်တမ်းလျှော့ချရန်အတွက် လွှတ်တော်ထံသို့ ကိစ္စအဝဝကို လွှဲအပ်သွားမည်ဟု ပြောခဲ့သည်။

ပြဿနာများဖြစ်ပွားခဲ့ပြီးနောက် တတိယမြောက်အကြိမ်အဖြစ် ထုတ်လွှင့်ခဲ့သည့် ပြောကြားမှုတွင် ပါ့ခ်ဂျင်ဟေးက ဥပဒေပြုသူများဘက်မှ အစိုးရအဖွဲ့ မငြိမ်မသက်မှုနှင့် အာဏာလစ်လပ်မှုများကို အနည်းဆုံးဖြစ်စေနိုင်မည့် နည်းလမ်း ရှာဖွေပြီးသည်နှင့် တစ်ပြိုင်နက် သမ္မတရာထူးမှ နုတ်ထွက်ပေးမည်ဟု ပြောခဲ့သည်။ ပထမနှင့် ဒုတိယအကြိမ်ပြောကြားခဲ့မှုများကမူ ပါ့ခ်ဂျင်ဟေးက စိတ်နှလုံး ကွဲကြေရကြောင်း ပြောခဲ့သော်လည်း ရာထူးမှ ဆင်းပေးရန်ကိုမူ ငြင်းဆိုခဲ့သေးသည်။ သမ္မတပါ့ခ်ဂျင်ဟေး၏ မိတ်ဆွေချိုင်ဆွန်ဆီမှာ ဖမ်းဆီးထိန်းသိမ်းခံထားရကာ မြောက်များစွာသော အမှုတွဲများကို ရင်ဆိုင်ရမည်ဖြစ်သည်။

ချိုင်ဆွန်ဆီမှာ ပါ့ခ်ဂျင်ဟေးနှင့် ရင်းနှီးမှုကို အသုံးချကာ သူမတည်ထောင်ထားသော အဖွဲ့အစည်းများအတွက် လှူဒါန်းမှုများ ပြုလုပ်ရန် စီစဉ်ဖန်တီးခဲ့သူဖြစ်သည်။ စုံစမ်းစစ်ဆေးသူများက အဆိုပါ ဖြစ်ရပ်များအတွင်း သမ္မတပါ့ခ်ဂျင်ဟေးကလည်း ပါ ဝင်နေနိုင်ကြောင်း ကောက်ချက်ချထားကြသည်။

Ref ; BBC

လော်ရီး

# အီတလီနိုင်ငံအတွင်း ရွှေ့ပြောင်းလုပ်သားများ ဝင်ရောက်မှု ၂၀၁၆အတွင်း စံချိန်တင်များပြားလာ



မြောက်အာဖရိကကိုက်မှ အီတလီနိုင်ငံအတွင်း ဝင်ရောက်နေသော ရွှေ့ပြောင်းလုပ်သားများ၏ အရေအတွက်မှာ လက်ရှိအချိန်တွင် အမြင့်မားဆုံးသော အနေအထားသို့ ရောက်ရှိနေကြောင်း သိရသည်။ ယခုနှစ်အတွင်း ရွှေ့ပြောင်းလုပ်သားများဝင် ရောက်မှု စုစုပေါင်းမှာ (၁၇၁,၀၀၀) ဦးအထိ ရှိလာခဲ့ပြီဖြစ်ရာပြီးခဲ့သည့် ၂၀၁၄ ခုနှစ်၌ စံချိန်တင်မြင့်မားခဲ့သော (၁၇၀,၁၀၀)ကိုပင် ကျော်လွန်သွားခဲ့ကြောင်း တွေ့ရှိရသည်။ ယခုနှစ်အတွင်း မက်ဒီတာရေးနီးယန်းပင်လယ်ကို ဖြတ်ကျော်ကာ အီတလီနိုင်ငံသို့လာ ရောက်ရန် ကြိုးစားသူများအနက် (၄၆၉၀)ဦးခန့်မှာ သေဆုံး သို့မဟုတ် ပျောက်ဆုံးခဲ့ကြရပြီး ထိုပမာဏမှာလည်း ယခင်နှစ်များမှ သေဆုံး သို့မဟုတ် ပျောက်ဆုံးပမာဏထက် မြင့်မားကာ စံချိန်တင်ပမာဏဟု သိရသည်။

အီတလီသို့ ယခုနှစ်ရောက်ရှိလာခဲ့သော ရွှေ့ပြောင်းလုပ်သားအများစုမှာ အာဖရိကနိုင်ငံများမှ ဖြစ်ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ အတည်ပြုမှုအရ နိုင်ဂျီးရီးယားနိုင်ငံမှ (၃၆,၀၀၀) ဦး၊ အဲရစ်ထရီယာနိုင်ငံမှ (၂၀,၀၀၀) ဦးနှင့် ဂူနီအာနိုင်ငံမှ (၁၂,၀၀၀)ဦး တို့ ပါဝင်လျက်ရှိသည်။ ယင်းတို့မှာ မြောက်ဘက်ပိုင်းရှိ ဂျာမနီနိုင်ငံနှင့် ဆွီဒင်နိုင်ငံများ သို့လည်း ဆက်လက် ခရီးဆက်ကြသည်များလည်း ရှိသည်။ ပြီးခဲ့သည့် မတ်လအတွင်း တူရကီအစိုးရနှင့် ဥရောပယူနီယံတို့ သဘောတူညီမှုရယူကာဘယ်လ်ကန်ဒေသနှင့် ဂရိနိုင်ငံများရှိ ရွှေ့ပြောင်းလုပ်သားများဝင်ရောက်သည့်လမ်းကြောင်းများကို ပိတ်ဆို့လိုက်သောကြောင့် အီတလီဘက်သို့ ပိုမို ဦးတည်လာကြခြင်းဖြစ်သည်။ ၂၀၁၅ ခုနှစ် တစ်နှစ်ထဲမှာပင် တူရကီနိုင်ငံမှတစ်ဆင့် ဥရောပတိုက်အတွင်းသို့ ရွှေ့ပြောင်းလုပ်သား တစ်သန်းကျော် ဝင်ရောက်ခဲ့ကြသည်။

ပြီးခဲ့သည့် တနင်္လာနေ့ကလည်း လှေအကြီးစား(၁၁)စင်းနှင့် လှေအသေးနှစ်စီးဖြင့် လိုက်ပါလာသော ရွှေ့ပြောင်းလုပ်သား (၁၄၀၀)တို့အား အီတလီ ရေတပ်မှ ကယ်တင်ပေးခဲ့ရကြောင်း သိရသည်။

Ref ; BBC

လော်ရီး

www.free4reader.com

Bullet Media

# Bullet News Journal

အတွဲ (၁)၊ အမှတ် (၂၂)

ဘုလက်ကျည်ဆန်ကင်းဝေးဖို့ ငြိမ်းချမ်းရေးကိုရှေးရှုစို့

၁၃၇၇ ခုနှစ်၊ နတ်တော်လဆန်း (၂)ရက် (၁ - ၁၂ -၂၀၁၅) ကြာသပတေးနေ့တိုင်းထုတ်ဝေသည်

## ပြန်မှာ့နိုင်ငံရေးနှင့် ငြိမ်းချမ်းရေး ဒီမိုကရေစီ

ဘဂျမ်း စာ - ၁၄ သို့ ➤



## ၂၀၂၀ အတွက် ပါတီ အစိုးရ လွှတ်တော် ကိုယ်စားလှယ်တွေကို ပြုပြင်ပြောင်းလဲရဦးမယ့် NLD

တက်ခေတ်လူ စာ - ၁၈ သို့ ➤



## ဝန်းရံသူတို့ အကြောင်း

လင်းရောင်နီ(မအူပင်)

စာ - ၂၅ သို့ ➤



## သေဘာ့တွဲနှင့်နတ်ရုပ် ဘကြီးအောင် ညာတယ်

သောင်းလွင်ဟိန်း စာ - ၇ သို့ ➤

www.free4reader.com

အကြမ်းဖက်သောင်းကျန်းသူအဆင့်သာဖြစ်ပါတယ်။ အစိုးရနဲ့တပ်မတော်ဟာ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးဖို့ အဓိကတာဝန်ရှိပါတယ်။ ပြည်သူလူထု အေးအေး ချမ်းချမ်းမနေနိုင်အောင် လာနှောင့်ယှက်တိုက်ခိုက်သူ မည်သူမဆို ကုလားဖြစ်စေ၊ တရုတ်ဖြစ်စေ၊ ကချင်ဖြစ်စေ၊ ဗမာဖြစ်စေ ချေမှုန်းပစ်ရမှာဖြစ်ပါတယ်။ **အကြမ်းဖက်သောင်းကျန်းသူဟာ တိုင်းရင်းသားဖြစ်လို့ ပြည်သူလူထုကို သတ်ဖြတ်ပါစေ ခွင့်လွှတ်လို့မရပါဘူး။နယ်စပ်မှာနေပါစေ၊ မူဆယ်ကိုလာတိုက်မှ ပြန်တိုက်တာပေါ့၊ လိုင်ဇာမှာနေပါစေ မြစ်ကြီးနားလာတိုက်မှ ပြန်တိုက်တာပေါ့ဆိုရင်တော့** မူဆယ်ပြည်သူလူထု၊ မြစ်ကြီးနားပြည်သူလူထုအပေါ် တာဝန်မကျေရာ ကျပါလိမ့်မယ်။ ဘယ်သူတွေဟာ ငြိမ်းချမ်းရေးမလိုချင်သူတွေလဲဆိုတာ အမည်အတိအကျတပ်ပြီး ကြော်ငြာကပ်ရမယ့် အချိန်ရောက်နေပါပြီ။

လွန်ခဲ့တဲ့ အနှစ်သုံးဆယ်က ဗကပ နိဂုံးဖြစ်ခဲ့ရသလို ကြီးကျယ်တဲ့ တန်ပြန်ထိုးစစ်ကြီးနဲ့ ကေအိုင်အေနိဂုံးဖြစ်အောင် လုပ်မလား။ ကေအိုင်အေ မျှော်လင့်တွက်ချက်ထားသလို ကျည်ကာ အကာအကွယ် မျိုးစုံခြံရံပြီး အပြစ်မဲ့ ပြည်သူလူထုတွေရဲ့ အသက်သွေးတွေ











၁၉၈၀ ခုနှစ် နိုဝင်ဘာလ၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်၊ ဒီလို အချိန်မှာပဲ ရှမ်းအရှေ့မြောက်မှာ ဗကပရဲ့ စီစီဝမ်တာပန်ဒေသထိုးစစ်ကြီးကြောင့် ရှမ်း တောင်-မြောက် နယ်စပ်တစ်လျှောက်လုံး တိုက်ပွဲသံတွေ လပေါင်းများစွာ ဆူညံပွက်ခဲ့ရတယ်။ တပ်မတော်ရဲ့ တန်ပြန်ထိုးစစ်ဒဏ်ကြောင့် ဗကပရဲ့ နယ်စပ် မြို့ဖြစ်တဲ့ ပန်ဆိုင်း(ကြူကုတ်)ကိုပါ လက်လွှတ်ဆုံးရှုံး ထွက်ပြေးခဲ့ရတယ်။

စီစီဝမ်တာပန်ဒေသ ထိုးစစ်ဟာ ဗကပနိဂုံးလို့တောင် သမိုင်းဆရာတွေက သုံးသပ်ကြတယ်။ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံအရေး သုံးပါးစလုံး ႏ အကြီးအကျယ် ဆုံးရှုံးသွားခဲ့ရတဲ့ပွဲဖြစ်တယ်။ စီးပွားရေးအရ နယ်စပ် အခွန်အကောက်လမ်းကြောင်းကြီးကို စွန့်လွှတ်ခဲ့ရသလို စစ်ရေးအရရှေ့ဆုံး ကနေ အလောင်းချင်းထပ် အသေခံခဲ့ကြရတဲ့ 'ဝ'၊ ကိုးကန့် တိုင်းရင်းသားတွေရဲ့ မကျေနပ်စိတ် တွေ ပိုပြင်းထန်လာစေခဲ့တယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေအပေါ်မှာ နဂိုကတည်းက တဖြည်းဖြည်းကျဆင်းနေတဲ့ ဗကပရဲ့ နိုင်ငံရေးသြဇာဟာ ဘယ်လိုမှ အဖတ်ဆယ်မရအောင်ဖြစ်သွား တော့တယ်။

တိုက်တိုက်ဆိုင်ဆိုင် အခု နှစ်ပေါင်းသုံးဆယ်အကြာ ၂၀၁၆ နိုဝင်ဘာမှာပဲ ကေအိုင်အေ ဦးဆောင်တဲ့ TNLA,AA, MNDAA တပ်ဖွဲ့တွေ ရှမ်းအရှေ့မြောက်ဒေသမှာပဲ တစ်ချိန်က ဗကပ တွေလို စစ်သံတွေဆူညံအောင် အစပျိုးလာခဲ့ပါတယ်။ ဗကပရဲ့ တစ်ဝက်လောက်

# KIA သမိုင်းနိဂုံးလား ဒီရေမြင့်သစ် နိဒါန်းလား

စစ်ငြိမ်း



တောင် မမှာပေမယ့်နိုင်ငံတကာ အမည်ခံ INGO တွေ၊ ဘာသာရေး အသင်းအဖွဲ့အမည်ခံကူညီထောက်ပံ့ နေသူတွေ၊ **ဒီမိုကရေစီလူ့အခွင့်အရေး၊ တိုင်းရင်းသား လူနည်းစုဆိုတဲ့ အရေခြုံစရာ ကျည်ကာအင်္ကျီတွေ အပြင် စစ်ရေးနဲ့မဖြေရှင်းလိုတဲ့ ဒီမိုကရေစီအစိုးရဆိုတဲ့ အကာအကွယ် တံတိုင်းကိုလည်း အားကိုးထားပုံရပါတယ်။** တကယ်တော့ သမိုင်းတပတ်လည် ဆိုသလို ဗကပပုံစံအတိုင်း ကေအိုင်အေသမိုင်းနိဂုံး ကို လာရေးပေးတာဖြစ်ပါတယ်။

ဗကပထက် ဆိုးတာက တပ်စခန်း တွေကို အကျအဆုံးများစွာနဲ့ ကျားကုပ် ကျားခဲတိုက်တာ မဟုတ်ဘဲ လက်နက် မရှိတဲ့ **အပြစ်မဲ့ပြည်သူလူထုရဲ့ အသက် အိုးအိမ်စည်းစိမ်တွေကို ခြိမ်းခြောက်တာ၊ သတ်ဖြတ်တာတွေကို လုပ်လာတာပါပဲ။ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ ၁၀၅မိုင် ကုန်သွယ်ရေးဇုန်ကို တိုက်ခိုက်တာ၊ ဝမ်းရေးအတွက် သက်စွန့်ဆံဖျား သွားလာ နေရတဲ့ ကားသမားတွေကို ပစ်သတ်တာ၊ လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမ ကြီးကို ဖျက်ဆီးတာတွေဟာ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့လို့ သတ်မှတ်လို့ မရတော့ပါဘူး။**

ဆက်လက်ပေးဆက်ပြီး သူ တည် ဆောက်လိုတဲ့ စစ်ရေးနိုင်ငံရေး စီးပွားရေးအင်အားသြဇာကြီးမား လာအောင် စိတ်ကြိုက်လုပ်ခွင့် ရသွားမလား။

အစိုးရနဲ့ တပ်မတော် ရွေးချယ်သွားမယ့် လမ်းကြောင်း ကို ရှမ်းအရှေ့မြောက် ပြည်သူ လူထုသာမက တစ်နိုင်ငံလုံးက ပြည်သူလူထုတွေကပါ စိတ်ဝင် စားစွာနဲ့ စောင့်ကြည့်နေကြပါ တယ်။

www.free4reader.com